www.burmeseclassic.com

# ဝေဖျူးမြူ

ကဗျာ

## မှင်းခဲ

(ဆုံးဖြတ်ချက်ရေးသမ်း)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်များ—

၁။ လဆွဲအားနဲ့မိန်းမ
၂။ အဆင့်မြင့်ချည်တိုင်
၃။ အနေ့းသွားလွှန်းပျံယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ
၇။ သံယောဇဉ်ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ကြယ်
၁၀။ ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့ မြားအကြောင်း
၁၁။ စက္ကူပြန်းတွေရဲ့သီချင်း
၁၂။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ

## ယခု—

၁၃။ အခန်းဆက်နှင်းဆီ

## ဆက်လက်၍—

၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၆။ အဆောင်သူအတွက်. . .

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၀၀၅၀၂
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၈၀၅၀၅
ပုံနှိပ်ထုတ်ဝေသည့်ကာလ - ၂၀၀၅ ၊ ဇွန်လ
အုပ်ရေ - ၁၀၀၀ အုပ်
အတွင်းဖလင် - ကိုဦး
စီစဉ်သူ - အောင်နိုင် (ရွှေအိမ်မှူး)

ထုတ်ဝေသူ

ဦးသန်းဆွေ (စစ်သည်တော်စာပေ)
၁၁၃၀/က၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်။

အတွင်းနှင့်မျက်နှာဖုံး ပုံနှိပ်သူ

ဦးတင်အောင်ကျော် (ဖွယ်တော်ပုံနှိပ်တိုက်)၊ (၀၇၀၅၃)
အမှတ် (၈၇)၊ (၅၆) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

နေမျိုးဆေး

ဖြန့်ချိရေး

ရွှေအိမ်မှူးစာပေ
အမှတ် (၂၂၁)၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၄၉၂၇

တန်ဖိုး- ၈၀၀ ကျပ်


# အ ခ န်း ဆ က် နှ င်း ဆီ

## ဝေမှူးသွင်

ဖြန့်ချိရေး

ရွှေအိမ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ငါ့ရဲ့ညတွေထဲမှာ

ဂီတဟာ တစ္ဆေလို ခြောက်လှန့်နေရဲ့

မင်းကရော

ဘယ်လို စွဲမက်ဖွယ်ရာ အမြစ်တွယ်ပြဦးမှာလဲ။

## အခန်း (၁)

မီးခိုးငွေ့များ ကောင်းကင်ပေါ်သို့ တလွင့်လွင့်တက်သွားပုံကို သူငေးကြည့်နေ၏။ နွေဦးညတွေက ဇကာရာများကို ကျောပိုးလွယ်ထားဆဲ။ လခြမ်းကွေးကွေးလေးသည် တိမ်တွေကြားထဲတွင် မြုပ်လိုက်ပေါ်လိုက် ဖြစ်နေပြီး မီးခိုးငွေ့များကလည်း လဆီမရောက်မီ လွင့်ကွယ်သွားကြသည်။

သစ်ရွက်ဟောင်းများကိုနင်းပြီး သူ့ထံ တစ်စုံတစ်ယောက်က လမ်းလျှောက်လာနေသည်။ "ချွတ်. . . ချွတ်. . . ချွတ်. . . ချွတ်"ဆိုသည့် ခြေသံကို သူ နားစွင့်နေ၏။ သို့သော် လှည့်တော့မကြည့်။ ခြေသံရှင်သည် သူနှင့် မလှမ်းမကမ်း နေရာတွင် ရပ်သွားသည်။

"မိုးဆက်"

www.burmeseclassic.com

www.burmeseclassic.com



အသံက ညထဲတွင် ကြည်လင်ပြတ်သားလွန်း၏။ သူသည် အသံရှင်ကို ခေါင်းငုံ၍ ကြည့်လိုက်ပါသည်။

"ပြောစရာရှိလို့လား ကိုအောင်သူ"

"မင်း အိပ်သင့်ပြီ၊ မနက်ဖြန် Blazon မှာ လက်မှတ်ထိုး ရမယ်၊ သီချင်းဆိုရမယ်၊ အဲဒါ အားမွေးထားဖို့လိုတယ်၊ ဒီအချိန် အိပ်ဖို့ ကောင်းပြီ"

သူ အနည်းငယ်ပြုံးမိသွား၏။

"ခင်ဗျားက အခုလိုကျတော့လည်း မန်နေဂျာကောင်း တစ်ယောက် ပီသသားပဲ၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ အခု ကျွန်တော် အိပ်မရသေးဘူး"

"ဘာဖြစ်လို့လဲ"

ကိုအောင်သူ၏ စိတ်ပူပင်တစားမေးခွန်းကို သူ ချက်ချင်း မဖြေသေးဘဲ တစ်ဖက်ခြံမှ မီးနီးငွေ့တွေကို ကြည့်နေပြန်သည်။ ပြီးတော့ သက်ပြင်းကို ခပ်ပြင်းပြင်းချလိုက်သည်။

"ကျွန်တော် မေမေ့ကို သတိရလို့. . ."

မိုးဆက်စကားကြောင့် ကိုအောင်သူ စိတ်မကောင်းဖြစ်သွားဟန်တူ၏။ ကိုအောင်သူသည် မိုးဆက်ကို စကားလမ်းကြောင်းလွှဲပေးဖို့ စဉ်းစားလိုက်၏။

"မနက်ဖြန်ထွက်မယ့် မင်းအခွေကို လူတွေ တော်တော် စိတ်ဝင်စားနေကြတယ်၊ စာနယ်ဇင်းတွေ အစုံ ဖိတ်ထားပြီးသား၊



အင်တာဗျူးလုပ်ရင် မင်းကို ပထမအခွေထက် ကျော်မလား၊ မကျော်ဘူးလား မေးကြလိမ့်မယ်၊ အဲဒါစကားမမှားစေနဲ့နော်"

"ကိုအောင်သူ"

သူတို့နှစ်ယောက်ကြားတွင် အကြည့်များက မမျှော်လင့်ဘဲ အားပြိုင်သွားကြပြီး တိတ်ဆိတ်ခြင်းက ကြီးစိုးနေ၏။ မိုးဆက်သည် ထိုအခြေအနေမှ ရုတ်တရက် ရယ်ချလိုက်ပါသည်။

"ကိုအောင်သူ စိတ်ပူမနေပါနဲ့ဗျာ၊ ကျွန်တော် ခဏနေရင် အိပ်မယ် ဟုတ်ပြီလား၊ အခုလောလောဆယ်တော့ မေမေ့ကို ခဏ လောက် လွမ်းချင်လို့ပါ၊ Please ဗျာ နော်"

ကိုအောင်သူက မိုးဆက်ကို သေချာစိုက်ကြည့်နေရင်းမှ ခေါင်းတစ်ချက် ညိတ်ပြရင်း အိမ်ဖက်သို့ ပြန်လှည့်သွား၏။

သူသည် မျက်လုံးများကို စုံမှိတ်ပစ်လိုက်၏။

မေမေရယ်. . .

သားကို အဝေးကြီးမှာ ဘာဖြစ်လို့ ထားရစ်ခဲ့ရတာလဲ။ မနက်ဖြန်လို အချိန်မျိုးမှာ မေမေသာ ဘေးနားမှာရှိရင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ။

မိုးဆက်စဉ်းစားရင်းနှင့် မျက်ရည်ဝဲလာမိသည်။ မေမေ သည် သူ့ရဲ့ အဆိုတော်တစ်ယောက် ဘဝကို ကန့်ကွက်မှာလား။ ဒါမှ မဟုတ် သဘောတူ ထောက်ခံမှာလား။ ဖေဖေ့လိုပဲ တစ်ဖက်ကို သဘောမတူဘဲ တစ်ဝက်ကိုပဲ သဘောတူမှာလား။ သူသည် မေမေ့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို ဘာမှမသိရ။

မေမေက မိုးဆက် ခြောက်နှစ်သားအရွယ်ကတည်းက မြန်မာပြည်က အင်္ဂလန်ကို ထွက်သွားခဲ့တာ ဖြစ်သည်။ ပြန်စဉ်းစားရင်း မေမေ့ကို ပုံဖော်ကြည့်တော့ အပြုံးချိုချိုနှင့် ကျက်သရေရှိသော မေမေ့ မျက်နှာကို ဝေဝါးဝါးသာ မှတ်မိ၏။

ဒီကမ္ဘာပေါ်က ဘယ်လိုကြီးကျယ်ခမ်းနားတဲ့လူပဲဖြစ်ဖြစ် အမေ့ရင်ခွင်မှာ ခေါင်းငွေ့ပြီး အမေ့ရဲ့ အကြင်နာတွေကို ကလေးတစ်ယောက်လို တောင့်တလိုချင်မှာပဲ။

ရုတ်တရက် မိုးဆက် အတွေးများသည် မနက်ဖြန်ဆိုသည့် အကြောင်းအရာကို စဉ်းစားမိသွား၏။ မနက်ဖြန်သည် မိုးဆက် အတွက် အရေးကြီးသည်။ ဒုတိယအယ်လ်ဘမ်ထဲက သီချင်းတွေ အတွက်၊ သူ့ရဲ့ တစ်ယောက်တည်း အဖော်မဲ့ညတွေ အတွက်၊ အဝေးကြီး ရောက်နေတဲ့ မေမေအတွက် သူ ကြိုးစားခဲ့ရသမျှကို ပရိသတ်က ဘယ်လိုတုံ့ပြန်မှာပါလိမ့်။

မိုးဆက်သည် ယောက်ယက်ခတ်နေသော စိတ်ကို တည်ငြိမ်အောင် ပြန်ထိန်းနေရ၏။ မနက်ဖြန်သည် သူ့အတွက် စိတ်လှုပ်ရှားစရာ ဖြစ်နေသည်။

ညထဲတွင် မြောက်ပြန်လေက ဖြတ်တိုက်သွားသည်။ သူ အနည်းငယ် ပေါ့ပါးလန်းဆန်းသွားပါသည်။ အိပ်ချင်စိတ်က ပို၍ ဝေးသွား၏။ အိတ်ထဲမှ ငါးသုံးလုံး စီးကရက်ဘူးကို ထုတ်လိုက်ပြီး



စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ သူ စီးကရက်မသောက်တာ ကြာပြီ ဖြစ်သည်။ တိတိကျကျ ပြောရလျှင် ငါးနှစ်ရှိပြီ။ မနက်တုန်းက ဒီစီးကရက်ဘူးကို ငယ်သူငယ်ချင်းကိုဦးက အရင်လိုပဲ မှတ်ပြီး အတင်းပေးသွားတာ။ ကိုဦးက ပြီးခဲ့တဲ့ အပတ်တုန်းကမှ အမေရိကားက ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

မိုးဆက်သည် စီးကရက်မီးခိုးငွေ့တွေကို လေထဲသို့ မှုတ်ထုတ်ပစ်လိုက်၏။ ပြီးတော့ သူသည် လက်ထဲက ငါးသုံးလုံး စီးကရက်ဘူးကို တစ်ချက်စိုက်ကြည့်လိုက်ပြန်သည်။ သူ့ကို 'မိုး'ဟု ခေါ်တတ်သော တစ်ချိန်တုန်းက ကောင်မလေးတစ်ယောက်ကို သူသတိရသွား၏။

စန္ဒီ။ အခုတော့ မင်းတစ်ယောက် ဘယ်ဘဝတွေရောက်နေပြီလဲ။ အသက်ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ်တွေ ဘယ်လောက်များခြားနားနေပြီလဲ။

စန္ဒီသည် အခုထိ သူ့ရဲ့ ရင်ခုန်သံများကို ထိန်းချုပ်ထားနိုင်ဆဲ။ ငါးသုံးလုံး စီးကရက်များသည် တစ်ချိန်တုန်းက သူတို့နှစ်ယောက်ကြားတွင် အမှတ်တရတွေ ဖြစ်ခဲ့ဖူးသည်။ သူမသည် အခုလို သူ့ရဲ့ ပါးစပ်က မှုတ်ထုတ်လိုက်တဲ့ စီးကရက်မီးခိုးငွေ့တွေကို အရမ်းသဘောကျခဲ့ဖူးသည်။

မိုးဆက်သည် သူမ၏ နှုတ်ခမ်းတွေကို လွမ်းလာလေသည်။ နှင်းဆီပန်းတွေနှင့် သူမ၏ နှုတ်ခမ်းတွေအကြောင်းကို မိုးဆက်က 'အခန်းဆက်နှင်းဆီ' ဆိုသော သီချင်းတစ်ပုဒ် ရေးခဲ့၏။ ထိုသီချင်း

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ကို နာမည်ကြီး အဆိုတော် ဖြစ်စေခဲ့သည့် သီချင်းတစ်ပုဒ်လည်း ဖြစ်ပါသည်။

ညသည် ပို၍ နက်လာ၏။ သူရော ကိုအောင်သူပါ ဒီည Studio ခြံထဲတွင် အိပ်ဖို့ သဘောတူထားသည်။ သူက စီးကရက်သုံးလိပ်ကို မီးကူး၍ သောက်ပစ်ခဲ့သည်။ မသောက်တာကြာလို့လားတော့ မပြောတတ်။ စီးကရက်တွေက အရမ်းသောက်လို့ကောင်းနေသည်။ သူသည် သုံးလိပ်မြောက် စီးကရက်ကို ကုန်ခါနီးတွင် ဖုတ်နံရံ၌ ထိုးခြေ ၍ မီးငြိမ်းသတ်လိုက်၏။

မနက်ဖြန်အတွက် အိပ်ရာဝင်သင့်ပြီ။

သို့သော် အိပ်၍ရမည်မဟုတ်မှန်းလည်း သူကြိုသိနေ၏။ အိပ်မပျော်ဘဲ သူ အတွေးတွေထဲမှာ တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေတော့သည်။ မနက်ဖြန် ထွက်မည့် သူ့ရဲ့ ဒုတိယ စီးရီးခွေ၊ မေမေ၊ ကိုအောင်သူ စီစဉ်ထားတဲ့ သူနဲ့ ပရိသတ်ရဲ့ တွေ့ဆုံပွဲ၊ သွယ်ဆိုသောကောင်မလေးနှင့် ဒီဇင်ဘာညများ၊ တစ်ခါတုန်းက စန္ဒီ. . . အားလုံးသည် မိုးဆက် မှတ်ဉာဏ်ထဲတွင် ရောထွေးနေ၏။ နာရီလက်တံသည် ည (၁၂) နာရီကျော်နေပြီဟု ညွှန်ပြနေသည်။

သူ မအိပ်ချင်သေးသော်လည်း အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိပ်မပျော်သော်လည်း သူမျက်စိမှိတ်ထားခဲ့သည်။

ဘဝသည် တစ်ခါတစ်ရံ မလိုအပ်ဘဲ မျက်စိမှိတ်ထားတတ်ရပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၂)

Blazon...။

မနက် (၁၀) နာရီခွဲပြီ။

နေရာတကာမှာ မိုးဆက် မရောက်သေးဘူးလား ဆိုသည့်မေးခွန်းတွေကို ကြားနေရသည်။ မူလက (၁၀) နာရီအတိမှာ မိုးဆက်လက်မှတ်ထိုးပေးမည်ဟု ကြေညာထားသော်လည်း အခုထိ မိုးဆက်က ရောက်မလာသေး။ ကိုအောင်သူသည် ပရိသတ်နှင့် စာနယ်ဇင်းသမားများကို တောင်းပန်လိုက်၊ မိုးဆက်ရဲ့ ဟန်းဖုန်းကို လှမ်းခေါ်လိုက်နှင့် အလုပ်ရှုပ်နေ၏။

"ကိုအောင်သူ မိုးဆက် မရောက်သေးဘူးလား"

လှည့်ကြည့်လိုက်တော့ ပြဿနာရှာတဲ့နေရာမှာ နာမည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သော အလွတ် စာနယ်ဇင်းသမား တစ်ဦးကို တွေ့ရ၏။ ဒီပုဂ္ဂိုလ်နဲ့က စကားပြောဆင်ခြင်ရသည်။ မဟုတ်လို့ကတော့ ဂျာနယ်စာမျက်နှာတွေပေါ်မှာ ဖွပြီပဲ။

"မရောက်သေးဘူးဗျ၊ သူ့ ဖုန်းကလည်း ပိတ်ထားတယ်၊ မနက်တုန်းကပြောတော့ (၉) နာရီခွဲ အရောက်လာခဲ့မယ် ပြောပြီး ဘယ်လို ဖြစ်နေပြန်လဲ မသိဘူးဗျာ၊ ကားယာဉ်ကြောတွေများ ပိတ်မိနေသလား မသိဘူး၊ ဒီအချိန်က ရုံးတက်ချိန်ဆိုတော့. . ."

ကိုအောင်သူပြော၍ မပြီးခင် စာနယ်ဇင်းသမားက ဖြတ်ပြောလိုက်သည်။

"ရုံးတက်ချိန်က ကျော်နေပါပြီဗျာ၊ (၁၀) နာရီတောင်ခွဲနေပြီ"

ကိုအောင်သူ အနည်းငယ် ဒေါသဖြစ်သွားသော်လည်း သူပြောတာ ဟုတ်နေသည်မို့ ငြိမ်နေလိုက်ရသည်။ ပရိသတ်ကလည်း Blazon သုံးထပ်စလုံးမှာ ပြည့်လျှံနေ၏။ ချာတိတ်တွေ၊ ချာတိတ်မတွေချည်းပဲ လူနှစ်ထောင်လောက်ရှိလိမ့်မည်။ တိတ်ခွေတွေကို ကောင်တာတွေမှာ မနက် (၉) နာရီကတည်းက စရောင်းဖို့ ပြောပြီးသား။ စက်တွေကလည်း အဆင်သင့်၊ Band ကလည်း အဆင်သင့်။ DJ ကလည်း အဆင်သင့်။ တချို့ကလည်း မိုးဆက်၏ ပထမခွေထဲက အောင်မြင်သော သီချင်းတစ်ပုဒ်ဖြစ်သည့် 'အခန်းဆက်နှင်းဆီ' သီချင်း၏ CHO: ပိုဒ်ကို သံပြိုင်ဆိုနေကြ၏။



မိုးဆက်ဆီမှ အဆက်အသွယ် လုံးဝမရသေး၍ ကိုအောင်သူ စဉ်းစားရခက်နေ၏။ မိုးဆက်ရဲ့ မန်နေဂျာက မိုးဆက် ဘယ်မှာလဲ ဆိုသည့် မေးခွန်းကို အခုလိုအချိန်မှာ မဖြေနိုင်တာ တော်တော်ဆိုးဝါးပါသည်။

အချိန်တွေက တရွေ့ရွေ့ ကုန်ဆုံးလာ၏။ သို့သော် အခြေအနေက ထူးခြားမလာပါ။ လူတွေဆီမှ စိတ်ပျက်စွာ ညည်းညူသံများသည် Blazon အနှံ့ ဖြစ်ပေါ်လျက်ရှိ၏။

(၁၁) နာရီ၊ (၁၂) နာရီ။

ကိုအောင်သူသည် တစ်ခုခုကို ဆုံးဖြတ်ဖို့ လိုပြီဟု သဘောပေါက်လိုက်၏။ မိုးဆက် ရောက်မလာသည့် အကြောင်းအရင်းကို သူ မသိသော်လည်း လက်ရှိအခြေအနေပေါ် မူတည်ပြီး မိုးဆက်ရဲ့ မန်နေဂျာ တစ်ယောက်အနေနဲ့ သူ ဆက်လုပ်ရလိမ့်မည်။

Blazon သည် အသံများစွာဖြင့် ရှုပ်ထွေးဆူညံနေဆဲ။ လူတွေများလွန်းသဖြင့် Air Con တွေက မအေးတော့သလို ဖြစ်နေပြီး တချို့က ချွေးတွေ ရွှဲနေ၏။ မစောင့်နိုင်တော့၍ တစ်ယောက်စ၊ နှစ်ယောက်စ ပြန်သွားကြသည်မှ လွဲ၍ အားလုံးနီးပါးက ဇွဲကြီးစွာ စောင့်နေကြသည်။

နေ့လယ် (၁) နာရီထိုးပြီ။

ရုတ်တရက် Blazon တစ်ခုလုံး ခေတ္တမျှ ငြိမ်သွားပြီး ကြည်ကြည်အသံတစ်သံက ပေါ်ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြု၍ နားဆင်ပါ ခင်ဗျာ"

အားလုံး၏ စိတ်ဝင်စားမှုက ထိုအသံဆီသို့ ရောက်သွားကြသည်။

"ခင်ဗျားတို့ မျှော်လင့် စောင့်စားနေတဲ့ အဆိုတော် မိုးဆက်ဟာ ရုတ်တရက် ကျန်းမာရေးချို့ယွင်းသွားပါသဖြင့် လက်မှတ်ထိုးပေးဖို့ရော၊ သီချင်းဆိုဖို့ရော အစီအစဉ်များကို ဖျက်သိမ်းလိုက်ကြောင်း အသိပေး ကြေညာအပ်ပါတယ် ခင်ဗျာ၊ အားလုံးကို တောင်းပန်ပါတယ်"

ရုတ်ရုတ်သဲသဲနှင့် လူတွေဆီမှ ထင်မြင်ချက်မျိုးစုံကို ကြားရပြန်သည်။ တချို့ကလည်း ပြန်ဖို့ ပြင်ဆင်ကြ၏။ အစကတည်းက ပြဿနာလုပ်ဖို့ အကွက်ရှာနေသော ကျီးကန်းမျက်နှာနှင့် စာနယ်ဇင်းသမားက လက်ဖျစ်တစ်ချက်တီးပြီး ခေါင်းတညိတ်ညိတ် လုပ်၍ ထွက်သွားသည်။

Blazon အပြင်ဖက်မှာ လူတွေ ပြန့်ကျဲသွားသည်။ Taxi ကားတွေနှင့် ကိုယ်ပိုင်ကားတွေ ရှုပ်ထွေးရောနှောသွားကြပြီး ကားအဝင်အထွက် နေရာများတွင် ဟွန်းသံတွေ ဆူညံသွား၏။

မိုးဆက် ရုတ်တရက် ကျန်းမာရေးချို့ယွင်းသွားတယ် ဆိုသော ကိုအောင်သူ၏ ကြေညာချက်ကြောင့် လူတွေက မျိုးစုံ ခန့်မှန်းနေကြ၏။ ဘယ်သူက စပြောလိုက်သည် မသိဘဲ မိုးဆက် ကားအက်စီးဒင့် ဖြစ်လို့ဆိုသည့် ကောလာဟလသည် လတ်တလော ရေပန်းအစားဆုံး သတင်းဖြစ်သွား၏။



မိုးဆက် ဘယ်ရောက်နေသလဲ။

ဒီမေးခွန်းသည် ဘယ်သူမှ သေချာမဖြေနိုင်သော မေးခွန်းတစ်ခုပဲ ဖြစ်သည်။

ရှုပ်ယှက်ခတ်နေသော အကြောင်းအရာများသည် ရန်ကုန်မြို့အတွင်း ဥဒဟို ပြေးလွှားရောထွေးနေကြသည်။ Blazon သည် ရှုပ်ထွေးစွာ နေသားကျသွား၏။ နေ့စဉ်ထုတ် သတင်းစာများ၊ ပေ့ါယဉ်ကျေးမှု၏ ဝတ်စုံများ၊ အစိုးရရုံးများ၊ ဘတ်စ်ကားများ၊ ပုံနှိပ်ထားသော သံယောဇဉ်များ၊ ဟမ်ဘာဂါများ၊ စူပါမားကက်များ၊ ကျောပိုးအိတ်သေးသေးလေးနှင့် ကောင်မလေး သေးသေးလေးများ၊ ရုပ်ရှင်ပိုစတာများ၊ ရေသန့်ဘူးများ၊ အချစ်နှင့် အမုန်းကို လိုရာပြုနိုင်သော ရုပ်သေးခံစားမှုများ အားလုံးသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားပြောင်းလဲသွားကြသည်။

နောက်တစ်ပတ်ထုတ် ဂျာနယ်များတွင် မိုးဆက်ရောက်မလာသည့် Blazon အကြောင်း ဝေဝေဆာဆာ ပါလာတော့မည်ဟု တွေးကာ ကိုအောင်သူ ပြုံးမိ၏။

မိုးဆက်ဆိုတဲ့ကောင်က ဒီလိုပဲ။ ကြံဖန် နာမည်ကြီးတတ်တဲ့ကောင် မဟုတ်လား။ ဒါပေမဲ့ အခုချိန်အထိ အဆက်အသွယ် မရသေးတာကိုတော့ ကိုအောင်သူ နည်းနည်း စိတ်ပူမိသည်။

အဲဒီနေ့က ပရိသတ်တွေထဲမှာ တီရှပ်အဖြူပေါ်တွင် အနီ

www.burmeseclassic.com

www.burmeseclassic.com



ရောင် နှင်းဆီတစ်ပွင့်ပါသော ကောင်မလေးတစ်ယောက် ရှိနေကြောင်း ဘယ်သူမှ မသိခဲ့ပေ။

❖ ❖ ❖ ❖ ❖

## အခန်း (၃)

နောက်ဆုံးဂျာနယ်တစ်စောင်ကို နံရံဆီသို့ လုံးခြေပစ်ပေါက်လိုက်ပြီး မိုးဆက် တစ်ယောက်တည်း အားရပါးရ အော်ရယ်ပစ်လိုက်သည်။ ကြမ်းပြင်ပေါ်တွင် ဂျာနယ်လေး၊ ငါးစောင်ခန့်မှာ ပြန့်ကျဲနေ၏။

အရူးတွေ။ ဒီဂျာနယ်လစ်တွေက ထင်ရာလျှောက်ရေးနေကြတာ။ ဒါမှမဟုတ်လည်း တမင်ဖွပြီး လျှောက်ရေးထားတာပဲ။

ကြည့်ပါလား။ တစ်ယောက်ကလည်း ကားအက်စီဒင့် ဖြစ်လို့တဲ့။ တစ်ယောက်ကလည်း အသံပျောက်သွားလို့တဲ့။ တစ်ယောက်ကလည်း အမူးလွန်နေလို့တဲ့။ တချို့ကောင်တွေဆို ဂျာနယ်ဖြစ်အဆင့်ကို မဟုတ်။ နာမည်ကျော်တွေရဲ့ အတင်းအဖျင်းတွေကို အလု

www.burmeseclassic.com

www.burmeseclassic.com



အယက် ရေးနေသော အဝါရောင် ဂျာနယ်လစ် (သို့မဟုတ်) ပါပါရာဇီ အဆင့်မျှသာ ဖြစ်သည်။

မိုးဆက်က နှုတ်ခမ်းထောင့်စွန်းလေးကို မဲ့ကွေး၍ ပြန့်ကျဲနေသော ဂျာနယ်များကိုနင်းကာ ရေခဲသေတ္တာဆီသို့ လျှောက်သွား၏။ ပြီးတော့ ရေခဲသေတ္တာထဲမှ အအေးဆုံး ရေတစ်ဘူးကို အရှိန်ပြင်းစွာ မော့သောက်လိုက်သည်။ နှုတ်ခမ်းမှ လျှံကျလာသော ရေများကို လက်ခုံဖြင့် သုတ်လိုက်ပြီး ရေခဲသေတ္တာကို အရှိန်နှင့် ပြန်ပိတ်လိုက်ပါသည်။ ရေခဲသေတ္တာ တံခါးပိတ်သံသည် လိုအပ်သည်ထက် နည်းနည်း ပိုကျယ်သွားသည်။ ကိုအောင်သူက မိုးဆက်လုပ်သမျှကို ဘာမှ မပြောဘဲ လိုက်ကြည့်နေ၏။ အဲယားကွန်းစက်သံမှ တစ်ပါး အခန်းထဲတွင် တိတ်ဆိတ်နေသည်။ မိုးဆက်သည် ကိုအောင်သူနှင့် မျက်နှာချင်းဆိုင် တည့်တည့်တွင် ပြန်လာထိုင်ပါသည်။

"မိုးဆက်. . ."

ကိုအောင်သူ၏ အသံက တိုးတိတ်သော်လည်း ပီသ၏။

"ပြောဗျာ"

"မင်း ဘာဖြစ်နေသလဲ"

"ကျွန်တော် စိတ်ရှုပ်နေတယ်၊ ဂျာနယ်တွေကလည်း ဟိုရေးဒီရေးနဲ့၊ ပြီးတော့ ကျွန်တော် လူတွေနဲ့ တွေ့ရမှာ ကြောက်နေတယ်"

ကိုအောင်သူက ခပ်ဖွဖွ ပြုံးလေသည်။

"ဒီမှာ ဟောကောင် ငါပြောပြမယ်၊ မင်း Blazon မှာ လက်မှတ်



ထိုးဖို့ ပျက်ကွက်ခဲ့ပေမယ့် မင်းအခွေကတော့ အဲဒီနေ့မှာပဲ ထွက်သွားခဲ့ပြီးပြီ၊ ဒီနေ့နဲ့ ဆိုအခွေ ထွက်တာ လေးရက်ရှိပြီ၊ အခြေအနေက ကောင်းတယ်လို့ပဲ ပြောရမှာပေါ့၊ ဖြန့်ချိရေးက ကိုတိုးကြီးနဲ့ တွေ့တော့ တော်တော်သွားတယ်လို့ ပြောတာပဲ။ ဒီတော့ကွာ. . ."

ကိုအောင်သူက စကားကို ဆက်မပြောဘဲ ရပ်ပစ်လိုက် သဖြင့် မိုးဆက် အနည်းငယ် မချင့်မရဲ ဖြစ်သွား၏။

"ကိုအောင်သူ ဆက်ပြောလေဗျာ၊ ခင်ဗျားကလည်း"

"မင်း ဒီအတိုင်းကြီး ပုန်းမနေဘဲ မီဒီယာတွေ၊ စာနယ်ဇင်းတွေကို ထွက်တွေ့သင့်တယ်၊ ပြီးတော့ Blazon ကို ဘယ်လိုကြောင့် ရောက်မလာနိုင်သလဲ ဆိုတာကို ရှင်းပြသင့်တယ်"

"Blazon ကိစ္စက ကိုအောင်သူ ကြေညာခဲ့တာနဲ့ ကျွန်တော် တကယ် ဖြစ်တာနဲ့က လွဲနေတယ် မဟုတ်လား၊ အဲဒီတုန်းက ကျွန်တော် တကယ်ပဲ လူတွေကို ကြောက်နေတာ၊ ပြီးတော့ ပြေးဝင့်နေတာ၊ အဲဒါနဲ့ ဖုန်းပိတ်ပြီး မင်္ဂလာဒုံဖက်ကို လစ်ထွက်သွားတာဗျ၊ ခင်ဗျားက ရုတ်တရက် ကျန်းမာရေး ချို့ယွင်းသွားတာလို့ ကြေညာခဲ့တော့ ကျွန်တော့်ကို မီဒီယာတွေက ဘာဖြစ်သလဲ၊ ဘယ်ဆေးရုံသွားရသလဲ မေးရင် ကျွန်တော် ဘယ်လိုဖြေရမလဲ၊ နောက်တစ်ခုက ကျွန်တော် မလိမ်ချင်ဘူး"

ကိုအောင်သူက မိုးဆက်ကို စိုက်ကြည့်ကာ နားထောင်နေရာမှ ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်းလက်မှတ်ထိုးပေးမယ်၊ သီချင်းဆိုပြမယ်လို့ ကြေညာထားပြီးတော့မှ လူတွေကို ငြီးငွေ့လို့ မိုးဆက်ဟာ Blazon ကို ရောက်မလာနိုင်ဘူးဆိုတာ ပြောလို့ မဖြစ်ဘူးကွ၊ မင်းက မီဒီယာတွေကို ဂရုမစိုက်ဘူးပဲ ထားလိုက်၊ မင်းအခွေကို လာဝယ်ပြီး မင်းလက်မှတ်ကို လိုချင်လို့ စောင့်နေတဲ့ ပရိသတ်ကို အဲဒီအချိုးမျိုး သွားပြောလို့ မရဘူး၊ ငါပြောတာ နားလည်လား မိုးဆက်၊ ဒီတော့ သူတို့ ခွင့်လွှတ်နိုင်မယ့် အရာတစ်ခုကို အကြောင်းပြပြီး လိမ်ရမှာပဲ"

မိုးဆက်သည် ပခုံးကို ဟန်ပါပါ တွန့်လိုက်၏။

"အိုကေ ကိုအောင်သူ၊ ခင်ဗျားပြောတာ ကျွန်တော် လက်ခံတယ်၊ ခင်ဗျား သိပ်တော်တယ်၊ ဒါကြောင့် ကျွန်တော်က အစစ အရာရာ အားကိုးရတာဗျ၊ ဟား. . . ဟား. . . ဟား. . ."

မိုးဆက်က အော်ရယ်ရင်းမှ ကိုအောင်သူ ပါးကြီးကို ဆွဲလိမ်ပစ်လိုက်၏။ ပြီးတော့ သူတစ်ယောက်တည်း ခေါင်းတညိတ်ညိတ် လုပ်ကာ ပြောသည်။

"ကိုယ်လုပ်ချင်တာ လုပ်ပြီးပြီပဲ၊ ဒီတော့ ကျန်နေတဲ့ လက်ရှိ အခြေအနေကို အကောင်းဆုံးဖြစ်အောင် ဆက်လုပ်ရမှာပေါ့"

ထိုစဉ် ခပ်လှမ်းလှမ်းရှိ စားပွဲပေါ်တွင် တင်ထားသော ဟန်းဖုန်းဆီမှ 'တီတီ. . . တီတီ. . .' ဟု မြည်လာ၏။ မိုးဆက်က ပေါ်လာသော ဖုန်းနံပါတ်ကို ကြည့်ကာ ပြန်ထူးလိုက်၏။

"အေးပြော. . . ကိုဦး. . ."



". . . . . . . ."

"ငါ အခု အိမ်မှာပဲ၊ ကိုအောင်သူနဲ့ စကားပြောနေတာ"

". . . . . . . ."

"အခုမလာနဲ့ဦး၊ ငါ သွားစရာရှိလို့ ညနေလောက်မှ တစ်ခါ ပြန်ဆက်လိုက် ဟုတ်ပြီလား"

". . . . . . . ."

"အိုကေ. . . အိုကေ. . . ဒါပဲနော်"

ဖုန်းပြန်ချလိုက်ရုံ ရှိသေးသည်။ နောက်တစ်ခါ ထပ်မြည်လာပြန်သည်။ ဒီတစ်ခါက ဖြန့်ချိရေးဆိုင်က တာဝန်ခံ ကိုတိုးကြီး. .။

"ကိုတိုးကြီး ပြော. . ."

". . . . . . . . ."

"ဟုတ်ကဲ့ ကျွန်တော် မိုးဆက်ပါ"

". . . . . . . . ."

"ဒီလိုပါပဲဗျာ၊ ကျန်းမာရေးက ကောင်းပါတယ်"

". . . . . . . . ."

"ဟုတ်လား၊ ရောင်းရလား၊ အခု ဘယ်လောက်တောင် သွားနေပြီလဲ"

". . . . . . . . ."

"လေးရက်နဲ့ ဒီလောက်တောင် သွားတယ်ဆိုတော့ အခြေအနေ ကောင်းတာပေါ့၊ ပျော်စရာကြီး. . ."

www.burmeseclassic.com

www.burmeseclassic.com



". . . . . . . . ."

"ဟုတ်ကဲ့ပါဗျာ၊ ဟုတ်ကဲ့ပါ"

". . . . . . . . ."

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါပဲနော် ကိုတိုးကြီး"

ကိုတိုးကြီးဆီမှ ဖုန်းပြန်ချသွား၏။ ကိုအောင်သူက မိုးဆက်ကို ကြည့်ရင်း စိတ်မသက်သာသလို သက်ပြင်းချ၏။ ဟန်းဖုန်းက ထပ်မြည်လာပြန်၏။ ဒီတစ်ခါ ဖုန်းနံပါတ်ကတော့ သူမသိသည့် ဖုန်းနံပါတ် ဖြစ်၏။ ထို့ကြောင့် ကိုအောင်သူ့ထံ ဟန်းဖုန်းကို လှမ်းပေးလိုက်၏။ ကိုအောင်သူက ဖုန်းပြန်ဖြေတော့မည့်ဆဲဆဲမှာ ဖုန်းက ကျသွားသည်။

"မင်းဖုန်းကလည်း ဟိုကောင့် သီချင်းလို ဖြစ်တော့မယ်"

"ဘယ်သူလဲဗျ"

"စိုင်းစိုင်းခမ်းလှိုင်လေ၊ ငါးမိနစ်မှာ တစ်ခါမြည်တဲ့ ငါ့ တယ်လီဖုန်းဆိုတာ"

"ဟုတ်တယ်၊ ဟုတ်တယ် အင်း. . . ဒီကောင်တောင် မတွေ့တာကြာပြီ၊ ဘာလုပ်နေလဲ မသိဘူး"

"မင်းကလည်း မိုးဆက်ရာ၊ ဒီကောင်အသည်းတွေ လှိမ့်ကွဲနေမှာပေါ့၊ ခါမှမဟုတ် တစ်ခုခုကို ထင်ရာလုပ်နေမှာပေါ့"

"ဟုတ်မယ်ဗျ၊ ကိုရွှေဂျော်ဂျော်က ဒီကောင့်ကို နာမည်ပေးထားတာရှိတယ်"



"ဘာတဲ့လဲ"

"ထင်ရာစိုင်းစိုင်းတဲ့"

"ဟားဟားဟား. . . ဟားဟား"

နှစ်ယောက်သား ရယ်လိုက်ကြပြန်၏။ မိုးဆက်စိတ်တွေ တင်းကျပ်နေရာမှ နည်းနည်း ပေါ့ပါးသွားသလို ရှိသည်။

"တီတီ. . . တီတီ"

ကိုအောင်သူက လက်ထဲက ဖုန်းကို ငုံ့ကြည့်ရင်း ပြောလိုက်၏။

"ခုနတုန်းက ကျသွားတဲ့ ဖုန်းနံပါတ်ပဲ"

မိုးဆက်သည် ကိုအောင်သူ့ စကားကို သိပ် စိတ်မဝင်စားသလိုနှင့် ဆက်တီနောက်မှီပေါ် ခေါင်းကို လှန်ချလိုက်၏။ သူ့မျက်လုံးများကိုလည်း မှိတ်ထားလိုက်ပါသည်။

"ဟုတ်ပါတယ်၊ ဒါ အဆိုတော် မိုးဆက်ရဲ့ ဖုန်းပါ"

". . . . . . . ."

"ကျွန်တော်က သူ့ရဲ့ မန်နေဂျာပါ"

". . . . . . . ."

"ဟုတ်ကဲ့ ဘယ်သူလို့ ပြောပေးရမလဲ"

". . . . . . . ."

"ဟုတ်ကဲ့ ခဏလေးနော်"

ကိုအောင်သူက သူ့ကို လှမ်းကြည့်၏။ မိုးဆက်က ခေါင်းဆတ် ပြရင်း 'ဘယ်သူလဲဗျ'ဟု မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီတဲ့၊ ပြည်မြို့က စန္ဒီဆိုရင် မင်းသိပါတယ်တဲ့"

ရုတ်တရက် ကြားလိုက်ရသော နာမည်က မိုးဆက်ကို ခဏမျှ တုန်လှုပ်သွားစေသည်။ စန္ဒီတဲ့၊ ပိုပြီး သေချာစေတဲ့ အချက်က ပြည်မြို့ကတဲ့။ အတိတ်သည် သူ့ဦးနှောက်ကို နှိုးဆွနေ၏။

"ဟော့ကောင် မင်းပြောမှာလား၊ မပြောဘူးဆိုရင်လည်း ငါဒီမှာ အဆင်ပြေသလို ကြည့်ပြောလိုက်မယ်"

သူငိုင်နေရာမှ ကိုအောင်သူ စကားကြောင့် သတိဝင်လာ၏။

"ပေး. . . ကျွန်တော် ပြောမယ်"

ကိုအောင်သူက သူ့ဆီ ဟန်းဖုန်းကို လှမ်းပေးသည်။

"ဟဲလို. . ."

"......."

"ဟုတ်ပါတယ်၊ မိုးဆက်ပါ"

"......."

"စန္ဒီ ပြောလေ၊ အခုဘယ်က ဆက်နေတာလဲ၊ ရန်ကုန်ရောက်နေတာလား"

"......."

"ဟုတ်လား၊ ဒါဆို ရန်ကုန်ကို စန္ဒီတို့ မိသားစု အကုန်လုံး ပြောင်းလာကြတာပေါ့"

"......."



"အင်း ပြောလေ စန္ဒီရာ"

"......."

"တွေ့ချင်လို့ ဟုတ်လား၊ ဘယ်တော့ တွေ့ချင်တာလဲ၊ အခုလောလောဆယ်တော့ ကျွန်တော် မအားသေးဘူး"

".......

........"

စန္ဒီသည် မိုးဆက်ကို ရှည်လျားစွာ ပြန်ပြောနေပုံရသည်။ ကိုအောင်သူက သူ့အား မသိမသာ အကဲခတ်နေသည်။

"ဟုတ်ပြီ ဒါဆို နေဦး. ."

မိုးဆက်သည် ဖုန်းပြောနေရင်းမှ ကိုအောင်သူကို လှမ်းမေး၏။

"ကိုအောင်သူ၊ ကျွန်တော်တို့ မြရိပ်ညိုမှာ Show လုပ်မယ့်နေ့က ဘယ်နေ့လဲ"

"ရှေ့အပတ် စနေနေ့ (၂၈) ရက်နေ့ကျတယ်"

သူက စန္ဒီနှင့် ဖုန်းပြောပြန်သည်။

"စန္ဒီ (၂၈) ရက်နေ့ မြရိပ်ညိုမှာ စတိတ်ရှိုးရှိတယ်၊ အဲဒီကို လာခဲ့ပါလား၊ အဲဒီကျရင် အဆိုတော်တွေ နားတဲ့နေရာကို လာခဲ့၊ ကိုယ်အဲဒီမှာ ရှိမယ်သိလား"

"......."

"အင်းပါ. . . ဟုတ်ပါပြီ စန္ဒီရဲ့၊ အဲဒီ မြရိပ်ညိုကိုသာ လာခဲ့၊ နော်. . . စန္ဒီ"

www.burmeseclassic.com

www.burmeseclassic.com



"........"

"ဟုတ်ပြီ၊ ဟုတ်ပြီ အဲဒါဆို ဒါပဲနော်"

စန္ဒီဆီမှ ဖုန်းချသွား၏။ မိုးဆက်က သက်ပြင်းချသည်။ သူ့ကို တောက်လျှောက် အကဲခတ်နေသော ကိုအောင်သူက မိုးဆက်၏ အဖြစ်အပျက်နှင့် ခံစားမှုကို ရိပ်မိသွားသလိုပြုံး၏။

မိုးဆက်က တစ်ခုခုကို ပြောမလိုနှင့် ပါးစပ်ပြင်သည်။

"မိုးဆက်၊ မင်းရည်းစားဟောင်းအကြောင်း ပြောမလို့လား"

သူ့မျက်နှာက ရယ်ချင်သွားပြီး ရှက်ကာ တစ်ဖက်သို့ လှဲလိုက်၏။ သိပ်ပါးနပ်တဲ့ ကိုအောင်သူပဲ။ သို့သော် သူက ဝန်ခံရလေသည်။

"ဟုတ်တယ်ဗျ၊ ကိုအောင်သူကို စန္ဒီအကြောင်း ကျွန်တော် မပြောပြဖူးပါဘူး၊ ဘယ်လိုလုပ်သိသလဲ"

"ဟား. . . ဟား. . . ဟား. . . မိုးဆက်ရာ ငါက မင်းရဲ့ မန်နေဂျာပဲ၊ မင်းရဲ့ အတိတ်ကို သိသင့်သလောက်တော့ သိအောင် လုပ်ထားရတာပေါ့ကွ"

မိုးဆက်က ကိုအောင်သူ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်း ဒီအကြောင်းတွေ ကိုအောင်သူ ဘယ်သူ့ဆီမှ သိသွားနိုင်သလဲဆိုတာ အဖြေရှာမိ၏။ ဖေဖေလား။ မဟုတ်သေးပါဘူး။ ဖေဖေက လူငယ်တွေရဲ့ ကိစ္စကို တကူးတက ပြောမှာတော့မဟုတ်။ ပြီးတော့ ဖေဖေက ပြည်မြို့မှာတုန်းက သူ့အိမ် (တနည်းအားဖြင့် သူ့သားဆီ) ကို နှစ်ခါသာ ရောက်ဖူးသည့် စန္ဒီဆိုသော ကောင်မလေးကို မှတ်မိချင်မှ မှတ်မိမှာပါ။ ဖေဖေသည် အဲဒီ နှစ်ကြိမ်ဆိုသော အနည်းငယ်သော အရေအတွက် အတွင်းမှာပင် စန္ဒီကို သဘောမကျဘူးဟု သူ့ကို ပြောခဲ့ဖူး၏။ ဖေဖေ့အကြောင်းပြချက်က စန္ဒီ့မိဘတွေက ချမ်းသာကြလို့တဲ့။ အဲဒီတုန်းကတော့ သူက ဖေဖေ့အတွေးအခေါ်ကို အကြီးအကျယ် ဟားတိုက်လှောင်ပြောင်ခဲ့ပါသည်။



နေဦး။ အခုကိစ္စက ကိုအောင်သူကို ဖေဖေမပြောခဲ့ဘူးဆိုရင် ဘယ်သူဖြစ်နိုင်မလဲ။ စဉ်းစားစမ်း။ သိပ်ကြာကြာ မစဉ်းစားလိုက်ရပဲ နာမည်တစ်ခုက သူ့ခေါင်းထဲ ပြေးဝင်လာ၏။

ကိုဦး။ အမေရိကားမှ ပြန်ရောက်တာ တစ်ပတ်ကျော်ကျော်မျှသာရှိသေးသော ငယ်သူငယ်ချင်း ကိုဦး။ မနေ့တစ်နေ့ကမှ သိကျွမ်းသော လူတစ်ယောက်ဆီမှ သူ့ရဲ့ ငယ်ဘဝကို သိရရန် ကိုအောင်သူဟာ ကိုဦးကို ဘယ်လို ဖြားယောင်းခဲ့ပါလိမ့်။

မိုးဆက်သည် ကိုအောင်သူ၏ အရည်အချင်းကို အသိအမှတ်ပြုလိုက်ရပါသည်။

"ခင်ဗျား ကိုဦးဆီက ကျွန်တော့်အတိတ်ကိုသိဖို့ ဘယ်လိုများ အစ်အောက်မေးလိုက်သလဲ ကိုအောင်သူ ဟင်၊ ခင်ဗျား သိပ်တော်ပါလား"

ကိုအောင်သူက သူ့ကို ဘာမှ ပြန်မပြောဘဲ တဟားဟားနှင့် အော်ရယ်လျက် ဝရန်တာဖက်ကို ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ဘယ်သွားမှာလဲ၊ ဒီမှာလာဦး"

ကိုအောင်သူက ရပ်ရင်း သူ့ကို လှည့်ကြည့်၏။

"ခင်ဗျားကို ကျွန်တော် ဒီညအရက်တိုက်မယ်၊ ညစာကျွေးမယ်၊ ပြော ဘယ်ဟိုတယ်သွားချင်သလဲ၊ ဒါပေမဲ့ ခင်ဗျားတစ်ခုတော့ လုပ်ပေးရလိမ့်မယ်"

"ဘာများပါလိမ့်"

မိုးဆက်က ကိုအောင်သူ့ကို တစ်ချက်မျှ စေ့စေ့ကြည့်ပါ၏။

"ခင်ဗျားက ကျွန်တော်ပြောသမျှ စန္ဒီ့အကြောင်းတွေကို နားထောင်ပေးရလိမ့်မယ်"

ကိုအောင်သူက သူ့ထုံးစံအတိုင်း တစ်ဖက်လူကို မခံချင်အောင် အော်ရယ်ပြန်သည်။ ပြီးတော့ မိုးဆက်ကို စောင်းပြီး ထူးအိမ်သင်၏ သီချင်းတစ်ပုဒ်ကို ဆိုပြ၏။

*မျှော်လင့်ချက်သာ မထားခဲ့ရင် ငါ ဒီလိုခံစားရမယ် မထင်ဘူး။*

ဒီတစ်ခါတော့ မိုးဆက်ပါ လိုက်အော်ရယ်မိပါသည်။

❖ ❖ ❖ ❖ ❖

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ငါ့နလုံးသားမှာ စိုက်ထူထားတဲ့အလံ
ပျော့တွဲ ငြိမ်သက်နေပေါ့။
မင်းက အဲဒီအလံလေး ခုံညားအောင်
လေပြည်တွေကို
အမိန့်ပေးဦးလေ . . ။

## အခန်း (၀)

နွန်လသည် ကျောင်းတွေ ပြန်ဖွင့်သည့်လမို့ မိုးဆက် အထူးပျော်ရွှင်နေမိသည်။ သူငယ်ချင်းတွေနှင့်လည်း ပြန်တွေ့ရတော့မည်။ အကျီအဝတ်အစား အသစ်တွေကိုလည်း ဒီလိုလမျိုးမှာ ဖေဖေက သူ့ကို ဝယ်ပေးတတ်၏။

မေမေမရှိတော့ကတည်းက ဖေဖေသည် မိန်းမတွေကို မုန်းတီးတတ်သွားသည်။ ဖေဖေသည် မေမေ့အကြောင်း လုံးဝ မပြောတာကိုလည်း သူ သတိထားမိ၏။

ဖေဖေနှင့် မေမေသည် တရားဝင် ကွာရှင်းခဲ့သလား။ မကွာရှင်းခဲ့ဘူးလား။ မေမေက နောက်အိမ်ထောင်နှင့်လား။ သူ ဘာမှ မသိရပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် စားဝတ်နေရေး ပြေလည်သည်ဆိုရုံမျှ တာဝန်ကျေသော်လည်း တခြား ဘာကိုမှ သူ့အတွက် တာဝန်မယူပေ။ ဖခင်တစ်ယောက်ရဲ့ မေတ္တာ၊ အဖေတစ်ခု၊ သားတစ်ခုဘဝမှာ သူငယ်ချင်း တစ်ယောက်လို ပွင့်လင်းမှု၊ နွေးထွေးသော သားအဖဆိုသည့် ဆက်ဆံရေး၊ လူငယ်တစ်ယောက်ကို လူကြီးတစ်ယောက်က နားလည်ပေးခြင်းမျိုး စသည့်ကိစ္စများသည် သူတို့သားအဖကြားတွင် ဘယ်တုန်းကမှ မရှိခဲ့။ ဖေဖေက ပြည်မြို့တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ပိုင်ဆိုင်သည်။ ညဖက်ဆို ဖေဖေက အရက်အနည်းငယ် သောက်တတ်၏။

ဒါပဲ။ ဖေဖေသည် တခြားကိစ္စတွေ ဘာမှ စိတ်မဝင်စားပေ။ သားတစ်ယောက်ကို လူလားမြောက်အောင် ဘယ်လို ပြုစုပျိုးထောင်ရမလဲ ဆိုတာမျိုးကို လုံးဝ သဘောမပေါက်သူ ဖြစ်သည်။

မိုးဆက်သည် ခပ်ငယ်ငယ် အရွယ်ကတည်းကပင် ကိုယ့်ကိုယ်ကိုယ် ထူထောင်ဖို့ လိုအပ်ကြောင်း သဘောပေါက်ခဲ့၏။ ဖေဖေက ဘာကိုမှ မတိုက်တွန်းတတ်သူ တစ်ယောက်ဖြစ်သလို ဘာကိုမှ မပိတ်ပင်တတ်သူ တစ်ယောက်လည်း ဖြစ်လေသည်။

ဒီနှစ်ဆို မိုးဆက်သည် ကိုးတန်းကျောင်းသား။ တစ်နည်းအားဖြင့် အထက်တန်းကျောင်းသား တစ်ယောက် ဖြစ်လာပြီမို့ ဒီထက်ပို လွတ်လပ်ချင်မိသည်။ ဥပမာအိမ်ကို ညခုနစ်နာရီဆို ဝင်ရသည့်ကိစ္စမျိုး။ အဝတ်အစားကို ဖေဖေ မဝယ်ပေးဘဲ ပိုက်ဆံကိုင်ပြီး ကိုယ့်ဘာသာ ကိုယ်ဝယ်ချင်တာမျိုး။



အရွယ်ရောက်ခါစ လူငယ်တစ်ယောက်၏ လွတ်လပ်လိုခွင့်ကို ဖေဖေ သဘောပေါက်အောင် သူဘယ်လိုလုပ်ပြရပါ့မလဲ။

လူငယ်ဆိုတာ သမားရိုးကျ အလုပ်တွေကို လုပ်ရမှာ ပျင်းရိတတ်သည်။ အနုပညာမှာ ဝါသနာကြီးတတ်သည်။ တီထွင်စွန့်စားချင်စိတ်ရှိသည်။ သူရဲကောင်းဆန်ချင်ပြီး အရာရာကို မျှော်လင့်ချက်ကြီးကြသည်။ ဒါ့အပြင် အချစ်ကိုလည်း ဦးစားပေးတတ်ကြလေသည်။

မိုးဆက်သည် ဖေဖေ့ကို လုံးဝအားမရ။ ကိုဦးတို့ဉာဏ်လင်းမင်းတို့ အဖေတွေဆို ဒီလိုမျိုးမဟုတ်။ သူတို့သားတွေက သူတို့ကို အားကျ အတုယူစေသည့် အဖေမျိုးတွေ ဖြစ်၏။

သေချာသည်မှာ မိုးဆက်အတွက် ဖေဖေသည် ဘယ်တုန်းကမှ သူရဲကောင်းမဟုတ်ခဲ့ပေ။

မိုးဆက်သည် မနက်ဖြန် ကျောင်းပြန်တက်ရမည့်ကိစ္စကို ရင်ခုန်နေ၏။

❖ ❖ ❖ ❖ ❖

ပြည်မြို့၏ အ. ထ. က (၂) ကျောင်းသည် ထုထည်ကြီးမားသော အုတ်ရိုးကြီးများဖြင့် တည်ဆောက်ထား၏။ ဇွန်လမိုးက ခပ်ဖွဲဖွဲနှင့် တစ်နေကုန်ရွာနေတတ်သည်။ ကျောင်းသူများက ဒီလိုနေ့မျိုးတွင် ပိုမိုအလှပြင်ထားကာ ကျောင်းလာတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ကျောင်းဖွင့်ရက်မို့ အားလုံးက ရင်ခုန်ပျော်ရွှင်နေကြ၏။ မိုးဆက်သည် စာသင်ခန်းထဲမဝင်သေးဘဲ ကော်ရစ်ဒါထောင့်မှာ ရပ်နေ၏။ ကိုဦးတို့ ညဏ်လင်းမင်းတို့ကို စောင့်နေခြင်း ဖြစ်သည်။ ကိုးတန်းကျောင်းသားကြီးဆိုတော့ ဒီကျောင်းမှာ သူတို့က လူကြီးပိုင်းရောက်သွားပြီပေါ့။ ဒါကြောင့် သူတို့က အတန်းငယ်မှ ကောင်မလေးများကို ပို၍ နောက်ပြောင်ရဲလာကြသည်။

ဒါပေမဲ့ အခုတော့ မိုးဆက်သည် တစ်ယောက်တည်းမို့ ငြိမ်နေမိသည်။ မိုးဖွဲဖွဲက အနည်းငယ် ဝတ္ထုဆန်နေ၏။ မနက် ရှစ်နာရီဆယ်မိနစ်သာ ရှိသေးသည့်အတွက်လူမစုံသေး။ သူသည် ကိုဦးတို့ကို မြန်မြန်လာစေချင်လှပြီ။ အကြောင်းကား ရှိ၏။

ဒီနေ့ ကိုဦးက သူ့ကိုဂစ်တာတီး သင်ပေးမည်ဟု ပြောထားသောကြောင့် ဖြစ်သည်။ ကိုဦးသည် သူ့အဖေ၏ ခွင့်ပြုချက်ဖြင့် ဂစ်တာတီး သင်နေတာ နှစ်လခန့်ရှိပြီ။ ဒီနှစ်နွေရာသီ ကျောင်းပိတ်ရက်ကတည်းက ဆိုပါတော့။ ကိုဦးသည် အခုဆို ဂစ်တာကို တော်တော်တီးတတ်နေပြီဖြစ်သည်။ သူသည် ကိုဦးအဖေလို အဖေမျိုး လိုချင်သည်။

ကျောင်းသားတစ်စုက သူတို့အချင်းချင်း ပေါးခနဲ့ အော်ဟစ် နောက်ပြောင်နေကြသဖြင့် သူ လှည့်ကြည့်မိ၏။ သူ့အကြည့်တွေက ထိုကျောင်းသားတစ်ခုကို ကျော်လွန်၍ ဆက်လက် ရွေ့လျားသွား၏။



မိုးဆက်သည် အဲဒီမှာ စန္ဒီကို စတွေ့ခဲ့ခြင်း ဖြစ်လေသည်။ ထိုစဉ်တုန်းကတော့ သူသည် သူမကို စန္ဒီဟု မသိသေး။ သူမသည် ထီးအနီရောင်လေးကို ကိုင်ထားပြီး ကျောင်းအုပ်ဆရာမကြီး၏ ရုံးခန်းဆီသို့ ဦးတည်သွားနေခြင်း ဖြစ်သည်။ ကောင်မလေးသည် နှင်းဆီပန်းတစ်ပွင့်ပါသော အဖြူလွှလွှ တီရှပ်တစ်ထည်ကို ဝတ်ထား၏။ သူမဘေးတွင် သူမ အစ်မဟု ထင်ရသော အမျိုးသမီးတစ်ယောက်လည်း ပါသည်။ ကြည့်ရတာ အခုမှ ကျောင်းလာအပ်သော ကျောင်းသူအသစ်တစ်ယောက် ဖြစ်လိမ့်မည်ဟု မိုးဆက် ခန့်မှန်းမိ၏။

သူမ၏ ထူးခြားချက်မှာ အရပ်တော်တော်ရှည်ခြင်း ဖြစ်သည်။ ပြီးတော့ သူမက ဆံပင်လည်းတိုသည်။ အဲဒီတုန်းက မိန်းကလေး တစ်ယောက် အရပ်မြင့်ပြီး ဆံပင်တိုခြင်းသည် အ. ထ. က (၂) ကျောင်းတွင် ထူးခြားမှုတစ်ခု ဖြစ်ခဲ့ပါသည်။

ထိုထူးခြားမှုသည် မိုးဆက် ရင်ထဲမှာ ကာလအတန်ကြာ အမြစ်တွယ်နေခဲ့၏။ သူသည် ဂစ်တာတီးသင်ပေးမည့် ကိုဦးကိုတောင် မစောင့်တော့ဘဲ သူမကို ရုံးခန်းအပြင် ပြတင်းပေါက်မှာ သွားချောင်းကြည့်နေခဲ့ပါသည်။

သူထင်သည့် အတိုင်းပင် သူမသည် ကျောင်းပြောင်းလာသော ကျောင်းသူအသစ် တစ်ယောက် ဖြစ်နေ၏။ သို့သော် သူမနှင့်ပတ်သက်၍ သူသိသမျှ အချက်အလက်ကလည်း ထိုကျောင်းသူအသစ် ဆိုသည်ကလွဲ၍ တခြား ဘာမှမရှိခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ့နားသို့ ကိုဦးနှင့် ညာဏ်လင်းမင်းတို့က ရောက်လာကြသည်။

"မင်းက ချိန်းထားတဲ့နေရာမှာ စောင့်မနေဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

ကိုဦး၏ အမေးစကားသံက နည်းနည်း ကျယ်သွားသဖြင့် သူက နှုတ်ခမ်းနှင့် လက်ညှိုးကို ထိကပ်ပြီး 'တိုးတိုး' ဆိုသည့် အဓိပ္ပာယ်ကို သရုပ်ပြရသည်။ သို့သော် ကောင်မလေးက အပြင်သို့ လှမ်းကြည့်လိုက်ပြီး ဖြစ်နေ၏။ ရုတ်တရက် သူက ကောင်မလေးကို ရယ်ပြလိုက်သည်။

ချက်ချင်းပဲ ကောင်မလေးက နှုတ်ခမ်းစူပြီး တစ်ဖက်သို့ ပြန်လှည့်သွားသည်။ သူမ၏ မျက်လုံးဝိုင်းဝိုင်း၊ နက်နက်လေးများ၏ အလှကို ထိုခဏမှာပင် သူတို့ သုံးယောက်စလုံး သဘောပေါက်သွားကြ၏။

"ကြွေသွားပြီကွာ၊ လှလိုက်တဲ့ နှင်းဆီမလေး"

ညာဏ်လင်းမင်းဆီမှ အသံထွက်လာခြင်း ဖြစ်သည်။ ကိုဦးကလည်း 'ဒါကြောင့် မိုးဆက် ဒီနေရာကို ရောက်နေတာကိုး' ဟု မှတ်ချက်ချသည်။ အသံတွေ ဆူညံ ဆူညံ လုပ်နေသည့် သူတို့ သုံးယောက်ကို သူမက တစ်ချက် လှည့်ကြည့်ကာ မျက်စောင်းထိုးပါသည်။ မိုးဆက်က သူ့ကို ကောင်မလေးက ခပ်ရှုပ်ရှုပ် ကောင်လေးတစ်ယောက်ဟု ထင်သွားမှာ စိုးရိမ်သွား၏။



"လာကွာ ဟော့ကောင်တွေ၊ ငါတို့ ကိုယ့်အတန်းကိုယ် သွားရအောင်"

"နေစမ်းပါဦးကွ၊ ဒီမှာ ငါကြည့်လို့ မဝသေးဘူး"

အရေးထဲမှာ ကိုဦးက မလိုက်ဘဲ ပေကတ်ကတ် လုပ်နေသဖြင့် မိုးဆက်က ထိုနေရာမှ အတင်းဆွဲခေါ်လာရသည်။ သူတို့သုံးယောက်သား အတန်းထဲကို ရောက်လာကြသည်။

ထို့နောက် သူတို့သည် နှင်းဆီကောင်မလေးနှင့် ပတ်သက်ပြီး စတင် အငြင်းပွားကြတော့သည်။ ညာဏ်လင်းမင်းက. . .

"အဲဒီကောင်မလေးကို ငါလိုက်မယ်ကွာ"

"ဟော့ကောင် ရမလား၊ ငါလည်းကြိုက်တယ်"

ကိုဦးကလည်းအားကျမခံပြော၏။

"အဲမာ. . . . ရမလား။ ငါတို့သုံးယောက်ထဲ မှာ ငါအရင်ဆုံးမြင်တာ. . . .။ မင်းတို့က ငါ နောက်မှ တွေ့ရတာလေ။ ဒီတော့ အရင်ဆုံးလိုက်မယ်"

မိုးဆက်စကားက နည်းနည်းယုတ္တိရှိနေသဖြင့် ဟိုနှစ်ကောင် ငြိမ်သွား၏။ နောက်တော့လည်း မိုးဆက်ကို အရင်ဆုံးလိုက်ဖို့ ကိုဦးနှင့် ညာဏ်လင်းမင်းတို့က ခွင့်ပြုလိုက်ကြသည်။ ဒါပေမဲ့ ဒီအတိုင်းတော့ ရိုးရိုးတန်းတန်း ခွင့်ပြုတာမဟုတ်. . . .။ မိုးဆက်က သူတို့နှစ်ယောက်ကို ပြည်ဟိုတယ်မှာ ညစာကျွေးရသည်။

ကိုယ်ပိုင်ဝင်ငွေ မရှိသေးသည့် ကိုးတန်းကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



အရွယ် လူငယ်တစ်ယောက်က ပြည်ဟိုတယ်လို နေရာမျိုးမှာ ညစာကျွေးရခြင်းမှာ တော်တော်ခက်ခဲသော ကိစ္စတစ်ရပ်လည်းဖြစ်သည်။

အစတုန်းကတော့ သူမအား စိတ်ဝင်စားသလိုရှိခဲ့သော ကိုဦးနှင့် ဉာဏ်လင်းမင်းတို့သည် နောက်ပိုင်းမှာ ကောင်မလေးကို မိုးဆက် ကောင်မလေးဟု သဘောထားလာကြ၏။ အဖြူပေါ်တွင် နှင်းဆီပွင့်ပုံပါသော သူမ၏ အင်္ကျီများကိုလည်း သူတို့ သတိထားမိလာသည်။ သူမရဲ့အကြောင်းတွေကိုလည်း ကျောင်းဖွင့်စ ရက်တွေမှာပင် သူတို့စုံစမ်းနိုင်ကြလေသည်။

"ဟေ့ကောင်. . . . နာမည်က စန္ဒီတဲ့ကွ. . . . ချစ်စရာလေး"

"သူက ငါတို့လိုပဲ ကိုးတန်းကပဲ၊ ဒါပေမဲ့ အခန်းက"

"ဩော်. . . ဒါဆို သူက သူဌေးသမီးပေါ့"

သူတို့ဆီတွင် အခန်းဆိုတာ ပိုက်ဆံရှိ သားသမီးများ တက်ရသော အခန်းဟူသော အတွေးခေါ် ရှိကြသည်။ မိုးဆက်၊ ကိုဦးနှင့် ဉာဏ်လင်းမင်းတို့ သုံးယောက်စလုံးမှာ စီခန်းကဖြစ်ပါသည်။ သူတို့အားလုံးအတွက် အရာရာသည် လူငယ်ဆန်ပြီး ရဲရင့်တက်ကြွနေ၏။

မိုးဆက်သည် စန္ဒီဆိုသော နှင်းဆီမလေးကို စွဲလမ်းစပြုလာ၏။ သူမ၏ မျက်ဝန်းနက်နက်များ၊ ဆံပင်တိုတို အရပ်ရှည်ရှည် ပုံရိပ်များ၊ အဖြူပေါ်တွင် နှင်းဆီပန်း တစ်ပွင့်ပါသော အင်္ကျီများ၊ မျက်စောင်းလှလှလေးများ။ အားလုံးသည် မိုးဆက် မှတ်ဉာဏ်ထဲတွင် စိုးမိုးထားတော့သည်။



အတန်းအချိန် အကူးအပြောင်းမှာ သင်ကြားမှု ဆရာမရောက်မလာသေးခိုက်၊ သူတို့သည် စန္ဒီရှိရာ အခန်းသို့ အပြေးအလွှားသွားကြ၏။ စာသင်ခန်း၏ ရှေ့ဆုံးအတန်းမှာ ထိုင်သော သူမကို သူတို့က နောက်ဆုံးအတန်းမှ ထိုင်ကြည့်ကြသည်။ အခန်းမှ နည်းနည်း ဆိုးသည်ဟု နာမည်ထွက်သော နန္ဒတို့၊ ဇော်ကိုကိုတို့ကို မိုးဆက်က သူငယ်ချင်းဖြစ်အောင် ပေါင်းထားရ၏။ အကြောင်းမှာ စန္ဒီ၏ အစ်ကိုဝမ်းကွဲတော်သော (၁၀) တန်းမှ ဝဏ္ဏခွာနီး ဆိုသည့် ခေါင်းတုံး (ကတုံး)ကြီးကြောင့် ဖြစ်သည်။ ဝဏ္ဏခွာနီးက သူ့ညီမနှင့် ပတ်သက်ဖို့ ကြိုးစားသူ မှန်သမျှကို မျက်ထောင့်နီကြီးနှင့် ကြည့်တတ်သည်။ အကြောင်းမဲ့ ရန်ရှာတတ်သည်။ ဒါကြောင့် မိုးဆက်က အနိုင်ကျင့်မခံရအောင် ဇော်ကိုကိုတို့၊ နန္ဒတို့ကို ပေါင်းထားရခြင်းဖြစ်သည်။ နောက်တစ်ချက်က စန္ဒီ့ကို လာကြည့်သည့်အခါများတွင် အခန်းထဲ၌ နန္ဒတို့ရှိနေခြင်းကြောင့် သူ့အတွက် အဆင်ပြေသည်။

ကျောင်းဆင်းချိန်၌ နိုင်ငံတော်သီချင်း ဆိုချိန်တွင် မိုးဆက်က အခန်းကို အမြန်ရောက်လာတတ်၏။ စန္ဒီမျက်လုံးကို စုံမှိတ်ပြီး 'ကမ္ဘာမကြေ' ဆိုနေပုံကို သူ အလွန်မြတ်နိုးသည် မဟုတ်လား။

ဒီလိုနှင့် လူငယ်များ၏ ရင်ခုန်စရာကောင်းသော ပျော်ရွှင်ဖွယ် နေ့စွဲများကို သူတို့ ဖြတ်သန်းကြလေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သူတို့အဖွဲ့သည် ကမ်းနားလမ်းရှိ 'ပွင့်ဖြူ' လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြ၏။ သည်နေ့ သူတို့အားလုံးကို မိုးဆက်က လက်ဖက်ရည်တိုက်ရမည် ဖြစ်သည်။ သူတို့ဆိုသည်မှာ ကိုဦး၊ ဉာဏ်လင်းမင်း၊ နန္ဒနှင့် ဇော်ကိုကိုတို့ ဖြစ်ကြ၏။ မိုးဆက် သူတို့ကို လက်ဖက်ရည်တိုက် ရသည့်အကြောင်းက စန္ဒီသည် မိုးဆက်ကို မျက်လုံးချင်းဆုံခိုက် ပြုံးပြခြင်းကြောင့် ဖြစ်ပါသည်။

ဇော်ကိုကိုက. . .

"ကိုယ်လိုက်နေတဲ့ ကောင်မလေးဆီက အပြုံးတစ်ပွင့်ကို ရတယ်ဆိုတာ အခြေအနေကောင်းတယ်ဆိုတဲ့ သဘောပဲကွ၊ ငါတို့ကို လက်ဖက်ရည်တိုက်ရတာ မင်း တန်ပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်လင်းမင်းကလည်း ဤသို့ ဩဝါဒခြွေပြန်၏။

"လောကမှာ အရေးကြီးဆုံးက မေတ္တာပဲကွ၊ ငွေကလည်း တော်တော် စကားပြောတယ်၊ မိန်းမဆိုတာ. . ."

ဉာဏ်လင်းမင်း၏ စကားမဆုံးခင် နန္ဒက ဝင်နှောက်၏။

"ဟိတ်ကောင် ငွေက စကားပြောတယ်ဆိုရင်၊ မင်းငွေတွေ ငါ့ကို ပေးထားပါလားကွ၊ ညဘက်ဆို အိမ်မှာ ငါတစ်ယောက်တည်း စကားပြောဖော် မရှိဘဲ ပျင်းလွန်းလို့ပါ"

"ခွေးသူတောင်းစားကောင်"

ဉာဏ်လင်းမင်းက ပြောင်မြောက်စွာ ဆဲရေး၏။ မိုးဆက်က သူငယ်ချင်းတွေကို ဘာမျှ ဝင်မပြောဘဲ ပြုံးကာ ခေါင်းတညိတ်ညိတ် လုပ်နေ၏။

သူ့ရင်ခုန်သံတွေကလည်း ပုံမှန်မဟုတ်ဘဲ ပိုမြန်နေလေသည်။

မိုးရာသီ၏ ဝိုစွတ်သော အချိန်ကာလအတွင်း စန္ဒီ့မျက်ဝန်းများဆီသို့ သူက ခြောက်သွေ့စွာ မောင်းနှင်နေခဲ့၏။ အခုဆို အခြေအနေတွေက တော်တော်တိုးတက် ပြောင်းလဲနေပေပြီ။လမ်းမှာဆုံလျှင် သူမက နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြတတ်၏။ စန္ဒီနှင့် တွဲသော မာမာတို့ သူဇာတို့ကလည်း မိုးဆက်ကို စန္ဒီနှင့် တွဲ၍ နောက်ပြောင်ကြသည်။ မိုးဆက်က စန္ဒီ့ဆီမှ အချစ်ကိုရရန် အသည်းအသန် ကြိုးပမ်းတော့သည်။ ဒီလိုနှင့် သူ၏ လူငယ်ဘဝသည် အချစ်တစ်ခုအတွက်



ပထမဦးဆုံးအကြိမ် စိတ်လှုပ်ရှားစရာများကို ကြုံတွေ့နေ၏။

သူတို့သည် ပြည်မြို့၏ ညဦးပိုင်း လက်ဖက်ရည်ဆိုင်များကို တစ်ဆိုင်ပြီး တစ်ဆိုင် ပြောင်းထိုင်ကြသည်။ စန္ဒီဆိုသော ကောင်မလေး၏ အချစ်ကို ပိုင်ဆိုင်ရန်၊ ဝဏ္ဏခွာနီး ဆိုသော သူမအစ်ကို၏ ရန်ကို ကာကွယ်ရန်၊ သူမ၏ သူငယ်ချင်းတွေဖြစ်သော မာမာတို့ သူဇာတို့ဆီမှ အကူအညီရစေရန် အားလုံးက ဝိုင်းဝန်း စဉ်းစားပေးကြရ၏။

'ပွင့်ဖြူ' လက်ဖက်ရည်ဆိုင်မှ ကြည့်ရင် ဧရာဝတီမြစ် တစ်ဘက်ကမ်းမှ မှိုင်းညို့နေသော တောင်တန်းတွေကို မြင်ရပါသည်။ မိုးရာသီ၏ သစ်လွင်သော ရနံ့တစ်မျိုးသည် သူတို့၏ လူငယ်ဘဝလည်း ဖြစ်၏။ 'ပွင့်ဖြူ'ဆိုင်ပိုင်ရှင် ကိုကြီးထွန်းက ခင်ဝမ်း၏ ပရိသတ်ပီသစွာ သူ့လက်ဖက်ရည်ဆိုင်မှာ အမြဲလိုလို ခင်ဝမ်းသီချင်းတွေကို ဖွင့်တတ်သည်။

"ဟိတ်ကောင် မိုးဆက်"

ငြိမ်နေသော မိုးဆက်ကို နန္ဒက လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ မိုးဆက်က မေးဆတ်ပြလိုက်၏။

"မင်းကို ငါ စန္ဒီနဲ့ အဆင်ပြေအောင် အကြံတစ်ခုပေးချင်လို့၊ ဒီကိစ္စမှာ သူ့အစ်ကို ဝဏ္ဏခွာနီးနဲ့ပါ အဆင်ပြေသွားနိုင်တယ်"

နန္ဒာ့စကားကြောင့် သူငယ်ချင်းတွေအားလုံးက စိတ်ဝင်စားသွားကြ၏။ မိုးဆက်က တက်ကြွစွာ. . .

www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး"ဟု မေးသည်။

"ဒီလိုကွာ၊ မင်း အခု ကိုဦးဆီမှာ ဂီတာတီးသင်ဖို့ ကိုယ်ပိုင်ဂစ်တာတစ်လုံး လိုတယ်မဟုတ်လား"

"အေးလေ ဒါကြောင့်လည်း နည်းနည်း သန့်ပြီး အသံထွက်ကောင်းတဲ့ Second hand တစ်လက်ကို ငါ လိုက်ရှာနေတာပေါ့"

"အေး ငါကလည်း အဲဒါကို ပြောမလို့၊ မင်း အခု ဂစ်တာကို အဟောင်း ဝယ်မနေနဲ့တော့၊ အသစ်ဝယ်လိုက်၊ ပိုက်ဆံတော့ နည်းနည်း ပိုကုန်တာပေါ့ကွာ"

ဇော်ကိုကိုက နန္ဒကို ဝင်ပြောလိုက်၏။

"ဟော့ကောင် နန္ဒမင်းပြောတော့ စန္ဒီတို့၊ ဝဏ္ဏခွာနီးတို့နဲ့ အဆင်ပြေမယ်ဆို၊ အခုဘာမှလည်း မဆိုင်ပါလား"

"အာ ဒီကောင် ဝင်ရှုပ်ပြန်ပြီ၊ ဒီမှာ ငါပြောနေတဲ့ ကိစ္စကို ဆုံးအောင်နားထောင်ဦးလေ"

"ဟုတ်သားပဲ၊ နန္ဒပြီးအောင် ပြောပါစေဦး"

ကိုဦးကဝင်ပြောသဖြင့် ဇော်ကိုကို ငြိမ်သွား၏။ ဒီတော့မှ နန္ဒက စကားဆက်သည်။

"လမ်းမတော်မှာ ဝဏ္ဏခွာနီးတို့ရဲ့ ဂစ်တာဆိုင်ရှိတယ်လေ၊ အဲဒီဆိုင်မှာ မင်းဂစ်တာဝယ်လိုက်၊ ဒါဆို ယောက်ဖကြီးနဲ့ မင်း အဆင်ပြေသွားနိုင်တယ်"



"အဲဒီဆိုင်က ရိုတ်တယ်ကွ"

"ဘာဖြစ်လဲကွ နည်းနည်းပါးပါးတော့ ပိုက်ဆံ အကုန်ခံမှပေါ့"

"အေး ဟုတ်တယ်ကွ၊ သူ့အစ်ကိုနဲ့ အဆင်ပြေရင် မင်း တော်တော် ခရီးရောက်လိမ့်မယ်"

ဉာဏ်လင်းမင်းက ထိုသို့ဝင်ရောက် ထောက်ခံသဖြင့် ဝဏ္ဏခွာနီးဆိုင်မှ ဂစ်တာဝယ်ဖို့ကိစ္စသည် အတည် ဖြစ်သွားကြတော့သည်။ (ဝဏ္ဏခွာနီးသည် အဲဒီတုန်းက ဂစ်တာရူးဖြစ်၏။ သူသည် သူပိုးပန်းနေသော ကောင်မလေးအား ခေတ်ပုံရိုက်ပေးရာ နားရွက်တစ်ဖက် ပါမလာသဖြင့် ကောင်မလေးက စိတ်ဆိုးပြီး သူ့ကို အဆက်အသွယ် ဖြတ်သွားခဲ့သည်။ ဒါကြောင့် သူက ဂစ်တာကို စွန့်လွှတ်လိုက်ပြီး ခေတ်ပုံကိုပဲ သဲကြီးမဲကြီး ရိုက်လေတော့သည်။ အခုတော့ သူသည် နာမည်ကျော် ခေတ်ပုံဆရာ တစ်ယောက် ဖြစ်နေပြီ။) ဤကား စကားချပ်။

နောက်တော့ မိုးဆက်သည် ဝဏ္ဏခွာနီးတို့ဆိုင်မှ Hollow Guitar တစ်လက်ဝယ်လိုက်၏။ သို့သော် ဝဏ္ဏခွာနီးက သူ့ကို ဘုကြည့်ကြည့်မြဲ၊ သူညီမနှင့် အူတိုနေမြဲပင် ဖြစ်လေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျောင်းဆင်းခါနီးအချိန်မို့ ကျောင်းသား၊ ကျောင်းသူတွေ ကပျော်ရွှင်နေကြသည်။ မိုးဆက်သည် လွန်ခဲ့သော ဆယ်မိနစ်ခန့်ကတည်းက စီခန်းမှ အခန်းကို ရောက်နေခဲ့ပြီး ဖြစ်သည်။ သူသည် ဒီနေ့ ကျောင်းဆင်းလျှင် စန္ဒီကို ရည်းစားစကားလိုက်ပြောဖို့ ဆုံးဖြတ်ထား၏။

ဝဏ္ဏခွာနီးကိုတော့ ဇော်ကိုကိုနှင့် နန္ဒတို့က ဘူးသီးကြော်ကျွေးမယ် ဆိုပြီး တစ်ဖက်လှည့်နှင့် ကမ်းနားဖက်ကို ခေါ်သွားကြလိမ့်မည်။

စန္ဒီသည် မိုးဆက် သူမတို့ အတန်းထဲကို ရောက်လာသည်ကို လှစ်ခနဲ မြင်လိုက်ရသဖြင့် ပျော်သွား၏။ နောက် သူမ၏ လွယ်အိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ မှန်သေးသေးလေးကို ထုတ်ကာကြည့်သည်။ ဘေးမှ မာမာတို့ကို ကွယ်၍ နှုတ်ခမ်းနီကို ခပ်ပါးပါး ထပ်ဆိုးလိုက်သည်။ စန္ဒီ နှုတ်ခမ်းနီ ခိုးဆိုးနေတာကို ဉာဏ်လင်းမင်းက မြင်သွားပြီး မိုးဆက်ကို ပြသည်။ မိုးဆက်သည် ရင်ခုန်စွာ စန္ဒီ့အပြုအမူမှန်သမျှကို မြတ်နိုးနေမိ၏။

ကျောင်းသားများသည် လွယ်အိတ်များကို အဆင်သင့် လုပ်ထားပြီး ကျောင်းဆင်းခေါင်းလောင်းသံကို စောင့်မျှော်နေကြသည်။ ခဏကြာတော့ အားလုံး မျှော်လင့်ထားသလို ကျောင်းဆင်း ခေါင်းလောင်းသံကို ကြားရပါသည်။ ကျောင်းသားတွေအားလုံး ဝေါခနဲ မတ်တတ်ရပ်လိုက်ကြ၏။

*(ကမ္ဘာမကြေ မြန်မာပြည် တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ)*
*ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါ တို့ပြည်၊*
*ဒါတို့မြေ တို့ပိုင်တဲ့မြေ တို့ပြည် တို့မြေ. . .*
*အကျိုးကို ညီညာစွာ တို့တစ်တွေ ထမ်းဆောင်ပါစို့လေ*
*တို့တာဝန်ပေ. . . အဖိုးတန်မြေ။*

ကျောင်းဆင်းပြီ။ မိုးဆက်သည် စန္ဒီ့အကျီပေါ်မှ နှင်းဆီပွင့်လေးကို ရင်ခုန်စွာ လိုက်ကြည့်နေ၏။ ထိုစဉ် စန္ဒီ့ဆီမှ အကြည့်တစ်ချက်က ဝေ့ခနဲ ရောက်လာသည်။ အကြည့်ချင်းဆုံသောအခါ သူမ နှုတ်ခမ်းတွေက ပြုံးရောင်သမ်းသွားပြီး ချက်ချင်းဆိုသလို အကြည့်လွှဲသွားပြန်၏။ ပြီးတော့ မာမာတို့၊ သူဇာတို့နှင့် တိုးတိုး တိုးတိုး ပြောကာ ရယ်ကြပါသည်။



သူမတို့သည် မိုးဆက်၏ ပုံစံကြောင့် ဒီနေ့ နည်းနည်း ထူးခြားတော့မည်ဟု ခန့်မှန်းနေကြ၏။ ကျောင်းသူတချို့က အဆင်းလှေကားဖက်၌ စုပြုံတိုးဝှေ့နေပြီး တချို့ကတော့ စက်ဘီးကို ကျောင်းဝင်းအပြင်ရောက်အောင် ကြိုးစားနေကြရသည်။ မိုးဆက် ကံကောင်းသည်။ မိုးမရွာတော့တဲ မိုးသားတွေက ကြည်စင်ပြာလဲ့နေ၏။ ဒီလိုရာသီဉတု အခြေအနေမှာ ကိုယ်ချစ်တဲ့ကောင်မလေးတစ်ယောက်ကို ချစ်ရေးဆို ခွင့်ရတာ သူ ကံကောင်းတာပေါ့။

အခုချိန်လောက်ဆို ဝဏ္ဏခွာနီးကို ဇော်ကိုကိုနှင့် နန္ဒတို့ ကမ်းနားလမ်းက ဘူးသီးကြော်ဆိုင်ဆီ ခေါ်သွားနေလောက်ပြီ။ မိုးဆက်သည် စန္ဒီသွားမည့်လမ်းရှေ့သို့ ကြိုရောက်အောင် သွားနှင့်လိုက်၏။ သူမ၏ သွားပုံ၊ လာပုံကို သူက စုံစမ်းထားပြီးသား။ စန္ဒီသည် မာမာနှင့် သူဇာတို့နှင့် လမ်းခွဲလာပြီး တစ်ယောက်တည်း ဆက်လျှောက်လာခဲ့သည်။

သူမစိတ်ထဲတွင် မိုးဆက် ဘယ်ပျောက်သွားပါလိမ့်ဟု တွေးနေဆဲ မိုးဆက်က လမ်းထိပ်ထောင့်အကွေ့မှာ ရပ်စောင့်နေတာ လှမ်းမြင်လိုက်ရသည်။

ဒုက္ခပါပဲ။ သူမသည် နှုတ်ခမ်းကို ခပ်တင်းတင်း စေ့၍ ခြေလှမ်းတွေကို ပိုမိုသွက်လက်စွာ လှမ်းလျှောက်ပစ်လိုက်၏။

"စန္ဒီ"

သူမ နာမည်ကို ခေါ်သံက ဘေးနားတွင် ကပ်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင် မျှော်လင့်ထားပြီး ဖြစ်သော်လည်း တကယ်တမ်းတွင်မူ သူမ ရင်တွေ ခုန်နေလေသည်။

မိုးဆက်က စန္ဒီနှင့် ဘေးချင်းယှဉ်ကာ လျှောက်ရင်းမှ ဒုတိယအကြိမ် သူမကို ထပ်ခေါ်ပြန်သည်။

"စန္ဒီ"

သူမသည် မိုးဆက်ကို ခေါင်းငုံ့၍ ကြည့်လိုက်ပါသည်။ သူမ ခြေလှမ်းတွေကလည်း သိသိသာသာပင် နှေးကွေးသွား၏။ သူမက ပြောပါသည်။

"သူနဲ့ တို့နဲ့ သိလို့လား"

မိုးဆက်သည် ပခုံးကို တွန့်လိုက်၏။

"သိတယ်လေ၊ အရမ်းခင်တာကြီးကို မမှတ်မိဘူးလား"

"ဟင့်အင်း မမှတ်မိပါဘူး၊ ဘယ်တုန်းကပါလိမ့်"

"ကျွန်တော့် စိတ်ကူးထဲမှာ"

မိုးဆက်စကားကြောင့် သူမက လှပစွာ ရယ်မောပါသည်။ သူမ ရယ်မောလိုက်ပုံကို မိုးဆက်က ငေးကြည့်နေ၏။

"သူ့ စိတ်ကူးထဲမှာ သူနဲ့တို့က အရမ်းရင်းနှီးတယ် ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ပြီးတော့ ချစ်သူတွေ"

ဒီတစ်ခါတော့ သူမ ခဏငြိမ်သွားသည်။ နောက် စန္ဒီက သူ့ကို ခပ်စူးစူး တစ်ချက်ကြည့်၏။



"ဘယ်လိုကြီးလဲ၊ ရည်းစားစကားလာပြောနေတာလား"

"အင်း. . . အဲဒီလို ယူဆမယ်ဆိုရင်လည်း ရပါတယ်"

ထိုအခါ စန္ဒီက နှုတ်ခမ်းကိုကိုက်ပြီး မျက်စောင်းထိုးလေသည်။

"ကျွန်တော့်စိတ်ကူးထဲမှာလည်း အဲဒီလိုပဲ၊ ချစ်သူက နှုတ်ခမ်း ကိုက်ပြပြီး မျက်စောင်းလှလှလေးတွေ ထိုးတတ်တယ်"

စန္ဒီသည် ရယ်ချင်စိတ်ကို ထိန်းမရတော့ဘဲ တစ်ဖက်သို့ မျက်နှာလွှဲကာ ခိုးရယ်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် သူမ ပျော်ပါသည်။

အချစ်သည် ပျော်ရွှင်စရာများကို သယ်ဆောင်လာတတ်၏။

"စန္ဒီ ကျောင်းပြန်ရင် နေ့တိုင်း ကျွန်တော် ပြန်လိုက်ပို့မယ်၊ သိလား"

"ကိုဝဏ္ဏနဲ့တိုးလို့ ပြဿနာဖြစ်ရင်တော့ တို့ မသိဘူးနော်"

"ရပါတယ်၊ ဒီလောက်တော့ ကျွန်တော် သတ္တိရှိရမှာပေါ့"

မိုးဆက်သည် စန္ဒီရှေ့မှာ တကယ့်ကို အရွယ်ရောက်ပြီးသော ယောကျ်ားတစ်ယောက်လို အစစ အရာရာ ဦးဆောင်နိုင်သူ ဖြစ်ချင်မိသည်။

စန္ဒီတို့ လမ်းထိပ်ကိုရောက်တော့ သူနေရစ်ခဲ့ရသည်။ မိုးဆက်သည် စန္ဒီကို နှုတ်ဆက်ပြီး 'ပွင့်ဖြူ' လက်ဖက်ရည်ဆိုင်သို့ ပြန်လာခဲ့၏။ အဲဒီမှာရှိသော သူငယ်ချင်းတွေကို သူနဲ့ စန္ဒီ၏ ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



ရေး အား ပြောပြရဦးမည် ဖြစ်သည်။ ညဦးပိုင်းကိုရောက်လျှင် ကိုဦးနဲ့ ညကျလင်းမင်းကို ခေါ်ပြီး စန္ဒီအိမ်ရှေ့မှာ ဂစ်တာသွားတီးဖို့ သူစိတ်ကူးထား၏။

ညနက်တဲ့ အထိ အိမ်ပြင်ထွက်လို့ ဖေဖေနဲ့ ပြဿနာတက်ရင်လည်း တက်ပါစေတော့။

ပွင့်ဖြူဆိုင်ရှေ့ကိုရောက်တော့ သူ့ကို သူငယ်ချင်းတွေက လူစုံ တက်စုံ စောင့်နေကြလေသည်။ မိုးဆက်က သူတို့ကို ဆိုင်အဝင်ဝမှာပင် လက်မထောင်ပြလိုက်၏။ မိုးဆက် သည် ဝိုင်းထဲမှာ ဝင်ထိုင်လိုက်ရုံသာ ရှိသေးသည်။ ကိုဦးက မှတ်ချက်ချပါသည်။

"ရုပ်ကိုက အဖေဆီက ပိုက်ဆံတိုလို့ရလာတဲ့ ရုပ်နဲ့"

ဇော်ကိုကိုက. . .

"မိုးဆက် ဟော့ကောင်၊ မင်း ကံနိမ့်နေပြီ၊ ယတြာလေး ဘာလေး ချေဦး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"မင်းနဲ့ စန္ဒီနဲ့က အဆင်ပြေတော့မယ်လေ"

"အဲဒါနဲ့ ငါ ကံနိမ့်တာနဲ့ ဘာဆိုင်လို့တုံး"

ဇော်ကိုကိုက ပြန်မပြောခင် ဆရာကြီးလေသံနှင့် တဟဲဟဲ ရယ်လိုက်သေး၏။

"အဲဒါကြောင့်ပြောတာ၊ မင်းတို့တွေ ဗဟုသုတမရှိ၊ ဘာမရှိနဲ့၊ မင်းတို့ မကြားဖူးဘူးလား၊ ယောက်ျားလေးတစ်ယောက် ကံနိမ့်ပြီ



ဆိုရင် ခွေးကိုက်၊ လူရိုက်၊ မိန်းမကြိုက်တဲ့၊ မင်းကို စန္ဒီက ကြိုက်နေပြီလေ၊ ခွေးကိုက်ခံရဖို့ရယ်၊ လူရိုက်ခံရဖို့ရယ်ပဲ ကျန်တော့တယ်"

အားလုံးက ဝိုင်းရယ်ကြပါသည်။ ဇော်ကိုကို စကားကြီးက ဘာကြီးမှန်းလည်းမသိ။ သို့သော် အဲဒီ အူကြောင်ကြောင် စကားကြီးကို ဘာပြန်ပြောရမှန်းလည်း မသိ။

နန္ဒက ဝင်ပြောပြန်၏။

"ဒီကောင့်ကို ကိုက်မယ့်ခွေးက စန္ဒီ့အဖေ မွေးထားတဲ့ အင်းခွေးကြီးပဲ ဖြစ်မှာ၊ ဒီကောင့်ကို ရိုက်မယ့်လူကတော့ ဝဏ္ဏခွာနီးဖြစ်လိမ့်မယ်"

ဝါးခနဲ ရယ်သံတွေက ဆူညံသွားကြပြန်သည်။ မိုးဆက်သည် ထိုခဏလေးမှာပင် စန္ဒီကို သတိရသွား၏။

မင်းကိုချစ်မိတာ သူများတွေ ရယ်စရာကြီးကို ဖြစ်လို့ပါလား အချစ်ရေ. . .

မိုးစက်တွေသည် တဖြောက်ဖြောက် အသံမြည်နေကြ၏။

သူ့ရင်ထဲက အလွမ်းများကတော့ တိတ်ဆိတ်နေလေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မာကျူရီလမ်းမီးများသည် မိုးငွေ့များနှင့် ရောထွေးကာ ခပ်ဝေဝါး ဖြစ်နေ၏။ စန္ဒီတို့ အိမ်ရှေ့လမ်းမသည် ငြိမ်းချမ်းစွာ တိတ်တဆိတ် အိပ်မက်ဆန်နေတော့သည်။ လမ်းထောင့်က အုတ်ခုံပေါ် သို့ မီးရောင်က တစ်ဝက်တစ်ပျက် ဖြာကျလျက်ရှိသည်။

သူတို့သုံးယောက်သည် ထိုအုတ်ခုံလေးမှာ ဝင်ထိုင်လိုက်ကြ၏။ ကိုဦးက ဂစ်တာကြီးကို ညှိနေစဉ်မှာ မိုးဆက်က စန္ဒီတို့ အိမ်သို့ ငေးမျှော်ကြည့်နေသည်။ ဉာဏ်လင်းမင်းဆီမှ အသံထွက်လာ၏။

"ကဲ. . . ဘာသီချင်းတီးမလဲ"

ဉာဏ်လင်းမင်းက မိုးဆက်ဆီမှ သဘောထားတောင်းခံသလို မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကာရန်လေး"

မိုးဆက်၏ အဖြေက ကြိုတင် စဉ်းစားထားပြီးသားမှန်း သိသာလှသည်။ နောက်တော့ ကိုဦး၏ Hollow ဂစ်တာသံသည် ထိုဆိတ်ငြိမ်သော လမ်းထိပ်၌ စတင်ပျံ့လွင့်လာတော့သည်။

မယ်မဒီလေးလား မှားမိတယ် သူကကွယ်
သိပ်ချော ချောလွန်းတယ်. . .
ကေသာလေးက ဝိတုန်းရောင်ခြယ်
လှနိုင်လွန်းတယ်. . . . ကာရန်လေးရယ်. . . .
အကြင်နာကြည့်တဲ့ သူ့မျက်လုံးတွေ
မြင်သူတကာတိုင်းလည်း စွဲကျန်လိမ့်မယ်. . . .
မှန်မခြယ်ဘဲနဲ့ လှတဲ့ အလှကို ကဗျာတွေဖွဲ့လည်း. . . .
မမီနိုင်ဘူးကွယ်. . . .

ဂစ်တာသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို နစ်မျောဆွဲငင်သွား၏။ မိုးဆက်၏ သီချင်းသံကြောင့် စန္ဒီ အိပ်မရတော့။ သူမသည် အခန်းမီးကို မဖွင့်ဘဲ ခန်းစီးကို မသိမသာ ဟ၍ အပြင်ကို လှမ်းကြည့်လိုက်ပါ၏။

မိုးဆက်၏ သီချင်းဆိုနေဟန်ကို သူမမြင်ရသည်။ သူ့ဘေးမှာ ကိုဦးနှင့် ဉာဏ်လင်းမင်း. . .။

စန္ဒီ နှစ်ခြိုက်စွာ ပြုံးမိသွား၏။ သူမ ရင်တွေကလည်း လှုပ်ရှား ခုန်ပေါက်နေသည်။ သူမတို့လမ်းထောင့်က အုတ်ခုံပေါ်တွင်



ကောင်လေးများစွာ ဂစ်တာလာတီးဖူးကြပါသည်။ အရင်တုန်းကတော့ သူမ စိတ်တွေ သိပ်မလှုပ်ရှားမိ။ ဒီတစ်ခါကျမှ မိုးဆက်နဲ့ကျမှ ဘယ်လိုဖြစ်ရတာပါလိမ့်။

သီချင်းသံက ဆက်လက်ပေါ်ထွက်နေသည်။

မြင်သူတကာတိုင်း လည်ပြန်ကာငေး
အခြေမခိုင်နိုင် ယိုင်လဲနေ. . .
ကိုယ်တစ်ယောက်လည်း ဒီလိုပါပဲ
သိပ် သိပ် သိပ် သိပ် ချစ်နေပြီကွယ်. . .။

ဉာဏ်လင်းမင်းက ခန်းစီးစလေး အနည်းငယ် လှုပ်ရှားသွားတာကို မြင်ရ၍ မိုးဆက်ကို လှမ်းပြလိုက်၏။ ကိုဦးကလည်း အောင်မြင်စွာ ပြုံးပြသည်။ သူတို့ သီချင်းသံကို စန္ဒီ ခိုးနားထောင်နေသည် မဟုတ်ပါလား။

သီချင်းပြီးဆုံးသွားတော့ သူတို့အဖွဲ့သည် တိုင်ပင်မထားပါဘဲ ငြိမ်သက်နေမိကြသည်။ ကိုဦးက ဂစ်တာကြိုးများကို ထိတို့ကစားနေ၏။ မိုးဆက်သည် မီးမှိတ်ထားသော စန္ဒီအခန်းလေးကို ငေးကြည့်နေဆဲမှာပင် အခန်းမီးတွေက လင်းလာသည်။ ရုတ်တရက်မို့ အားလုံးလည်း အံ့သြနေကြ၏။ ပြီးတော့ စန္ဒီ့အရိပ်ကို ခန်းဆီးနောက်ကွယ်မှ မြင်ရပါသည်။ အရိပ်ထဲမှ စန္ဒီသည် ပန်းအိုးမှ ပန်းကို နမ်းရှိုက်နေဟန်ဖြစ်၏။ မိုးဆက်က ရင်ခုန်မြန်နေပြီ။

သူတို့အားလုံး ပျော်ရွှင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အခန်းမီးများက ပြန်မှိတ်သွား၏။ အဲဒီအချိန်မှာတော့ သူတို့သည် ထိုအုတ်ခုံလေးမှ ထပြန်ကြတော့သည်။

စန္ဒီသည် ဂစ်တာထမ်းပြီးပြန်သွားသော ကောင်လေးသုံးယောက်၏ နောက်ကျောများကို ငေးကြည့်နေမိသည်။ နောက်တော့ မိုးစက်မှုန်များ ရောက်လာကာ သူမ၏ မြင်ကွင်းများက ဝေဝါး ပျောက်ကွယ်သွား၏။

❖ ❖ ❖ ❖ ❖

ဒီလိုနှင့် မိုးတွင်းရက်စွဲများကို သူတို့ ကျော်လွန်လာခဲ့ကြသည်။ မိုးဆက်သည် စန္ဒီဆီမှာ နှင်းဆီတစ်ပွင့်ပါသော အင်္ကျီ ဘယ်နှထည်ရှိသည်။ ဖိနပ်ဘယ်နှရန်ရှိသည်။ ကလစ် ဘယ်နှစုံရှိသည်။ နှုတ်ခမ်းနီ အရောင် ဘယ်နှမျိုးရှိသည်က အစ သိလာသည်။

စန္ဒီ ကျောင်းဆင်းလျှင် သူကပြန်လိုက်ပို့ရသည်။ သူသည် သူမ၏ ဘယ်သူမှ အသိအမှတ်မပြုသော မော်ကွန်းထိန်းလည်း ဖြစ်သည်။ ခွန်အားဗလနှင့် မပြည့်စုံသော ကိုယ်ရံတော်လည်း ဖြစ်သည်။

သူမတို့အိမ်ရှေ့မှာ အချစ်သီချင်းတွေကို ဂစ်တာတီးပြီး ဆိုပြရတာ သူ တော်တော် နှစ်သက်သည်။ သူသည် ဝဏ္ဏခွာနီးကိုလည်း သိပ် ဂရုမစိုက်တော့။ (စန္ဒီက သူ့ဖက်မှာ ရှိနေပြီ မဟုတ်လား။)



သူမကိုလိုက်၍ အဆင်မပြေကြသော တခြားကောင်များက မိုးဆက်ကို 'ကောက်ရိုးပုံစောင့်တဲ့ ခွေး'ဟု နာနာကြည်းကြည်း ပြောတတ်ကြ၏။ သူငယ်ချင်းများက ထိုကိစ္စမျိုးဆိုလျှင် ထိပ်တိုက် ဖြေရှင်းဖို့ တိုက်တွန်းကြသော်လည်း စန္ဒီဆီမှ 'ရန်မဖြစ်ရ' ဆိုသည့် စကားတစ်ခွန်းကြောင့် သူကသည်းခံသည်ချည်း ဖြစ်၏။ အချစ်သည် အရာရာကို ပုံသွင်းနိုင်လေသည်။

"သူ့ကို ပြောရဦးမယ် သိလား"

"ပြောလေ"

"သူ သီချင်းဆိုတာ အသံသိပ်ကောင်းတာပဲတဲ့၊ မာမာက"

"ဟုတ်လား၊ သူက ကျွန်တော် သီချင်းဆိုတာ ဘယ်တုန်းက ကြားဖူးလို့လဲ"

"ပြီးခဲ့တဲ့ စနေနေ့ညက တို့အိမ်မှာ မာမာရော၊ သူဇာရော လာအိပ်ကြတယ်လေ၊ အဲဒီတုန်းက သူတို့အဖွဲ့ ဂစ်တာလာတီးတာကို မာမာ ကြားသွားတာပေါ့"

"ဪ. . . အဲဒီလိုလား"

"ပြီးတော့ သူဇာကလည်း ပြောသေးတယ်"

"ဘာတဲ့လဲ"

"ဘယ်နေ့တွေ ဂစ်တာလာတီးတတ်လဲတဲ့၊ အဲဒါတို့က စနေနေ့ဆို ပုံမှန်လာတီးတတ်တယ်လို့၊ ကျန်တဲ့နေ့တွေကတော့ ပုံမှန်မရှိဘူးလို့ ပြန်ပြောလိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့. . ."

"အဲဒီတော့ သူဇာတို့က လာမယ့် စနေနေ့ တို့အိမ်မှာ လာအိပ်ကြလိမ့်မယ်"

"ဟားဟား ဂုဏ်ယူစရာကြီးပါလား၊ ခွေတောင် မထုတ်ရသေးဘူး၊ ပရိသတ်က ရနေပြီ"

မိုးဆက်က ပခုံးကို တွန့်ရင်းပြောတော့ စန္ဒီက လှပချိုလွင်စွာ ရယ်မောပါသည်။ သူတို့သည် မိုးရွာပြီးစ ကောင်းကင်အသစ်ကြီးအောက်မှာ အရသာရှိစွာ လမ်းလျှောက်နေကြ၏။

**"စန္ဒီကို မေးရဦးမယ်"**

**"မေးလေ၊ ဘာမေးမှာလဲ"**

**"စန္ဒီ့အင်္ကျီလေးတွေ အကြောင်းမေးချင်လို့ပါ၊ ဒီလို စန္ဒီရဲ့ စန္ဒီ့အင်္ကျီအဖြူရောင်တွေပေါ်မှာ** နှင်းဆီပန်းတစ်ပွင့်က အမြဲပါတယ်နော်၊ အဲဒါ ဘယ်လိုရအောင်ရှာဝယ်သလဲဟင်"

"ဒါက ဒီလိုလေ၊ တို့က အဖြူရောင်ကြိုက်တယ်၊ အဲဒါကြောင့် အဖြူရောင်ဆို ချုပ်ဝတ်တယ်၊ ရယ်ဒီမိတ်ဆိုလည်း အသားနဲ့ ဒီဇိုင်းကြိုက်ရင် အဖြူပြောင်ပဲ ဝယ်တယ်၊ ပြီးရင် နှင်းဆီပွင့်ပုံကို ချည်နဲ့ထိုးတာပေါ့၊ တီရှပ်မှာဆိုရင် စတစ်ကာရိုက်ပြီး ဝတ်တာပေါ့၊ သိပြီလား"

မိုးဆက်သည် စန္ဒီ့စိတ်ကူးများကို အံ့သြနေမိသည်။ ဒါကြောင့် သူမဟာ ဒီကျောင်းမှာ ဖက်ရှင်ကွင်း ဖြစ်နေတာပါလား။



"သိပြီ သိပြီ၊ စန္ဒီက သိပ်စိတ်ကူးကောင်းတယ်၊ ကျွန်တော်ဆို အဲဒါမျိုး စိတ်ကူးမိဖို့ ဝေလာဝေးပဲ"

"ဪ. . . သတိရတုန်း သူ့ကို ပြောရဦးမယ်"

"ကျွန်တော့်ကို"

"ဟုတ်တယ် ပြောမှာကလည်း အဲဒီ 'ကျွန်တော်' ကိစ္စပဲ၊ တို့ကသတိထားမိတာ ကြာပြီ၊ မိုးဆက်စကားပြောရင် 'ကျွန်တော်' ဆိုတာကြီးကို အမြဲသုံးတယ်နော်၊ အဲဒါ ဘာဖြစ်လို့လဲ"

သူမ မေးခွန်းကြောင့် မိုးဆက်က ခပ်ဖွဖွ ပြုံးမိသွား၏။ သူ့စကားတွေကို စန္ဒီက ဂရုတစိုက်ရှိသဖြင့် သူ ဝမ်းသာပါသည်။

"အဲဒါကလေ ကျွန်တော်က အကျင့်ပါနေလို့ဗျ၊ ကိုဦးတို့၊ ဉာဏ်လင်းမင်းတို့ကလွဲပြီး အားလုံးကို ကျွန်တော်လို့ပဲ ပြောတယ်၊ အဲဒါ ဘာဖြစ်လို့လဲဟင်"

"ဘာမှတော့ မဖြစ်ပါဘူး၊ စန္ဒီက အဲဒီလို အသုံးအနှုန်းမျိုးကြီးကို သိပ်မရင်းနှီးဘူးလားလို့၊ ဒါပေမဲ့ ရပါတယ်၊ သူပြောချင်သလို ပြောပါ"

နှစ်ယောက်စလုံး တိတ်ဆိတ်နေကြပြန်၏။ မြောက်ပြန်လေတစ်ချက်တိုက်လိုက်သဖြင့် သူ့ဆံပင်တွေ ပုံပျက်စွာ လွင့်ဝဲသွား၏။

"သူ့ဆံပင်တွေက ကုပ်ထောက်နေပြီ၊ မညှပ်သေးဘူးလား"

"ဟင့်အင်း Long hair ထားမလို့"

"အာ. . . မကောင်းဘူး၊ တို့တောင် မိန်းကလေးဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တိုပဲထားတာ၊ ပြီးတော့ မိုးမျက်နှာက နုနုဖပ်ဖပ်လေး ဆံပင်ရှည်ကြီးနဲ့ မလိုက်ဘူး"

"ဘယ်လို. . . ဘယ်လို"

"သူ့ကို ဆံပင်ရှည်ကြီးနဲ့ မလိုက်ဘူးလို့ ပြောတာလေ"

"မဟုတ်ပါဘူး၊ အဲဒါကို ပြောတာမဟုတ်ဘူး၊ စန္ဒီ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ် 'မိုး' ဟုတ်လား"

ဒီတော့မှ သူမလည်း စောစောတုန်းက လွှတ်ခနဲ ထွက်သွားတဲ့ သူမစကားကို သတိရသွား၏။ ရုတ်တရက် စန္ဒီ ရှက်သွားပါသည်။

မိုးဆက်ဟာ သိပ်ပါးနပ်တဲ့ကောင်ပဲ။

စန္ဒီ့ ပါးနှစ်ဖက်စလုံးမှာ ပန်းဆီရောင်ရဲနေတာကို သူက ချစ်စနိုးနဲ့ ကြည့်နေလိုက်၏။ သူမ ခေါင်းငုံ့ထားဆဲ ဖြစ်သည်။

သူမ ရှက်နေတာ နည်းနည်းကြာသွားမှ မိုးဆက်က စကားပြန်စ၏။

"ဘယ်လိုလဲ၊ ကျွန်တော် မေးနေတာကို ဖြေဦးလေ စန္ဒီရဲ့"

ထိုအခါ ဆံပင်တိုလေးတွေ ဆတ်ခနဲ ဝဲသွားပြီး သူမ ခေါင်းမော့လာလေသည်။ ပြီးတော့ မိုးဆက်ကို စူးစူးနစ်နစ် တစ်ချက် စိုက်ကြည့်၏။

"ဟုတ်တယ်၊ တို့က သူ့ကို စိတ်ထဲမှာ 'မိုး'လို့ တိတ်တိတ်လေး နာမည်ပေးထားတာ၊ မသိဘူးလား"



"ဟင့်အင်း ဘယ်သိမှာလဲ၊ ကျွန်တော့်စိတ်ထဲမှာရော စန္ဒီကြောင့် ဖြစ်နေတဲ့ စကားတစ်ခွန်းရှိတယ်၊ မကြားမိဘူးလား"

"မကြားမိပါဘူး"

"အဲဒါဆို ကျွန်တော်ပြောပြမယ်"

"အင်း. . . ဆိုစမ်းပါဦး"

"အချစ်တဲ့"

"အာ. . ."

သူမမျက်နှာက ကောင်မလေးအများစု ရှက်သွားရင် ဖြစ်နေကျ မျက်နှာမျိုးဖြစ်သွားသည်။ သူတို့နှစ်ယောက်ကြားတွင် အရာရာသည် တိတ်ဆိတ်နေ၏။ ငှက်နှစ်ကောင်က ခေတ်ကြီးပေါ်မှ မြောက်ဖက်သို့ ထပ်ျသွားသည်။

"စန္ဒီ"

သူမက မျက်ဆန်ကို ဝေ့ရင်း မော့ကြည့်၏။

"ကျွန်တော့်အချစ်ကို လက်ခံတယ် မဟုတ်လားဟင်"

"တို့က ချက်ချင်းကြီး ပြန်ဖြေရမှာလား"

"အင်းပေါ့၊ အဖြေက ရှိပြီးသားပဲ ဥစ္စာ"

"အံ့မယ် လူကိုများ အပိုင်ကြီး ပြောနေတယ်၊ အဖြေရှိပြီးသားမှန်း သူက ဘယ်လိုလုပ်သိသလဲ"

"စောစောကမှ သိတာ"

"ဘယ်တုန်းကသိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို 'မိုး'လို့ ခေါ်လိုက်တုန်းက. . ."

"အယ်. . ."

သူမရှက်နေပြန်၏။ နှစ်ယောက်သား ခဏတော့ ငြိမ်သက်နေကြသေးသည်။ စန္ဒီ နှုတ်ခမ်းတွေသည် ရင်ခုန်စရာ အတိပြီးနေလေသည်။

"သူက သိနေပြီဆိုတော့ တို့က အဖြေပေးစရာမလိုတော့ဘူးပေါ့"

"အာ. . . ဒါပေမဲ့ ကျွန်တော်က ကိုယ့်ရည်းစားဖြစ်လာမယ့် ကောင်မလေးဆီက 'ချစ်တယ်' ဆိုတဲ့ စကားကိုတော့ ကြားချင်သေးတာပေါ့၊ ပြောကွာ ချစ်တယ်မဟုတ်လား"

"သူ သိပြီးသားဆို ဘာလို့လာမေးနေသေးလဲ"

မိုးဆက်သည် သူမ မျက်ဝန်းများကို စိုက်ကြည့်၏။ နောက် သူ့ နှုတ်ခမ်းများသည် ပြုံးယောင်သမ်းလာသည်။ စန္ဒီသည် မိုးဆက်တို့ ဖျတ်ခနဲ မျက်စောင်းလှမ်းထိုးလိုက်၏။

"အိုကေ. . . အိုကေ. . . ဒါဆိုလည်း ကျွန်တော်သိတဲ့ အတိုင်းပဲ ယုံကြည်ပစ်လိုက်တော့မယ်၊ ဟုတ်ပြီလား"

ပြောပြောဆိုဆို မိုးဆက်က စန္ဒီ့လက်ကို လှမ်းကိုင်လိုက်ပါသည်။ သူမသည် အနည်းငယ် အံ့ဩနေသည်မှအပ မရုန်းပါ။ တစ်ယောက်ကို တစ်ယောက် ကြည့်မိတော့ သံယောဇဉ်တံတား တစ်စင်းကို မြင်ရ၏။



သူတို့သည် ဘာစကားမှ ထပ်မပြောကြတော့။ ခံစားမှုတွေသည် ဘာသာစကားကို ကျော်လွန် လွတ်မြောက်နေလေသည်။ သူတို့ နှစ်ယောက်ကို လက်ချင်းတွဲပြီး လမ်းလျှောက်သွားတာ မြင်ရသူတချို့က ရုပ်ရှင်ကား အသစ်တစ်ကားကြည့်ရတော့မည့် ပရိသတ်များကဲ့သို့ ရှေ့ဖြစ်လာမည့် ကိစ္စများကို ကြိုတင်ခန့်မှန်း မျှော်လင့်နေကြသည်။

စန္ဒီသည် ရှက်နေ၏။ ပြီးတော့ သူမ ကြောက်နေသည်။

"မိုး. . ."

သူသည် သူမကို သတိလက်လွတ် ငေးမောနေမိသည်။ ဘယ်လောက်တောင် ချစ်စရာကောင်းတဲ့ စိတ်ကူးလဲ။ 'မိုး' တဲ့. . .

"မိုး ဒီမှာခေါ်နေတဲ့ဥစ္စာ၊ မကြားဘူးလား. . ."

"ကြားပါတယ်၊ ကျွန်တော်က ဒီမှာ စန္ဒီ့မျက်နှာလေးကို ငေးနေတာကွ၊ ပြောလေ ပြောစရာရှိတာ"

"တို့ကြောက်တယ်"

"မကြောက်ပါနဲ့ကွာ၊ ကျွန်တော် တစ်ယောက်လုံးရှိတာပဲ"

"အဲဒီ ကျွန်တော့်ကိုပဲ တို့က ကြောက်တာ"

"ဟာ ဒီကောင်မလေး"

"ဟားဟားဟား. . . . ဟားဟား"

ထိုစဉ်တုန်းကတော့ နှစ်ယောက်သား လက်ချင်းတွဲပြီး ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



တူ ရယ်မောခဲ့ကြပါသည်။ ဟိုး ခပ်ဝေးဝေးမှာ ခရမ်းနုရောင်များက လှပစွာ လှုပ်ယမ်းနေကြ၏။

အချစ်စိတ်၏ နူးညံ့သော အဖွဲ့အနွဲ့တစ်မျိုးသည် လူငယ် ဆန်စွာ မာကျော ရဲရင့်နေပြန်သည်။

❖ ❖ ❖ ❖ ❖

အခန်း (၅)

မိုးဆက်သည် ထိုကာလများမှာပင် ဂီတကိုပိုမို စွဲလမ်းလာခဲ့သည်။ စီးကရက်တွေကိုလည်း မက်မက်မောမော သောက်စပြုလာ၏။ ဖေဖေနှင့် သူသည် ပိုမို ဝေးကွာလာ၏။ မိုးဆက်က သူ့ကိုယ်သူ ရင့်ကျက်မှု ပြည့်စုံသော ယောကျာ်းတစ်ယောက် ဖြစ်ပြီဟု ခံယူထားသော်လည်း တကယ်တမ်း သူသည် ကလေးတစ်ယောက်လို စိတ်ကူးယဉ်နေဆဲသာ ဖြစ်သည်။

ရည်းစားတစ်ယောက် ရှိလာသည့်အတွက် သူသည် ပို၍ လှချင်လာသည်။ အချစ်အတွက် သူရဲကောင်းဆန်ချင်လာသည်။

"မိုး. . ."

သူ ခေါင်းငုံ့၍ ကြည့်လိုက်၏။ ရင်ခွင်ထဲမှာ သူမသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို စဉ်းစားနေပုံရသည်။ နောက်တော့ သူမသည် သူ့ရင်ခွင်ထဲမှ ရုန်းထလာ၏။ သူက စီးကရက်ကို တစ်ချက်ရှိုက်လိုက်သည်။

"ပြောလေ စန္ဒီ"

သူမက သူ့နှုတ်ခမ်းက စီးကရက်ကို သိပ်မကျေနပ်သလို ကြည့်၏။

"မိုး အဲဒီဆေးလိပ်တွေ သိပ်သောက်တာပဲ"

"ကျွန်တော် စိတ်ညစ်လို့ပါ"

"ဘာလဲ အဘိုးကြီးနဲ့ အဆင်မပြေဘူးလား"

"အဲဒါလည်း ပါတယ်၊ ကျွန်တော်ကိုယ်တိုင်က ဆေးလိပ်ကို ကြိုက်တာလည်း ပါတယ်"

စန္ဒီက သက်ပြင်းကို ခပ်ဖွဖွချသည်။ ပြီးတော့ ခေါင်းကို ယမ်း၏။

"မိုးကို ဆေးလိပ်မသောက်ရဘူးလို့ တို့မတားပါဘူး၊ မိုး နှုတ်ခမ်းမှာ ဆေးလိပ်တပ်ထားတဲ့ ပုံစံကို တို့က သိပ်သဘောကျတာ၊ ဒါပေမဲ့ အခုပြောတာက ကျန်းမာရေးအတွက်ပါ၊ မိုး နားလည်ပါတယ်၊ လျှော့သောက်နော်၊ မိုးက လိမ္မာပါတယ်"

မိုးဆက်သည် ချက်ချင်းပင် ကိုဦး၏ 'ကောင်မလေးတွေက ရည်းစားဖြစ်သွားပြီဆို ချုပ်ချယ်ချင်ကြတယ်။ အဲဒါမျိုးကို ပါးပါးနပ်နပ် ရှောင်ထွက်ကွ' ဆိုသော စကားကို ကြားယောင်မိသွားသည်။

အင်းလေ အခု သူ စိတ်ချမ်းသာအောင် ကတိပေးလိုက်



မယ်။ သူ့ကွယ်ရာကျမှ ခိုးသောက်ရင် ရသားပဲ။ ထိုအတွေးကြောင့် သူ အနည်းငယ် ပေါ့ပါးသွားပါသည်။

"စန္ဒီက ဆေးလိပ်လျှော့သောက်စေချင်ရင် ကျွန်တော် လျှော့သောက်မယ်လေ၊ ကဲပြော တစ်နေ့ ဘယ်နှလိပ်သောက်ရမလဲ"

သူမသည် နှစ်ခြိုက်စွာ ပြုံးရင်း လက်နှစ်ချောင်းကို ထောင်ပြသည်။

"နှစ်လိပ် ဟုတ်လား"

"ဟုတ်တယ်"

သူ အနည်းငယ်တွေဝေသွား၏။

"ဘယ်လိုလဲ မိုး သဘောတူရဲ့လား"

မိုးဆက်က အင်တင်တင်နှင့်ပင် ခေါင်းညိတ်ပြလိုက်ပါသည်။

"ဒါဆို မိုး ဒီနေ့ကစပြီး ဆေးလိပ်ဝယ်သောက်စရာ မလိုတော့ဘူး၊ အဲဒီ မိုးသောက်မယ့်တစ်နေ့ ဆေးလိပ်နှစ်လိပ်ကို တို့ကိုယ်တိုင် တိုက်မယ်"

"အင်းပါ. . . စိတ်ချ"

"ကတိနော်၊ တို့ကွယ်ရာမှာ ခိုးသောက်တယ်လို့ သတင်းကြားရင် မလွယ်ဘူး"

သူ ထပ်မံ၍ ခေါင်းညိတ်ပြလိုက်ရပြန်သည်။ ထိုစဉ်တုန်းကတော့ မိုးဆက်သည် အဲဒီကိစ္စကို ခပ်ပေါ့ပေါ့သာ သဘောထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။ တကယ်တမ်းတွင် နောက်တစ်နေ့၌ စန္ဒီက သူ့အတွက် ငါးသုံးလုံး စီးကရက်နှစ်လိပ်ကို ယူလာပေးသောအခါ သူ အံ့ဩနေလေသည်။

"စန္ဒီ ဒီဆေးလိပ်တွေ ဘယ်ကရလာတာလဲ၊ ဝယ်လာတာလား"

"ဟင့်အင်း ဖေဖေ့ဆေးလိပ်ဘူးထဲက ခိုးလာတာ"

သူက ပခုံးတွန့်ကာ ဟက်ခနဲ ရယ်လိုက်၏။

"ဒါဆို နောက်နေ့တွေကျရင်ရော"

"နေ့တိုင်း အဲဒီလိုပဲ ခိုးလာမှာပေါ့၊ မေမေကလည်း ဖေဖေ့ကို ဆေးလိပ်လျှော့သောက်စေချင်နေတာ၊ အခုဆို ဖေဖေက တစ်နေ့ကို အလိုလို ဆေးလိပ်နှစ်လိပ် လျှော့သောက်ပြီးသား ဖြစ်သွားပြီ မိုးကလည်း ဆေးလိပ်ဖိုး မကုန်တော့ဘူး၊ ကဲ. . . မကောင်းဘူးလား"

မိုးဆက်သည် စန္ဒီ့အဖေ၏ စီးကရက်ဘူးထဲမှာ စီးကရက် ကုန်မည့်ရက်များကို စိုးရိမ်နေခဲ့၏။

ကိုဦးကလည်း ထိုအကြောင်းကိုသိတော့. . .

"မင်းကောင်မလေးအဖေက ငါးသုံးလုံးစီးကရက်ကို ဘူးလိုက် ဝယ်သောက်နိုင်တာဆိုတော့ သူဌေးပေါ့ကွ၊ ဘာလုပ်သလဲ"

ဟု မေးပါသည်။

"သူ့အဖေက လုပ်ငန်းတွေ အများကြီးပဲ၊ ပွဲရုံလည်း လုပ်တယ်၊ သစ်စက်လည်း လုပ်တယ်၊ ကုမ္ပဏီတွေမှာ ရှယ်ယာတွေ ဝယ်ထားတာလည်း အများကြီးကွ"



"ဩော်. . . မင်းက သူဌေးသမက်ဖြစ်ဦးမှာပေါ့"

မိုးဆက်က ပြုံးရင်း ခေါင်းကို ရမ်း၏။

"ငါက သူဌေးသမက်လည်း မဖြစ်ချင်ဘူး၊ သူဌေးလည်း မဖြစ်ချင်ဘူး၊ အဆိုတော်ပဲ ဖြစ်ချင်တာ"

ကိုဦးသည် ရယ်လိုက်တော့မလိုလုပ်ပြီးမှ မျက်နှာက ပြန်တည်သွား၏။ ပြီးတော့မှ မိုးဆက်ကို လေးလေးနက်နက် စကား ကာခွန်း ပြောပါသည်။

"ဖြစ်ချင်ရင် လုပ်ပေါ့ကွာ၊ လူဆိုတာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်မှ လူတော်ခေါ်တယ်၊ ဖြစ်သင့်တာကိုပဲ လုပ်မယ်ဆိုတာ လူညံ့တွေရဲ့ ကိစ္စကွ၊ မင်းအသံနဲ့ဆို ဖြစ်မှာပါ"

ကိုဦးစကားကြောင့် သူ နည်းနည်းအားတက်သွားသည်။ သို့သော် ဖေဖေအကြောင်း စဉ်းစားမိတော့ သူ စိတ်ဓာတ်ကျသွားပြန်သည်။ ဘယ်မှာလဲ အခွေထုတ်ဖို့ ငွေအရင်းအနှီး။ ဖေဖေက သူ့ကို အခွေထုတ်ပေးဖို့ဆိုတာ ဘယ်နည်းနဲ့မှ စဉ်းစားကြည့်၍ပင် မရသော ကိစ္စ ဖြစ်ပါသည်။

ဖေဖေသည် လူ့ဘဝကို စားဝတ်နေရေး ပြေလည်ရုံမျှ အပြင် ဘာမျှော်လင့်ချက်မှ ထားသူမဟုတ်ပေ။ သူက လူတွေ အများကြီးကြားမှာ ကြီးကျယ်ခမ်းနားသည့် ဟီးရိုးတစ်ယောက် ဖြစ်ချင်သည်။ အနုပညာသည် သူ့ကို မှော်ဆရာတစ်ယောက်လို ဖမ်းစားထားလေပြီ။ သူ့ အိပ်မက်တွေအတွက် သူသည် ပြည်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေလို့မဖြစ်၊ ရန်ကုန်လို မြို့ကြီးဆီသို့ သွားရမည်။ ဂစ်တာကို ဒီထက်မက အများကြီး တီးနိုင်ရမည်။ ဂီတနှင့် ပတ်သက်သော စာအုပ်စာတမ်းတွေ အများကြီး ဖတ်ရှုရမည်။ အသံကို လိုသလို ဖန်တီးနိုင်ရန် လေ့ကျင့်ခန်းများ၊ ပြီးတော့ အင်တာနေရှင်နယ် နုတ်တွေကိုလည်း ဖတ်တတ်ရန် လိုအပ်သည်။

"စိတ်ကူးဆိုတာ အကောင်အထည် မဖော်သေးသမျှ စိတ်ကူးပဲ။ ဒါပေမဲ့ အဲဒီစိတ်ကူးတွေကို အကောင်အထည် ဖော်နိုင်ရင်တော့ မင်း အောင်မြင်ပြီပေါ့"

ကိုဦးကတော့ သူ့ကို အမြဲ အားပေးပါသည်။ သူသည် ခဏဆိုသော အချိန်အတွင်းမှာ ဂစ်တာကို ကိုဦးနှင့် လက်ရည်တူ တီးလာနိုင်သည်။ ကိုဦးနှင့်အတူ ဂစ်တာသင်တန်းကိုလိုက်သွားပြီး သူများတွေဘယ်လိုတီးသလဲဆိုတာကို လေ့လာ၏။ ကိုဦးတို့ ဂစ်တာသင်တန်းကိုလိုက်သွားပြီး သူများတွေ ဘယ်လိုတီးသလဲ ဆိုတာကို လေ့လာ၏။ ကိုဦးကို ဂစ်တာသင်ပေးသည့် သင်တန်းဆရာကိုတော့ သူ သိပ်သဘောမတွေ့ပေ။ ဒီလူက ဂစ်တာကို ဟုတ်တိပတ်တိ သင်ပေးနိုင်တာ မဟုတ်ဘဲ သင်တန်းကြေးတွေကို ညာယူနေတာဟု သူထင်လေသည်။ သုံးလလောက်ကြာတော့ သူက ကိုဦးကို ပြောရ၏။

"ကိုဦး မင်း အဲဒီမှာ ဂစ်တာ မသင်နဲ့တော့ကွာ၊ ငါတို့တီဒီထက်မက အဆင့်မြင့်မြင့် သင်ပေးနိုင်မယ့် ဆရာတစ်ယောက်ဆီမှာ သင်တန်းပြောင်းတက်မယ်၊ ငါပါ အဲဒီသင်တန်းကို လိုက်တက်မယ်ကွာ"



"မင်းအဖေနဲ့ ဖြစ်ပါ့မလားကွ"

"သူမသိအောင် ခိုးတက်မှာပေါ့"

ဒီလိုနှင့် သူတို့ကို ဂစ်တာသင်ပေးမည့် ဆရာတစ်ယောက်ကို ရှာကြရသည်။

ပထမဦးဆုံး သူတို့ ပဏာမ ရွေးချယ်သည့် ဆရာနှစ်ဦးရှိ၏။ တစ်ယောက်က Magic Box ဆိုသည့် တီးဝိုင်းငယ်တစ်ခုမှ လီဒ်ဂစ်တာသမား ကိုဂျင်မီဖြစ်ပြီး နောက်တစ်ယောက်က သီချင်းရေးဆရာပေါက်စ ကိုသက်အောင် ဖြစ်၏။ အချက်အလက်ပေါင်းစုံကို ထည့်စဉ်းစားပြီးသွားသောအခါ သူတို့က ကိုသက်အောင်ကို ရွေးချယ်လိုက်ကြသည်။

အတန်းတင်စာမေးပွဲတွေက နီးနေပြီ ဖြစ်သော်လည်း သူတို့က စာဖက်ကို သိပ်ဦးမလှည့်တော့။ ကိုသက်အောင် အိမ်မှာပဲ အချိန်ဖြုန်းတာတွေ များလာသည်။ ကိုသက်အောင်က ဂစ်တာတီးသင်ပေးသည့်အပြင် ဖန်တီးမှု (Creation) အကြောင်းကိုပါ ပြောပြ၏။ သူရေးထားသည့် ကိုယ်ပိုင်သံစဉ်သီချင်းတွေကိုလည်း သူတို့ကို ပေးအားထောင်၏။

"ကိုသက် သီချင်းတွေက အရမ်းမိုက်တယ်ဗျာ၊ ကျွန်တော်သည်း ရေးတတ်ချင်လိုက်တာ"

မိုးဆက်က ထိုကဲ့သို့ ပြင်းပြစွာ ပြောလျှင် ကိုသက်အောင်က ပြုံးရင်း 'နောက်တော့ ဖြစ်လာမှာပေါ့ကွာ'ဟု ပြောလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကိုသက်အောင်၏ အနုပညာသမားဘဝကို လေးစား အထင်ကြီးကြလေသည်။ ကိုသက်အောင်သည် တစ်ယောက်တည်း သမား။ လွန်ခဲ့သော ခြောက်လခန့်က ကိုသက်အောင်၏ အမေသည် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။

သူ့အမေရှိစဉ်တုန်းကတော့ ကိုသက်အောင်က ဟိုတယ် တစ်ခုမှာ စားပွဲထိုးလုပ်သေးသည်။ ဒါပေမဲ့ သူ့အမေ မရှိတော့သည့် နောက်ပိုင်း သူသည် ထိုအလုပ်မှ ထွက်ပစ်လိုက်သည်။

မိုးဆက်တို့၊ ကိုဦးတို့လို ချာတိတ်တချို့ကို ဂစ်တာသင်ပေး ရသည့်အခါ သင်တန်းကြေး အနည်းငယ်ကို သူရတတ်သည်။ ဟို တလောတုန်းက ရန်ကုန်မှ နာမည်အတော်အသင့်ရှိသော အဆိုတော် တစ်ဦးက သူတို့ဟိုတယ်မှာ လာတည်းရင်းနှင့် ခင်မင်သွားပြီး သူ့ သီချင်းနှစ်ပုဒ်ကို သူ့အခွေထဲ ထည့်ဆိုပါသည်။ သို့သော် ကံဆိုးစွာ အခွေက မပေါက်သဖြင့် သူ့သီချင်းတွေကိုလည်း လူသိပ်မသိလိုက်။ ဒါပေမဲ့ သီချင်းရေးခအဖြစ် ငွေငါးထောင်လောက် သူရလိုက်၏။

"အနုပညာဆိုတာကို တော်ရုံ တန်ရုံ သွေးအမျိုးအစားနဲ့တော့ သွားရင်မဆိုင်နဲ့၊ သိပ်ကြောက်စရာကောင်းတယ်ကွ"

ကိုသက်အောင်၏ စကားတွေကို သူတို့က တောက်ပသော မျက်လုံးများဖြင့် မျှော်လင့်ချက်ကြီးမား ပြင်းထန်စွာ နားထောင်ခဲ့ကြသည်။ လူငယ်တွေ၏ အနုပညာဘဝသည် ဒီလိုပဲ စတင်ကြရလေသည်။

❖ ❖ ❖ ❖ ❖



ဒီလိုနှင့်ပင် အချိန်ကာလတို့သည် ကုန်လွန်သွားခဲ့ကြ၏။ အခုဆို နွေရာသီကျောင်းပိတ်ရက်မို့ မိုးဆက် အားနေ၏။ ကျောင်း ဘဖက်ကို ပေါ့လျော့ခဲ့ကြသော်လည်း သူတို့အားလုံး ကိုးတန်းကို အောင်လာခဲ့ကြ၏။ အဖေကလည်း စာမေးပွဲအောင်သဖြင့် သိပ် အပြစ်မပြောတော့. . .။

ကျောင်းပိတ်ရက်များအတွင်း ကိုသက်အောင်အိမ်မှာ နေ့စဉ်လို သူတို့ ဂစ်တာသွားတီးဖြစ်ကြသည်။ စန္ဒီကိုတော့ ဒီကျောင်း ပိတ်ရက်များအတွင်း သိပ်မတွေ့ရ။ စန္ဒီဆီမှ ငါးသုံးလုံးစီးကရက်တွေ သည်း ဝေးခဲ့ရသည်။ အရင်ကျောင်းဖွင့်ချိန်တုန်းကဆို သူမက သော ကြာနေ့ရောက်လျှင် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေအတွက်ပါ စီးကရက်လေးလိပ်ကို ပိုယူလာတတ်သည်။

သူသည် စန္ဒီနှင့်ရော၊ စန္ဒီယူလာပေးမည့် စီးကရက်တွေရော နှင့် ဝေးနေတာကြာပြီ။

ကိုသက်အောင်ဆီမှ သီချင်းများ၊ ကဗျာစာအုပ်များ၊ ဝတ္ထုနှင့်ပန်းချီအကြောင်းများကိုလည်း ကြားရ၏။ အနုပညာသည် ချစ်ခြင်းမေတ္တာကို ပိုမိုလှပခမ်းနားလာစေပါသည်။ မိုးဆက်သည် မေဖေနှင့် အဆင်မပြေသော ထိုရက်စွဲများအတွင်း ပထမဆုံးအကြိမ် အမေ့ကို လွမ်းလွမ်းဆွတ်ဆွတ်တမ်းတမိ၏။ မေမေဟာ အခုလို ရပ် ခြားမြေခြားမှာ ဘဝတစ်ခုကို ထူထောင်ရပ်တည်ဖို့ ဘယ်လိုအရာ တွေက စေ့ဆော်တွန်းအားပေးခဲ့ပါသလဲ။ ဖေဖေ့ရဲ့ ညှို့ဖျင်းမှုကြောင့်ပဲ ဖြစ်မှာ. . .။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တွင် မေမေ့ဘက်မှ အဘွားရှိသေးသည်ဟု သိရသော်လည်း သူ့မှာလိပ်စာမရှိ။ ဖေဖေ့ဆီမှ မေမေနှင့်ပတ်သက်ပြီး အဘွားလိပ်စာကို သိရဖို့ကလည်း အဝေးကြီးဖြစ်သည်။

သူ့အတွက် အရာရာသည် ခက်ခဲပင်ပန်းလေသည်။ ဂီတသည်လည်း ခက်ခဲသည်။ အချစ်သည်လည်း ခက်ခဲသည်။ မေမေ့အကြောင်းသိရဖို့လည်း ခက်ခဲသည်။ ငွေကြေးသည်လည်း ခက်ခဲသည်။

မိုး. . . ။

စန္ဒီဆီမှ သူ့နာမည်ခေါ်သံချွဲချွဲလေးကို ကြားယောင်မိ၏။ သူမကိုယ်ပေါ်မှ နှင်းဆီပွင့်များသည် အသက်ဝင်လာသလို ခံစားရသည်။ နှင်းဆီပွင့်ဖတ်များမှ ရနံ့တစ်မျိုးသည် သူ့ကို မူးယစ်သွားစေသည်။

နှင်းဆီ. . .

နှင်းဆီ. . . . နှင်းဆီတွေ. . . အခန်းဆက်။

အခန်းဆက် နှင်းဆီတွေပေါ့။

မိုးဆက်သည် ပထမဆုံး 'အခန်းဆက်နှင်းဆီ' ဆိုသည့် စာသားကို ချရေးလိုက်မိ၏။

ရနံ့တွေ လေထဲတုန်ခါနေပြီ

အတွေးတွေ မှုန်တိုင်းလိုပြင်းထန်နေ

မင်းနှုတ်ခမ်းဟာ အတောင်ပံတွေအဖြစ် ငါ့ရင်ထဲ



အခန်းဆက် နှင်းဆီ. . . .

အလွမ်းရဲ့ကျိန်စာမှာ

မဝေးဘူးဆိုတဲ့ မင်းရဲ့စကားတွေ

ငါ့နားထဲမှာ စိုးမိုးထားဆဲ. . . .

အိပ်မက်လိုနှင်းဆီရနံ့တွေနဲ့

တိတ်ဆိတ်စွာ အသက်ရှင်နေထိုင်ခြင်းများ

အခန်းဆက်လိုက်. . . ။

အခန်းဆက် နှင်းဆီ. . . ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဆယ်တန်းတွေ ကျောင်းပြန်ဖွင့်တော့ မိုးဆက်က တကယ့်ဂီတသမားကြီးတစ်ယောက်လို အချိုးပြောင်းစပြုလာသည်။ သူ၏ အနေအထိုင်၊ အတွေးအခေါ်တွေသည် အရင်လိုမဟုတ်တော့။

လူငယ်ဆန်သော်လည်း ပေါ့ပျက်ပျက်မဟုတ်တော့ဘဲ တည်ကြည်လေးနက်လာ၏။ ကိုဦးနှင့်တွဲပြီး မိုးဆက်က သီချင်းတွေ အများကြီး ရေးလေသည်။ ညဘက်ဆို စန္ဒီတို့အိမ်ရှိရာ လမ်းထောင့်အုတ်ခုံပေါ်တွင် ထိုသီချင်းများကို သူတို့ဆိုကြသည်။ သူများသီချင်းတွေကို သိပ်မဆိုတော့။

ကမ်းနားတွင် သူတို့တွေ့နေကျ ညောင်ပင်ကြီးတစ်ပင်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ရေစီးသံသည် တုန်ခါမှုတစ်မျိုးနှင့် ရောနှော နေ၏။

"အဲဒီသီချင်းက အခန်းဆက်နှင်းဆီတဲ့။ ပြီးခဲ့တဲ့ နွေရာသီ ကျောင်းပိတ်ရက်တွေတုန်းက မင်းကို လွမ်းပြီးရေးထားတာ. . ."

"မိုးကတို့ကို လွမ်းလို့ သီချင်းရေးထားတာ ဟုတ်လား"

သူက ဆိုပြတော့ သူမက အံ့ဩနေပြီးမယုံနိုင်သလိုမေး၏။

"ဘာလဲ. . . မယုံဘူးလား"

ထိုအခါ စန္ဒီက ပြုံးရင်းမှ သူ့ကို ခပ်တည်တည်စိုက်ကြည့် ၏။ သူမသည် ငြိမ်သက်နူးညံ့နေရာမှ လှုပ်ရှားလာသည်။

"မိုးက တို့ကို အရမ်းချစ်တာပဲလား"

ပြီးတော့ သူ့ဘာမှ ပြန်မပြောခင်မှာပဲ တဆတ်ဆတ်တုန် နေသော မိုးဆက်နှုတ်ခမ်းတွေကို သူမ လက်ညှိုးဖြင့် ဖိကပ်လိုက်သ သည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခံစားမှုကို ဖလှယ် ကြ၏။

သူမမျက်ရည်ဝဲလာသည်။

ခဏကြာတော့ မိုးဆက်ရင်ခွင်ထဲမှာ သူမငြိမ်သက်နေ၏။ အရာရာသည် သူတို့နှစ်ယောက်ကြားတွင် တိုးတိတ်စွာလွင့်ပျံ့နေ ကြသည်။

"ဟိုးမှာ ကြည့်စမ်း. . . မိုး. . ."

သူမ ညွှန်ပြသည်မှာ မြစ်ကွေ့ဆီတွင် ခပ်ဝါးဝါး ဖြစ်နေ



သော သဲသောင်တစ်ခုဖြစ်၏။ ထိုသဲသောင်သည် နွေဆို ဒီထက်ပိုလှ တတ်ပါသည်။

"လှတယ်နော်. . ."

"ဟုတ်တယ်. . .၊ အဲဒီကို ရောက်ဖူးချင်လိုက်တာ. . . မိုး အဲဒီကို ရောက်ဖူးသလားဟင်"

သူမစကားကြောင့် သူက တိုးဖွဖွစွာ ရယ်မော၏။

"ဘယ်ရောက်ဖူးမှာလဲကွ. . .၊ အဝေးကြီးသွားရမယ်ထင် တယ်"

"မိုး. . . အဲဒီကို တို့တွေတစ်ရက်လောက်သွားရ အောင်လေ။ ပျော်စရာကောင်းမှာပဲ"

"အင်း. . . စန္ဒီသွားချင်တယ်ဆို ကျွန်တော်ပို့ပေးမှာပေါ့"

သူမဆီမှ ခိုးခိုးခစ်ခစ်ရယ်သံတွေကို ကြားရပြန်သည်။ သူ သည် ထိုရယ်သံတွေထဲမှ တုန်ခါနေသော ခံစားချက်တစ်မျိုးကို သတိ ထားမိ၏။

"ဘယ်တော့လဲ"

"အင်း. . . အခုတော့ မပြောတတ်သေးဘူး။ အဆင်ပြေ တဲ့တစ်နေ့ ဖြစ်မှာပေါ့"

"မိုးက တို့ကို သိပ်အလိုလိုက်တာပဲနော်"

"ချစ်တာကိုးကွ. . ."

"အို. . ."

www.burmeseclassic.com

www.burmeseclassic.com



စန္ဒီ့အသံသည်- အဖျားလှုပ်ခတ်၍ တိုးဝင်သွားသည်။ ချစ်ခြင်းက သူမ၏ တည်ငြိမ်မှုများကို တွန်းတိုက်နေ၏။ ခွန်နှင့်အား နှင့် စီးဆင်းနေသော ဧရာဝတီသည် တစ်စုံတစ်ရာကို လျှို့ဝှက်ထား သလို ခံစားရ၏။ မြစ်ရေစီးသံသည် မိုးဆက်အတွက် ဂီတတစ်မျိုး လည်း ဖြစ်လေသည်။

အရာရာမှာ သူတို့နှစ်ယောက်ကြားတွင် သေးမွှားသော အမှုန်အစလေးတွေ ဖြစ်သွားကြသည်။

"မိုး... တို့ကိုချစ်ရင် ဆယ်တန်းအောင်အောင် ဖြေနော်။ အခုဆို မိုးက ကျောင်းစာကို လုံးဝဂရုမစိုက်ဘူး ဖြစ်နေတယ်။ ဘဝ တစ်ခုကို ထူထောင်တယ်ဆိုတာ ပညာတတ်မှ ဖြစ်မှာ... သိလား"

"အင်းပါ... စန္ဒီရဲ့၊ ကျွန်တော် ကြိုးစားမှာပေါ့"

ထိုစဉ်တုန်းကတော့ နိုင်မာသော ကတိကို သူပေးခဲ့သော် လည်း တကယ်တမ်းတွင် ဆယ်တန်းစာမေးပွဲကို သူဝင်ဖြေဖြစ်ဖို့ မသေချာပေ။ ဖေဖေနောက်မိန်းမယူသည့်ကိစ္စနှင့် ပတ်သက်၍ အကြီးအကျယ်စကားများပြီး သူအိမ်ပေါ်မှ ဆင်းလာခဲ့သည်။ မေမေ့ နေရာမှာ အစားထိုးဝင်လာသော ထိုမိန်းမသည် ရပ်ကွက်ထဲတွင် ယောကျ်ားရှုပ်သည်ဟု နာမည်ကြီးသော တစ်ခုလပ်ဒေါ်မာလာ ဖြစ်၏။ ထိုမိန်းမက ဖေဖေ့ကို ခေါ်သော အစ်ကိုကြီးဆိုသည့်အသံ ကို သူ့နားထဲတွင် ဘယ်လိုမှ မခံစားနိုင်ခဲ့။

ဖေဖေသည် မေမေ့နေရာမှ အစားထိုးဖို့ ဒေါ်မာလာကို



ဘယ်လိုဦးနှောက်မျိုးဖြင့်၊ ဒါမှမဟုတ် ဘယ်လိုနှလုံးသားမျိုးဖြင့် ခံစား ရွေးချယ်ခဲ့သည်ကို သူသိချင်လှပါသည်။

အရာရာသည် သူ့အတွက် လေထဲမှာ လွင့်ဝဲနေ၏။ ပေတေ လေလွင့်နေသော လူငယ်တစ်ယောက်၏ ဂစ်တာကိုင်ထားသည့် ခရီးစဉ်သည် စတင်ခဲ့ပြီ။ သူ့ဆီတွင် အိပ်မက်တွေကို သံဝဉ်လုပ် ထားသော သီချင်းများပါသည်။ မိုးတိမ်တွေလိုပဲ သူရွေ့လျား တော့မည်။

"ဟော့ကောင်... မင်းကို စန္ဒီက တွေ့ချင်လို့တဲ့။ အဲဒါ ညနေကျရင် ကမ်းနားက လာနေကျနေရာကို လာခဲ့ပါတဲ့"

ကိုသက်အောင်အိမ်မှာ မိုးဆက်ရှိနေစဉ် ဇော်ကိုကိုက ထို သတင်းကို သယ်ဆောင်လာခြင်း ဖြစ်သည်။ ထိုသတင်းကြောင့် မိုး ဆက် တော်တော်စိတ်ညစ်သွား၏။ စန္ဒီသည် သူ့အနာဂတ်အစီအစဉ် များအား ဘယ်လိုမှ လက်ခံလိမ့်မည်မဟုတ်ပေ။

ထိုအကြောင်း စဉ်းစားမိတော့ စန္ဒီသည် ပိုမိုဝေးကွာသွား သလို ခံစားရ၏။ သူ့ဆီမှာ စန္ဒီအတွက် အိပ်မက်များသာရှိပါသည်။ အခုခေတ် မိန်းကလေးတွေက အိပ်မက်တွေကို ရင်မခုန်ကြတော့ ဘူးကွ ဆိုသည့် ကိုသက်အောင်၏ စကားကို သူ ပြေး၍သတိရမိ သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ညနေခင်း နေရောင်မှာ ခပ်နွေးနွေးမှုပြာကျနေ၏။ ညောင်ပင်ကြီးသည် အမြစ်တွေ အများကြီးနှင့် ကြည့်၍ အလွန်လှပါသည်။ တချို့အမြစ်တွေက ကမ်းပါးနံရံတွင် ပေါ်နေပြီး၊ တချို့အမြစ်တွေက မြစ်ဘက်သို့ လေထဲတွင် တွဲလွဲကျနေ၏။

မိုးဆက်က လက်မှနာရီကို ကြည့်လိုက်၏။ ၄း၄၀. . .။ ဒီအချိန်ဆိုရင်တော့ စန္ဒီရောက်ဖို့ကောင်းပြီဟု သူတွေးလိုက်ပါသည်။ ထိုစဉ်မှာပင် စန္ဒီက လမ်းပေါ်မှ ကမ်းနားအောက်ကို ဆင်းလာသည်။ အနက်ရောင်လက်ပြတ်ပေါ်တွင် အဖြူရောင်နှင်းဆီပွင့်သေးသေး တစ်ပွင့်ပါသော အင်္ကျီလေးကို ဝတ်ထား၏။ သူမမျက်နှာသည် သောကကြောင့် ခပ်နွမ်းနွမ်းဖြစ်နေသည့်ကြားမှ လှပနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



“စောင့်နေတာ ကြာပြီလားဟင်. . . မိုး”

“ဆိုပါတော့. . .”

“ဟင်. . . မိုးဉစ္စာက ဘာကြီးလဲ၊ ဆိုပါတော့ဆိုတာ အချိန်ဘယ်လောက်လဲ။ တစ်နာရီလား၊ နှစ်နာရီလား”

သူမ၏ မေးခွန်းကြောင့် မိုးဆက်ခပ်သောသော တစ်ချက်ရယ်လိုက်ပါသည်။ ထိုအခါ စန္ဒီ့ဆီမှ မျက်စောင်းတွေက ရောက်လာ၏။

“တွေ့လား။ ဘယ်လိုဂျစ်ကန်ကန်ကောင်မလေးမှန်းကို မသိဘူး။ သူကလည်း နောက်ကျသေးတယ်။ သူကပဲ ပြန်ရစ်နေတယ်”

သူမသည် ပြုံးစိစိနှင့် ပေကတ်ကတ်လုပ်နေ၏။ မိုးဆက်သည် စန္ဒီ၏ ထိုအမူအရာလေးများတွင် ဘဝအမောတွေ ခဏတော့ မေ့သွားပါသည်။

“အဲဒီလိုလုပ်မနေနဲ့၊ အသည်းယားလာပြီနော်. . .”

“အံမယ်. . . အသည်းယားလာတော့ ဘာလုပ်ချင်လို့လဲ”

“ဟာ. . .”

သူတို့နှစ်ယောက်ကြားတွင် မုန်တိုင်းဆန်သော အထိအတွေ့တစ်ခု ဖြစ်သွားသည်။ စန္ဒီသည် ရှက်နေ၏။

“မိုး. . . ရှင်တော်တော်ဆိုးပါလား”

သူက ဘာမှ ပြန်မပြောဘဲ မြစ်ကို ငေးကြည့်နေလေသည်။ လေတိုက်သဖြင့် သူ့အင်္ကျီတွေက တဖျပ်ဖျပ်လွင့်ခါနေ၏။ စန္ဒီသည် မိုးဆက်၏ခါးကို သိုင်းဖက် လိုက်သည်။



“မင်း ကိုယ့်ကို ပြောစရာရှိတယ်ဆို. . .”

“ဟုတ်တယ်၊ မိုးနဲ့ တို့အကြောင်းကို အိမ်ကလူကြီးတွေ သိသွားပြီ”

မိုးဆက်က နှုတ်ခမ်းကို ခပ်ထေ့ထေ့ပြုံးဟန်ပြု၏။

“အဲဒီတော့. . .”

“အဲဒီတော့ အဆူခံထိတာပေါ့၊ မိုးကို အဆက်အသွယ်ဖြတ်ရမယ်တဲ့”

“စန္ဒီ့အိမ်က လူတွေကလည်း မြန်မာကားတွေထဲက ဇာတ်ဝင်ခန်းအတိုင်းပါပဲလား”

“မိုး. . .”

သူမအသံသည် အနည်းငယ် တင်းမာသွား၏။ မိုးဆက်နှင့် သူမသည် တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။

“ပြောလေ စန္ဒီ၊ မင်းဘာပြောချင်သလဲ”

“မိုးက ဒီကိစ္စ ဖြေရှင်းဖို့ မကြိုးစားဘဲ သူများတွေကို လှောက်ခနဲ့နေတာ အလုပ်မဟုတ်ဘူးကွာ. . .”

“ဒါဖြင့် ကိုယ်က. . .”

သူ့စကားမဆုံးခင် စန္ဒီက ဖြတ်ပြောလိုက်ပါသည်။

“မိုးကြိုးစားရမှာပေါ့။ တို့မိဘတွေ လက်ခံလာအောင် ကြိုးစားရမှာပေါ့။ ဆယ်တန်းအောင်အောင် ကြိုးစားရမှာပေါ့။ ဘဝအာမခံချက်ရှိတဲ့ အလုပ်တစ်ခုခုလောက် မိုးလုပ်ရမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



မိုးဆက်သည် စန္ဒီကို မယုံနိုင်သလို ကြည့်နေ၏။ ညနေခင်းလေပြည်များက သွဲ့ပျောင်းစွာ ပြေးလွှားနေဆဲ. . ။ ဧရာဝတီ၏ ခံ့ညားသောသဏ္ဌာန်သည် တိတ်ဆိတ်နူးညံ့စွာ မာယာများနေဆဲ. . ။

ဟိုး. . . အဝေးဆီက ခပ်ပျပျသာ မြင်ရသော ဖိုးဦးတောင်ဘက်ကို သူမက ငေးရီနေလေသည်။ ထိုအရပ်တွင် သဲမြေမှုန်မှုန်လေးတွေရှိသည်။ သူ့မျက်ဝန်းတွေသည် နာကျင်မှုကို ဖုံးကွယ်မထားနိုင်ဘဲ စိုစွတ်တောက်ပနေသည်။ မိုးဆက်က ဖြည်းညင်းစွာ ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ကိုယ် ဂီတကလွဲပြီး တခြား တစ်ခုခုမလုပ်နိုင်ဘူး"

"ကောင်းပြီ မိုး. . . ။ မိုးလုပ်ချင်တယ်ဆိုလုပ်ပါ။ ဒါပေမဲ့ ဆယ်တန်းအောင်ပြီးမှ လုပ်. . ."

သူ တွေဝေငြိမ်သက်သွားပြန်သည်။

"ဘယ်လိုလဲ မိုး. . . ၊ တစ်ခုခု ပြန်ပြောဦးလေကွာ. . ."

"ကျွန်တော် ဆယ်တန်းမဖြေတော့ဘူး။ ဆုံးဖြတ်ထားပြီးပြီ၊ ရန်ကုန်ကို သွားမယ်၊ အနုပညာလောကမှာ နေရာတစ်ခုရအောင် ကြိုးစားမယ်"

"မိုး ရူးနေလား၊ မဖြစ်နိုင်တာကြီးကိုကွာ. . . ၊ အဲဒီလောကက ငွေရှိမှ မိုးရဲ့၊ မိုးဆီမှာ ဘာရှိလို့လဲ"



သူတည်ကြည်စွာ စန္ဒီ့ကို ကြည့်လိုက်မိသည်။ ပြီးတော့. . .

သူမမေးခွန်းကို ဖြေလိုက်ပါသည်။

"သီချင်းတွေရှိတယ်"

"ကျွတ်. . ."

သူမက စုတ်တစ်ချက်သပ်လိုက်ပြီး ခေါင်းကို ဖွဖွလေးယမ်းပါသည်။

"မိုးက သိပ်ခေါင်းမာတာပဲနော်"

"စန္ဒီ ကိုယ့်ကို ပြောချင်သလို ပြော၊ ထင်ချင်သလို ထင်လို့ရတယ်၊ ကိုယ် သေချာစဉ်းစားပြီးသွားပြီ၊ ဂီတမပါဘဲ ကိုယ် ဘယ်လိုမှ ရှင်သန်လို့ဖြစ်မှာ မဟုတ်ဘူး၊ ရန်ကုန်ဆိုတာ ကိုယ့်မှာ တကယ်အနုပညာအရည်အချင်းရှိရင် တံခါးတစ်ချပ်ပဲ"

သူမသည် ဘာစကားမှ ထပ်မပြောတော့ဘဲ မိုးဆက်ကိုသာ ခပ်စူးစူးကြည့်နေ၏။ ယုံကြည်မှု အရေးအခင်းမှာ သူတို့နှလုံးသားတွေ ဝေးကွာသွားကြတော့မည်။

"ဒါဆိုလည်း ကောင်းပြီလေ၊ မိုး ရွေးချယ်တဲ့လမ်းကိုပဲ မိုး လျှောက်ပါတော့၊ တို့မှာ ဘာမှ ပြောစရာမရှိတော့ပါဘူး"

သူ နှုတ်ခမ်းမဲ့သွား၏။ နောက် ဧရာဝတီထဲသို့ သူ့ရယ်သံတွေက လွင့်မျော ပဲ့တင်သွားလေသည်။

"ရပါတယ် စန္ဒီရယ်၊ မင်းက ယဉ်ကျေးအောင် စကားလုံးတွေကို ရွေးချယ်သုံးစွဲခဲ့ပေမယ့် အဓိပ္ပာယ်ကတော့ လမ်းခွဲဖို့ပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခြေအနေရောက်အောင် မိုးဘာသာ မိုး လုပ်ပစ်ခဲ့တာ နားလည်ရဲ့လားဟင်။ ရှင် သိပ်တစ်ကိုယ်ကောင်းဆန်တယ်၊ တို့ရဲ့ အချစ်ကို စော်ကားတယ်၊ တို့ရဲ့ ခံစားမှုကို လုံးဝ မငဲ့ညှာဘူး၊ ပြီးတော့ တို့ကိုပဲ အပြစ်တွေ ပုံချခဲ့တာ ဘယ်သူလွန်သလဲ၊ သေချာပြန်စဉ်းစား ပါဦး"

မိုးဆက်က စန္ဒီ့မျက်နှာကို စေ့စေ့ကြည့်ရင်းမှ အကြည့်ကို လွှဲလိုက်သည်။ သူမ နှုတ်ခမ်းတွေက ဒေါသကြောင့် တဆတ်ဆတ် တုန်နေ၏။

စန္ဒီရယ် မင်းသာ စိတ်ရှည်ခဲ့မယ်ဆိုရင်၊ ဒီထက် ငါ့ရဲ့ အနုပညာဘဝကို ခံစားနားလည်ပေးနိုင်ခဲ့မယ်ဆိုရင် ငါ အရာရာကို ဖြတ်ကျော်နိုင်မှာပဲ။ အခုတော့ မင်းက ငါ့လက်ကို ရဲရဲကြီး တွဲထား ရမယ့်အစား ငါ့ကို ထားရစ်ခဲ့ပြီပေါ့။

သူ့ရင်ထဲမှာ တစ်စုံတစ်ရာသည် လှိုင်းထကာ ဆူညံနေ၏။ တစ်ဖက်ကမ်းဆီမှ မိုးသားများက မည်းတက်လာသလို ခံစားရသည်။ မိုးဆက်က သူမကို ကြည့်ရင်း ပြုံးပါသည်။ နှုတ်ဆက်စကားလား၊ ဘာလား သူပြော၏။

"စန္ဒီ ကျွန်တော်သွားတော့မယ်"

"မိုး. . ."

ဒီလိုကျပြန်တော့လည်း သူမ မမာကျောနိုင်ပြန်။ မိုးဆက်က စန္ဒီပခုံးသားတွေကို ဖျစ်လိုက်ရင်း ဝဲကျလာသော သူမမျက်ရည်များ ကို သုတ်ပေးသည်။



"ဘာမှ ဝမ်းနည်းမနေပါနဲ့ စန္ဒီရယ်၊ ဘဝဆိုတာ ဒီလိုပဲပေါ့၊ ကိုယ် အောင်မြင်လာတဲ့ တစ်နေ့ကျရင် စန္ဒီဆီ ကိုယ် ပြန်လာခဲ့မယ်၊ မင်းသာ ဆက်ဆက်စောင့်နေပါ"

စန္ဒီ သူ့ကို မတားရက်တော့။ မျက်ရည်တွေကြားမှ နာကျင် စွာ ခေါင်းညိတ်ပြမိသည်။ အလွမ်းသစ်ပင်တစ်ပင်ကို သူတို့ စိုက်ပျိုး မိခဲ့ကြသည်။

ခိုင်မာသော သစ္စာတွေ တစ်ချိန်မှာ ထိုအလွမ်းများ၌ ရဲရင့် စွာ ပွင့်ဝေနေလိမ့်မည်ဟု သူမ မျှော်လင့်ယုံကြည်ပါသည်။

"ကိုယ်သွားတော့မယ်"

နောက်တော့ သူ ကျောခိုင်းထွက်သွား၏။ စန္ဒီတစ်ယောက် တည်း ထိုနေရာတွင် ကျန်ရစ်ခဲ့သည်။

သူမ ငိုပါသည်။

နေလုံးသည် တစ်ဖက်ကမ်းရှိ တောင်စွယ်များကြားသို့ ငုပ် လျှိုးသွား၏။ သူမ၏ ငိုရှိုက်သံများကို ဧရာဝတီသည် မသိကျိုးကျွန်ပြု ကာ စီးဆင်းနေမြဲ စီးဆင်းနေသည်။

ညတော်တော်မှောင်သည်အထိ မြစ်ကမ်းဘေး၌ ထိုင်ငိုနေ သော သူမကို အသိတချို့က မြင်သွားပြီး စိုးရိမ်စွာ အိမ်ပြန်ပို့ပေးခဲ့ ကြသည်။ အိမ်ပြန်ရောက်တော့ စိတ်ပူနေသော အဖေနဲ့ အမေက မိုးဆက်နှင့် လုံးဝ မပတ်သက်တော့ဖို့ ကတိတောင်းသည်။

သို့သော် သူမက ခေါင်းမာစွာ ထိုကတိကို မပေးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့တွင် သူပြန်လာလိမ့်မည်ဟု သူမ ယုံကြည်နေသောကြောင့် ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

# တတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ပြတ်ကျသွားတဲ့ စွန်ကို
ငေးကြည့်နေရတဲ့ ကလေးတစ်ယောက်လို
လွတ်လပ်ခြင်းက ဘဝအရသာဖြစ်နေရဲ့။
နွေဦးက
ပန်းတွေကို
ဆွဲဖွင့်နေပြန်ပေါ့။

## အခန်း (၁)

ရန်ကုန်သည် မိုးဆက်အတွက် အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ ကိုဦးတို့၊ ဉာဏ်လင်းမင်းတို့ကတော့ ဒီအချိန်ဆို ဆယ်တန်းဖြေဖို့ ကျောင်းစာတွေနှင့် နပန်းလုံးနေရော့မည်။ သူကသာ ဂစ်တာတီးလိုက်၊ သီချင်းရေးလိုက်၊ ဒီလိုပါပဲ။ အားလုံးဟာ ကိုယ့်ဘဝကိုကိုယ် ကျေနပ်ဖို့သာလိုပါသည်။

ပထမဦးစွာ သူ ကျောတစ်နေရာစာအတွက် အရှင် ခင်းအားရသည်။ ကိုသက်အောင်၏ လမ်းညွှန်မှုကြောင့် လှည်းတန်းဖက်မှာ အဆောင်စုံစမ်းကြည့်သည်။ မရ။ ဒီလိုနှင့် စံရိပ်ငြိမ်၊ နောက် ခြောက် မိုင်ခွဲ။ ကံအားလျော်စွာ ခြောက်မိုင်ခွဲမှာ ဒေါ်သောင်းဆိုသော အဘွား ကြီး၏ အဆောင်တွင် ခုတင်တစ်နေရာစာ သူရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အခန်းဖော်က ကိုအောင်သူ။ အဲဒီတုန်းက ကိုအောင်သူ ဂိုတီဆိုင်နှင့် ကျောင်းပြီးခါစ။ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုတွင် အတွေ့အကြုံအတွက် အလုပ်ဝင်နေသူလည်း ဖြစ်၏။ အဆောင်တွင် အရင်ရောက်နှင့်သော ကိုအောင်သူက သူ့ကို နွေးထွေးစွာ ကြိုဆိုပါသည်။ မိုးဆက်၏ ရည်ရွယ်ချက်ကို သိသွားတော့ ကိုအောင်သူ ဝမ်းသာအားရ အားပေး၏။

သူက ကိုသက်အောင်ဆီတော့ သူ့အခြေအနေတွေကို စာရေးပြောပြတတ်သည်။ ဖေဖေ့ဆီတော့ အဆက်အသွယ် မလုပ် ဖြစ်။ မိုးဆက်ဆီမှာ ကိုသက်အောင်နှင့် သူငယ်ချင်းများ စုပေးလိုက် သော ငွေကလည်း ကုန်သလောက်နီးနီး ဖြစ်နေပြီ။

အင်းလျားညတွေပေါ်မှာ သူသီချင်းသစ်တွေ ရေးဖြစ် သည်။ သူသည် ဖေဖေကိုသော် လည်းကောင်း၊ စန္ဒီကိုသော် လည်း ကောင်း မေ့ထားနိုင်ခဲ့သည်။ အနုပညာဆိုသော ခရီးကြမ်းကြီးမှာ သူ တော်တော် ပင်ပန်းလေသည်။ ဝင်ငွေမရှိဘဲ အဆောင်မှာ အကြာ ကြီး ရပ်တည်နိုင်ဖို့ မလွယ်မှန်း သူသဘောပေါက်ပါသည်။

ဘဝရှေ့ရေးကို စဉ်းစားမိတော့ မိုးဆက် နည်းနည်း သွေး ပျက်မိ၏။ လူတချို့၏ ကြေးစားဆန်သော စိတ်ဓာတ်ကိုလည်း သူ နားလည်လာသည်။

ဧည့်ခန်းနဲ့ အကျီကောင်းမှ
ဆက်ဆံတတ်တဲ့ လူတွေရဲ့ သဘောထားကို
သား တူးဘူးခါးခါး မုန်းတယ် အမေ. .



ဆိုသော မောင်ချောနွယ်၏ ကဗျာစာသားများကို သတိရမိ တော့ သူ ပြုံးဖြစ်သည်။

မိုးဆက်သည် ဒုက္ခများကို စုပုံဖြတ်သန်းနေစဉ် အားကက် စရာအဖြစ် ကိုသက်အောင်ဆီမှ စာတစ်စောင် ရောက်လာသည်။ မကြာခင် ကိုသက်အောင်သည် ရန်ကုန်ကို သူနှင့်အတူ လာရောက် နေထိုင်မည်တဲ့။ မိုးဆက် အရမ်းပျော်သွားမိသည်။

စာရပြီး တစ်ပတ်လောက်ကြာတော့ ကိုသက်အောင်က အထုပ်အပိုးတွေနှင့် အဆောင်ကို ရောက်ချလာသည်။ ရောက်ရောက် ချင်း ကိုသက်အောင်အတွက် အခန်းနေရာလွတ် မရှိသဖြင့် သူတို့ အခန်းမှာပင် နေကာ အခန်းထွက်မည့်သူကို စောင့်ရသည်။ ကိုသက် အောင်နှင့် ကိုအောင်သူတို့သည် ခဏချင်းမှာပဲ ငယ်ပေါင်းများကဲ့သို့ ရင်းနှီးသွားကြသည်။

ကိုသက်အောင်ဆီမှာ အိမ်ရောင်းရငွေများ ပါလာသဖြင့် မိုးဆက် နည်းနည်း အသက်ရှူချောင်ရသည်။ ကိုသက်အောင်သည် အိမ်ရောင်းရာတွင် ဈေးနှိမ်ခံရသည်ဟု ဆိုရမည်။ ပြည်မြို့၏ အခွန် အဖျား ရပ်ကွက်မှ အိမ်သည် နဂိုကတည်းက ဈေးသိပ်မရှိ။ သို့သော် သူက ဒီလောက်ကိုပင် အများကြီးဟု ထင်နေလေသည်။

"ငါ ရန်ကုန်မှာ တိုက်ခန်းတစ်ခန်းလောက် ပြန်ဝယ်ထား ရင်ကောင်းမယ် ထင်တယ်ကွ ခနဲ့ မိုးဆက်"

"ကောင်းသားပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သူက သူတို့စကားတွေကို ပြုံးပြီး နားထောင်နေ၏။ နောက် ရန်ကုန်မှ တိုက်ခန်းများ၏ တန်ဖိုးကို သူ တွက်ချက်ပြသည်။ ဘုရား. . . ဘုရား. . . မိုးပျံနေသော တိုက်ခန်းဈေးများကို သူတို့ အံ့သြစွာ နားထောင်နေရ၏။

နောက်ဆုံးတော့ ကိုသက်အောင် လက်ကျန် ပိုက်ဆံသည် မြို့ထဲနှင့် အလှမ်းဝေးလှသော ဆင်ခြေဖုန်းရပ်ကွက်တစ်ခုမှာ ဘိလပ်မြေ အညံ့စားများဖြင့် ဖြစ်သလို ဆောက်ထားသည့် ခပ်ချာချာ ကန်ထရိုက်တိုက်၏ အပေါ်ဆုံးထပ် အခန်းကိုသာ ဝယ်ယူဖို့ အဆင်ပြေလေသည်။ သူတို့ သွားကြည့်သောအခါ အခန်းနံရံမှာ လက်ဖြင့် ဖိမိရုံနှင့် ဘိလပ်မြေမှုန့်တွေက ကွာကျလာကြသည်။ အပေါ်ဆုံးထပ်မို့ အမိုးလုံခြုံဖို့ကလည်း လိုသည်။ ရေနှင့် မီးကလည်း မမှန်ပေ။ ဒီကြားထဲ ပွဲစားခဆိုတာကြီးကလည်း ရှိသေး၏။

သူတို့စိတ်ပျက်စွာ လက်လျှော့ပြန်လာခဲ့ကြသည်။

ဒီလိုနှင့် ကိုသက်အောင်နှင့် မိုးဆက်သည် အဆောင်မှာ ဂစ်တာတီးလိုက်၊ သီချင်းရေးလိုက်သာ လုပ်နေတော့သည်။ ကိုအောင်သူသည်လည်း သူတို့နှင့် တစ်သားတည်း ဖြစ်လာသည်။ ကိုသက်အောင် ရေးသော သီချင်းသစ်တွေကို မိုးဆက်က ဆိုပေးရသည်။ ကိုအောင်သူကတော့ ပရိသတ်။ တစ်ခါတလေ ဝေဖန်သူ။ တချို့ သီချင်းများကို မိုးဆက်နှင့် ကိုသက်အောင် ပေါင်းရေးကြသည်များလည်း ရှိသည်။ ကိုသက်အောင်သည်- အရက်ကို ပို၍ကြိုက်တတ်လာ၏။



နွေမှ မိုး. . . မိုးမှ ဆောင်း. . .

ရာသီတွေပြောင်းလဲလာခဲ့သည်။ ကိုသက်အောင်၏ အိမ်ရောင်းရငွေတွေလည်း ကုန်သလောက်နီးပါး ဖြစ်သွား၏။ သူတို့ သုံးယောက်သည် ခြောက်မိုင်ခွဲမှာ ကျော်ကြားသော အဆောင်နေ အနုပညာသမားတွေ ဖြစ်လာခဲ့သည်။

ဆောင်း၏ အငွေ့အသက်တွေကြားတွင် သူတို့ အနုပညာများက ပိုမိုသီးပွင့်လာ၏။

ကိုသက်အောင်သည် နှစ်ယောက်ခန်းကို ပိုက်ဆံ နှစ်ယောက်စာပေးကာ တစ်ယောက်တည်း နေ၏။ ကိုအောင်သူနှင့် မိုးဆက်က တစ်ခန်း၊ ပိုက်ဆံအင်အား နည်းလာတော့ ကိုသက်အောင်က သူ့အခန်းကို နောက်ထပ် လူသစ်တစ်ယောက် ထပ်ထည့်ဖို့ အဆောင်ပိုင်ရှင်ကို ပြောရတော့သည်။

ထိုသို့ဖြင့် ကိုသက်အောင်၏ အခန်းကို ဖိုးခွားဟု အလွယ်ခေါ်သော သန့်စင်ထွေး ရောက်လာသည်။ ထုံးစံအတိုင်း သန့်စင်ထွေးခေါ် ဖိုးခွားသည်လည်း သူတို့အဖွဲ့နှင့် လုံးထွေးမိသွား၏။ ဖိုးခွားက ဂစ်တာသမား။

နိုဝင်ဘာလမျှ ရှိသေးသော်လည်း ဆောင်းသည် ရက်ရက်စက်စက်အေးပါသည်။ ဆောင်း၏ လေပြည်ထဲ ခတ္တာရုန့်များကို မိုးဆက်ခံစားနေမိသည်။ ညတိုင်းနီးပါးသူတို့အုပ်စု သီချင်းတွေ လျှောက်ဆိုကြသည်။ ဖိုးခွားက တစ်လမ်းတည်းရှိ "အေးသီတာ"

www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှ နော်မူးဆိုသည့် ကရင်မလေးကို ကြံစည်နေသူဖြစ်၏။ ညဆို သူတို့လေးယောက် နော်မူးတို့အဆောင်ရှေ့မှာ သီချင်းတွေ ဆိုကြသည်။ မိုးဆက်က စန္ဒီတို့လမ်းထောင့် အုတ်ခုံလေးမှာ သီချင်း ဆိုကြပုံများကို ပြန်၍ သတိရမိ၏။

စန္ဒီရယ်. . .။

ငါ့လမ်းတွေမှာ

မင်းနာမည်နဲ့ နှင်းဆီတွေ ပွင့်နေရဲ့။

ကိုအောင်သူ ငြိမ်သက်တွေဝေနေသော မိုးဆက်၏ ပခုံး ကို အမှတ်တမဲ့ ပုတ်လိုက်၏။

“ဘာတွေ ဒီလောက်စဉ်းစားနေသလဲ မိုးဆက်ရယ်”

မိုးဆက်က ခပ်ဖွဖွပြုံးရင်း ခေါင်းကို ယမ်းသည်။

“ဘာမှမဟုတ်ပါဘူးဗျာ၊ ဒီလိုပါပဲ”

“ဒီကောင်က သိပ်လျှိုတာပဲ”

ဖိုးခွား၏ မှတ်ချက်ကို ကိုသက်အောင်က ခေါင်းညိတ်ပြ ရင်း ထောက်ခံ၏။ ဘာမှတော့ မပြော. . .။

ရုတ်တရက် နော်မူး၏ အခန်းပြတင်းတံခါးပွင့်သွား၍ ဖိုး ခွားတော်တော်ပျော်သွားသည်။ ပြီးတော့ သူမအခန်းနှင့် အနီးဆုံး ခြံစည်းရိုးနားကို ကပ်သွားပါ၏။ နော်မူးက ပြတင်းပေါက်မှ အစား အစာတွေကို ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ကာ ဖိုးခွားဆီ ပစ်ပေးသည်။

ဒါဆို ဖိုးခွား တော်တော်အခြေအနေ ကောင်းတာပဲဟု



သူတွေးမိသည်။ နော်မူးက ဖိုးခွားကို လက်ပြကာ ပြတင်းတံခါးကိုပြန် ပိတ်သွားပါသည်။ ဖိုးခွားက. . . .

“မိုးဆက်. . . မင်း ဟိုသီချင်းဆိုကွာ”

“ဘယ်သီချင်းလဲ”

“အဆောင်သရဲ”

“အာ. . . မင့်အမေကြီးတော်၊ ဒါ မာလာဆောင်မှ မဟုတ် တာ၊ အေးသီတာ အဆောင်ကြီးကွ”

ဖိုးခွားက မလျှော့။

“ဘာဖြစ်လဲကွာ၊ အဆောင်မှာနေတဲ့ ကောင်မလေးတစ် ယောက်ကို ချစ်တဲ့အကြောင်းပါရင် ပြီးတာပဲ”

ကိုသက်အောင်က မနေနိုင်တော့ဘဲ ဝင်ပြောသည်။

“ကဲပါ မိုးဆက်ရာ၊ ဆိုပေးလိုက်စမ်းပါ”

ဒီလိုနှင့် သူတို့လေးယောက်သား စောဘွဲ့မှူးနှင့် ဆလိုင်း သွအောင်တို့ရေးသော အဆောင်သရဲသီချင်းကို အေးသီတာ အဆောင်ရှေ့မှာ အူကြောင်ကြောင်နှင့်ဆိုကြပါတော့သည်။

မာလာဆောင်နှင့်ပတ်သက်လို့

ပုံပြင်လေးတစ်ပုဒ်ကြားဖူးတယ်

ပုံပြင်ထဲကဇာတ်လိုက်ကြီး ဘယ်သူလဲလို့ မမေးပါနဲ့. . . .

အဆောင်မှာပွင့်တဲ့ပန်းကြောင့်လား၊

ဂန္ဓဝင်မြောက်မယ့် အချစ်ကြောင့်လား၊

www.burmeseclassic.com

www.burmeseclassic.com



အဆောင်နားတစ်ဝိုက် တဝဲလည်လည်. . အဆောင်နား မှာ သီချင်းဆိုတယ်. . .

ထမင်းမှစားရဲ့လား. . . ရေတစ်ခွက်မှ သောက်ရဲ့ လား. . .

မနက်မနက် ကြည့်ကြည့်ပါ. . .၊ နေ့ခင်းဘက် ကြည့် ကြည့်ပါ. . . .၊ ညညကြည့်ကြည့်ပါ. . . တွေ့လိမ့်မယ်၊ အမြဲတမ်း ရှိလိမ့်မယ်. . .

အဆောင်မှာပွင့်တဲ့ ပန်းကြောင့်လား. . .၊ ရာသီဥတု အစွမ်းကြောင့်လား. . .။

သူလေ အခုတော့ ဆေးရုံမှာ. . .

အဆောင်သူလေးအကြောင်း ညည်းနေရှာ. . . .

ကိုသက်အောင်က ဘော့စ်လိုက်တီးသည်။ မိုးဆက်က ဆို သည်။ ဖိုးခွားက ဟော်လိုတီးရင်း သီချင်းဆိုပါသည်။ ကိုအောင်သူက သူရသည့် နေရာများတွင် အားရပါးရဝင်ဆိုတတ်သည်။

အခုတော့ ရှောသွားပြီ. . .။

အခုတော့ ရှောသွားပြီ. . .။

အခုတော့ ရှောသွားပြီ. . .။

အချစ်ရှူး ဝင့်ကျွတ်သွားပြီ

ထင်မြင်ချက်ကလေး မဆုံးခင်မှာ အဆောင်ထဲက သတင်း ပေါ်လာ. . . .။



နိုဝင်ဘာနောက်ဆုံးအပတ်သည် တစ်လလုံးတွင် အအေး ဆုံးအချိန် ဖြစ်လေသည်။ ဆောင်းညသည် အလင်းမှုန်ပျပျကြားမှာ လှပလွန်း၏။ ထိုအချိန်တွင် သူတို့နှင့် မလှမ်းမကမ်းသို့ ဂစ်တာနှစ် လက်ပါသော လူငါးယောက်အဖွဲ့တစ်ဖွဲ့ ရောက်လာသည်။

ယဉ်ကျေးမှုအရ နောက်ရောက်လာသော အဖွဲ့မှ လူငယ် တစ်ယောက်က သူတို့ကို လက်လှမ်းပြသည်။ သူတို့လည်း ဂစ်တာတီး မည်ဆိုသည့် သဘော. . .။ ကိုအောင်သူက လက်မထောင်ပြကာ ခွင့်ပြုလိုက်၏။

ထိုအဖွဲ့တွင်လည်း ဂစ်တာကို ကျွမ်းကျင်ပိုင်နိုင်စွာတီးခတ် နိုင်သူတစ်ဦးပါလာသည်။ သူတို့ထဲမှ တစ်ဦးသည်လည်း အဆိုတော် တော်ကောင်း၏။ သူက ဒိုးလုံး၏ မချစ်ဘူးမပြောပါနဲ့ သီချင်းကို ဆိုသည်။

ဒီလို မချစ်ဘူး မပြောပါနဲ့၊ မင်းလုပ်သမျှအားလုံးကို ကျေနပ် တယ်။

ယုံပါ ဒီအချစ်များ မပြင်းပါနဲ့. . . .၊ မင်းဘဝအတွက် အကောင်းဆုံးကို ဖန်တီးလို့ တကယ်ပါ တစ်သက်လုံးချစ်နေမှာ. . .

မျှော်လင့်ရင်း စောင့်ရသူကြေကွဲအောင် မလုပ်နဲ့. . . .

ထိုတစ်ယောက်၏ အဆွဲအငင်၊ အပင့်အရှိုက်များသည် အသက်ဝင်လှသည်။ သူတို့အုပ်စုက တစ်ပုဒ်ဆိုပြီးသွားတော့ မိုးဆက် တို့အုပ်စုကို အလှည့်ပေး၏။ ဒါသည် တိုင်ပင်ထားခြင်း မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အလိုလို နားလည်ရသော လူငယ်တွေရဲ့ ချစ်စရာကောင်းသော စရိုက်ဖြစ် သည်။

"ဟော့ကောင် မိုးဆက် ဘာဆိုမလဲ"

"ကိုယ်ပိုင်သံစဉ်ထဲက တစ်ပုဒ်ပေါ့ဗျာ၊ ဘာကောင်းမလဲ ဝိုင်းစဉ်းစားပေးစမ်းပါဦး"

ကိုအောင်သူက သူကြိုက်သော သီချင်းတစ်ပုဒ်ကို အဆိုပြု သည်။

"မောင်မောင်ဇော်လတ်ရေးတဲ့ သီချင်းကွာ၊ မျက်စိမှိတ်ထားတယ် ဆိုတာလေ၊ တာရာနဲ့ ထူးအိမ်သင် ဆိုထားတာ"

"အိုကေ. . ."

မိုးဆက်က သဘောတူသဖြင့် ကိုသက်အောင်က Intro စ,တီးသည်။

ဝေးရမှာ. . . ကိုယ်သိသား၊ တကယ်ဆို (ရင်မှာ) မေ့ထား လို့ မရပါ. . .

ချစ်သူရယ် ဒီအကြောင်းတွေးမိ အိပ်မပျော်ပါ. . .

သိပ်ချစ်တာ ဒဏ်ရာများလား ဒါတွေခံစားပေးကြည့်ပါ

ချစ်သူရယ် ဘယ်သူက ဖျက်ဖျက် မပျက်နိုင်ပါ။

ဆောင်း၏ မြူခိုးများသည် လှပစွာ ဝေ့ဝဲနေကြသည်။ သီချင်းသံတွေက ပတ်ဝန်းကျင်တစ်ခုလုံး ညို့ငင်သိမ်းယူထား၏။ အလွမ်းငှက်တစ်ကောင်သည် ညထဲတွင် တောင်ပံခတ်ကာ ပျံသန်းသွားပုံရသည်။



မိုးဆက်အလှည့်ပြီးတော့ တစ်ဖက်အဖွဲ့မှ ထူးအိမ်သင်၏ 'မင်းမရှိတဲ့နောက်'ကိုဆိုသည်။ နောက်တော့. . . မိုးဆက်က ဗဒင်၏ 'နေရာ (၂)'၊ တစ်ဖက်က ကလိုမှူးရေးသော 'ရင်ခွင်သစ်' ကို တာရာကဲ့သို့ပင် သေသပ်စွာ ဆိုပြ၏။

ထိုသို့ သီချင်းများ တစ်ယောက်တစ်လှည့်ဆိုနေရာမှ အပြိုင်အဆိုင်သဘောမျိုးဖြစ်လာသည်။ ကိုအောင်သူက ပြော၏။

"မိုးဆက်ရေ. . . ဒီတစ်ပုဒ်တော့ သေချာလုပ်ကွာ၊ ဟိုကောင်တွေဆိုတာ ပိုကောင်းတယ်လို့ ဒီအဆောင်သူလေးတွေက ထင်သွားရင် ရှက်စရာကြီး၊ သေချာပြိုင်စမ်းပါ"

ကိုသက်အောင်က ကိုအောင်သူ၏ နောက်ဆုံးစကားဖြစ်သော 'သေချာပြိုင်စမ်းပါ' ဆိုသည်ကို ဘဝင်မတွေ့သလို မေး၏။

"ခင်ဗျားစကားက ဘာကြီးလဲဗျ၊ သေချာပြိုင်စမ်းပါဆိုတော့ ဒါက ပြိုင်ပွဲ ဖြစ်နေလို့လား"

"ပြိုင်ပွဲ မဟုတ်ပေမယ့် ဟိုကောင်တွေနဲ့ သီချင်းပြိုင်ဆို၊ ပြိုင်တီးနေတဲ့ သဘောပဲ မဟုတ်လား"

ခေါင်းကို ယမ်းရင်း ကိုသက်အောင်က ကိုယ့်ကိုယ်ကိုယ် သေချာပိုင်နိုင်စွာဖြင့် ပြောလေသည်။

"မှတ်ထား သူငယ်ချင်းတို့၊ ဂီတဆိုတာ အနုပညာပဲ။ အနုပညာဆိုတာ ဘယ်တော့မှ ယှဉ်ပြိုင်လို့ မရဘူး။ အနုပညာကို ပြိုင်တယ်ဆိုတာ လူ့ဘဝကို မော်ဒရေးရှင်း (Moderation) နဲ့ ပါလာတဲ့ကောင်တွေရဲ့ အလုပ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မိုးဆက်က လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"ကြိုက်တယ်ဗျာ"

ကိုအောင်သူနှင့် ဖိုးခွားတို့ကလည်း ကိုသက်အောင်၏ အယူအဆကို လက်ခံကြလေသည်။ ကိုသက်အောင်၏ အမြင်ကျယ်မှု၊ လှပစွာ သရော်တတ်မှု၊ အနုပညာသမား စိတ်ရှိမှု၊ အတွေးအခေါ် အယူအဆအားဖြင့် ထိုးထွင်းသိမြင်မှုတို့ကို သူတို့ လေးစားကြပါသည်။

ရုတ်တရက် မိုးဆက်ခေါင်းထဲမှာ ဖျတ်ခနဲ ဉာဏ်အလင်း ပွင့်သွား၏။

"ကိုသက်. . . ကျွန်တော့်သီချင်းလေး တစ်ပုဒ်လောက် ဆိုကြည့်ချင်တယ်"

"ဆိုလေ. . . ဘယ်သီချင်းလဲ"

"အခန်းဆက်နှင်းဆီ"

ကိုသက်အောင်က ခေါင်းညိတ်ပြလိုက်ပြီး ဂစ်တာ စတီးတော့သည်။ လင်းသွဲ့ဝေရီသော ဆောင်းညထဲတွင် ဂစ်တာသံက အရာရာကို လွှမ်းခြုံထား၏။

ရန့်တွေ လေထဲမှာ တုန်ခါနေပြီ
အတွေးတွေ မုန်တိုင်းလို ပြင်းထန်နေ
မင်းနှုတ်ခမ်းဟာ အတောင်ပံတွေအဖြစ် ငှါရင်ထဲ
အခန်းဆက်နှင်းဆီ. . . .



မိုးဆက်၏ သီချင်းသီဆိုနေဟန်သည် Mood တော်တော်ကောင်းပြီး မော်အပြည့်ဖြစ်သည်။ နှင်းမှုန်အစအနများကြားသို့ ဂီတသည် မျောလွင့်စီးဆင်းသွား၏။

အလွမ်းနဲ့ ကျိန်စာမှာ. .
မပေးဘူးဆိုတဲ့ မင်းရဲ့စကားတွေ
ငါ့နားထဲမှာ စိုးမိုးထားဆဲ
အိပ်မက်လို နှင်းဆီရနံ့တွေနဲ့
တိတ်ဆိတ်စွာ အသက်ရှင်နေထိုင်ခြင်းများ
အခန်းဆက်လိုက်. . . အခန်းဆက်နှင်းဆီ. . .

ညဉ့်သည် နက်လာ၏။ လရောင်က အနည်းငယ်သာ ရှိသည်။ ကြယ်ရောင်များက ပို၍ လင်းလက်နေပြီး ကြယ်ရောင်ဖြင့် လင်းသော ကောင်းကင်ဟု ဆိုရမည်။

သီချင်းပြီးသွားတော့ အားလုံး မှင်တက်ကာ အံ့ဩနေကြသည်။ တစ်ဖက်အဖွဲ့မှ လူနှစ်ယောက်က သူတို့ဆီကို ကူးလာ၏။ နှုတ်ခမ်းမွေးစစနှင့်က တစ်ယောက်၊ ဆံပင်အဖျားတွေကို ရွှေရောင်ဆိုးထားသော လူငယ်တစ်ယောက်။ နှုတ်ခမ်းမွေးစစက ဂစ်တာသမား၊ ဆံပင်ရွှေရောင်က အဆိုသမား။ ကျန်တဲ့ သုံးယောက်က ခပ်လှမ်းလှမ်းမှာ ကျန်ရစ်ခဲ့သည်။ ဆံရှည်ရွှေရောင်က ပြုံးကာ စကားစပြော၏။

"အစ်ကို ကျွန်တော့်နာမည်က မင်းမင်းပါ။ သူက ကိုဟိန်းတဲ့၊ စောစောတုန်းက အစ်ကို ဆိုသွားတဲ့ သီချင်းလေ၊ အခန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဆိုလား၊ အဲဒါလေးကို သဘောကျလို့ပါ၊ အဲဒီသီချင်းက ဘယ်သူ ဆိုတာလဲ၊ တစ်ခါမှ နားမထောင်ဖူးလို့"

မိုးဆက်က သဘောကျကာ ရယ်မိသည်။

"ဘယ်နားထောင်ဖူးပါ့မလဲဗျ၊ အခုမှ မထွက်တာ"

ထိုလူနှစ်ယောက်က အံ့သြနေ၏။ နောက် မေးကြပြန်သည်။

"အဲဒီသီချင်းက Own Tune ထင်တယ်။ ဘယ်သူရေးတာလဲဟင်"

"ဟုတ်ကဲ့. . . Own Tune ဗျ၊ ကျွန်တော် ရေးတာပါ"

မင်းမင်းက မိုးဆက်ကို လက်ကမ်းပေးလိုက်ပါသည်။

"ကွန်ဂရက်ကျူလေးရှင်းဗျာ၊ သိပ်ကောင်းတဲ့ သီချင်းပဲ"

"ဟုတ်ကဲ့. . . အခုလို ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်"

မိုးဆက်သည် ဆောင်းည၏ ကြယ်ပွင့်လေးများအား တစ်ချက် ငေးကြည့်လိုက်၏။ သူ့ရင်တွေ ခုန်နေ၏။ မင်းမင်းက. . .

"နောက်နေ့တွေ ကျွန်တော်တို့ တွေ့ကြရအောင်ဗျာ၊ ဘယ်အဆောင်ကလဲ"

"ဒေါ်သောင်း အဆောင်'

"ဟာ. . . အဲဒီအဆောင်ပိုင်ရှင် အဘွားကြီးက အပေါက်ဆိုးတယ်ဗျ။ ခင်ဗျားတို့အဆောင်ကို မလာချင်ဘူး၊ တခြားနေရာ ချိန်းရအောင်"



ကျန်လူတွေက မင်းမင်း၏ ခါးခါးတူးတူး ပုံစံကို သဘောကျကာ ရယ်မိကြသည်။ ကိုသက်အောင်ကလည်း အရယ်တစ်ဝက်ဖြင့် မင်းမင်းစကားကို ထောက်ခံ၏။

"ဟုတ်တယ်. . . မိုးဆက်ရေ၊ သူ ပြောတာ မှန်တယ်၊ ကိုယ့်အဆောင်ပိုင်ရှင်အကြောင်းလည်း ကိုယ်သိသားနဲ့"

ထိုအခါ တစ်ချိန်လုံး ငြိမ်နေသော ကိုအောင်သူက ဝင်ပြောသည်။

"ဒါဖြင့်. . . နောက်နေ့ ရွှေကြယ်ကို လာခဲ့ပေါ့၊ အဲဒီဆိုင်မှာ အဆင်ပြေမယ်"

ဒီလိုနှင့် ရွှေကြယ်လက်ဖက်ရည်ဆိုင်မှာ ဆုံဖို့ အစီအစဉ်က အတည်ဖြစ်သွားသည်။ သူတို့အားလုံးသည် ဂီတ၌ ရူးသွပ်မက်သော လူငယ်များ ဖြစ်ကြလေ၏။

ညသည် ဘော်ကြယ်ရောင်များဖြင့် လက်ပွင့်တိုင်ဖော်ဆောင်း၏ ခံစားမှု စာမျက်နှာများသည် ဂီတကြောင့် ပိုမို တော်တော်ခဲ့သည်။

သူတို့သည် ထိုအဖွဲ့နှင့် လမ်းခွဲကာ ပြန်ဇုံ့တော့မှာပါ" မိုးခွာသည် နော်မူးကြောင့် ပျော်ရွှင် အူမြူးနေ၏။ ဝစ် တာကို စမ်းရင်း လမ်းလျှောက်ရတာ အရသာ တွေ့နေ၏။ သူ ဖေဖေ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်သွားသည်။ နောက် ဒေါ်မာလာ။

www.burmeseclassic.com

www.burmeseclassic.com



သွားစမ်းပါ. . . သူ မှန်းတီးစွာ ခေါင်းယမ်းပစ်လိုက်ပါသည်။ စန္ဒီ့မျက်နှာက ပေါ်လာပြန်သည်။ ဒီတစ်ခါတော့ သူနည်းနည်း လွမ်းသလို ဖြစ်သွား၏။ မိုးဆက်က မျက်နှာမဲ့ရင်း ခပ်ထေ့ထေ့ ပြုံးမိ၏။

လူ့အဖြစ်ကို ရိုးအီငြီးငွေ့သွားတဲ့အခါ. . . .

ဆေးပြားတွေနဲ့

ဂျင်မီဟင်းဒရစ်ရဲ့ ဂစ်တာသံဟာ အရေးကြီးလာရဲ့။

❖ ❖ ❖ ❖ ❖

## အခန်း (၂)

ဖိုးခွားကို အကြောင်းပြုပြီး နော်မူးတို့၏ (Church) ချာ့ချ်ရှိရာ ခဝဲခြံဖက်ကို မကြာခဏ ရောက်ဖြစ်လာသည်။ ကိုသက်အောင်နှင့် ကိုအောင်သူတို့က သိပ်စိတ်မဝင်စား၍ ဖိုးခွား၏ ပင်တိုင်ဖော်မှာ မိုးဆက်သာ ဖြစ်နေ၏။ နော်မူးနှင့် ဖိုးခွားသည် တော်တော်အဆင် ပြေသည့် အနေအထား ဖြစ်နေ၏။

"မိုးဆက်. . . ပျင်းနေပြီလား၊ သူတို့က ပြီးတော့မှာပါ"

ဖိုးခွားက စောင့်နေရတာ ကြာပြီမို့ မိုးဆက်ကို အားနာနေမိသည်။

"ရပါတယ်ကွာ. . . ငါ မပျင်းပါဘူး"

ထိုစဉ်မှာပင် နော်မူးနှင့် ကောင်မလေး တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ချော့ချိဝင်းထဲမှ ထွက်လာသည်။ သူမတို့ နှစ်ယောက်သည် ပြုံးရွှင်ရယ်မောရင်း စကားတွေ ဖောင်ဖွဲ့နေကြ၏။ မိုးဆက် အကြည့်တွေက ထိုကောင်မလေးဆီတွင် တဒင်္ဂမျှ ကျဆုံးသွားပါသည်။ နော်မူးက သူတို့ကို ရယ်ပြရင်း အနားသို့ ရောက်လာ၏။

"ရောက်နေတာ ကြာပြီလား"

နော်မူးက ဖိုးခွားကိုပဲ မေးသလိုလို၊ မိုးဆက်ကိုပဲ မေးသလိုလို ပြောပါသည်။ မိုးဆက်က ဖြေသည်။

"နည်းနည်းပါးပါးလောက်ပါ"

နော်မူးက. . .

"ဟောတော့ မျက်လုံးက တခြား၊ ဖြေတဲ့လူက တခြား"

ပြောပြီး ကောင်မလေးနှစ်ယောက် တခစ်ခစ် ရယ်ကြသည်။ ဖိုးခွားကလည်း ဒီတော့မှ သဘောပေါက်စွာ ဝင်ရယ်၏။ မိုးဆက် မျက်နှာ ရဲခနဲ နွေးသွားသည်။

"ဟဲ့. . နော်မူး သိပ်မရယ်ပါနဲ့၊ ဟိုမှာ ရှက်နေပြီ"

ကောင်မလေးက သူ့ကို သနားလာကာ နော်မူးကို တားမြစ်၏။ ဖိုးခွားက အခြေအနေကို လှပစွာ ဝင်ထိန်းသည်။

"နော်မူး. . . မိုးဆက်ကို သွယ်နဲ့ မိတ်ဆက်ပေးလိုက်ဦးလေ"

"ဟုတ်သားပဲ၊ မိုးဆက် ဒါက သွယ်သွယ်ဟန်တဲ့။ သွယ် ဒါ မိုးဆက်"



တစ်ယောက်ကို တစ်ယောက် ပြုံးကာ ခေါင်းညိတ်မိကြသည်။ သူ့ရင်ထဲမှာ ပြုံးချိုနေသော သူမ၏ မျက်နှာလေးက အလွယ်တကူ တွယ်ငြိသွား၏။ သူက စိတ်ထဲမှ 'သွယ်' ဟု တိုးတိုးလေး ခေါ်ကြည့်မိသည်။

သူတို့ ခဝဲခြံမှတ်တိုင်မှ လမ်းနည်းနည်း လျှောက်လိုက်တော့ အအေးဆိုင် တစ်ဆိုင်ကို ရောက်လာကြသည်။ ဆိုင်က စားပွဲထိုးလေးကို အအေးမှာတော့လည်း သွယ်က မိုးဆက်ကို ဂရုတစိုက် ရှိပြန်သည်။

"မိုးဆက် ဘာသောက်မလဲ၊ သွယ်က သံပရာရည်"

"ကျွန်တော်လည်း သံပရာရည်ပဲ"

ထိုအခါ ဖိုးခွားက ဝင်နောက်ပါသည်။

"မင်း အရင်က သံပရာရည် မကြိုက်ပါဘူး၊ အခုမှ ချက်ချင်းကြီး"

ကောင်မလေး နှစ်ယောက်ဆီမှ ရယ်သံတွေ ထွက်လာကြ၏။ မိုးဆက်က သူ့ကို ထပ်နောက်နေမှာ စိုးသဖြင့် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ စကားတွေ လျှောက်ပြောရင်း သူမသည် ပွင့်လင်းသော ကောင်မလေးတစ်ယောက်မှန်း သူ သိလာခဲ့သည်။

နောက်ဆက်ပြောသည့် အကြောင်းအရာများကတော့ သူတို့ Church မှ Carol Singing ထွက်မည့်အကြောင်းတွေပဲ ဖြစ်ပါသည်။ သူမတို့၏ Carol ထွက်မည့်အဖွဲ့တွင် မိုးဆက်နှင့် ဖိုးခွားတို့ကို ဖိတ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြသည်။ ဒီလိုနှင့် လှပသော နောက်ဆက်တွဲအဖြစ် မိုးဆက်သည် သွယ်တို့၏ Church မှ Carol ထွက်မည့် ခရီးစဉ်တွင် အဖွဲ့ဝင်တစ်ယောက် ဖြစ်သွားသည်။

ဆောင်း၏ ညနေခင်းသည် ပို၍ အေးစိမ့်လာသည်ဟု မိုးဆက် ထင်မိသည်။ သူသည် သွယ်၏ ပွင့်လင်းသော အမူအရာများတွင် ကျဆုံးလျက် ရှိ၏။ ထူးဆန်းသည်မှာ ထိုခဏ၌ စန္ဒိကို သူ မေ့နေခြင်း ဖြစ်ပါသည်။

သီချင်းတိုက်သည့် အချိန်များတွင် သူက အရာရာကို တက်ကြွနေပြီး 'သွယ့်' မျက်လုံးများ၏ အဓိပ္ပာယ်ကို ရင်ခုန်နေမိ၏။ သူ၏ သီချင်းဆိုဟန်သည် အေးစက်သော အငွေ့အသက်များကို သယ်ဆောင်လာခဲ့သည်။ သီချင်းတိုက်သည့် ရက်စွဲများတွင်ပင် သူတို့သည် ရင်းနှီးသော သူငယ်ချင်းတွေ ဖြစ်နေကြပြီ။

အခုလည်း ဖိုးခွားနှင့် နော်မူးတို့သည် ဘယ်ရောက်သွားပြန်သည် မသိ။ သူတို့ နှစ်ယောက်သာ စကားတွေ ပြောနေဖြစ်သည်။

"မိုးဆက်. . . ညဖက်ကျရင် ဦးရေခဲလမ်းမှာ မုန့်ဟင်းခါး သွားစားကြမယ်"

"အင်း. . . သွားတာပေါ့။ သွယ်က မုန့်ဟင်းခါး ကြိုက်သလား"

"အရမ်းကြိုက်တယ်၊ ဒါပေမဲ့ မုန့်ဟင်းခါး မစားဖြစ်တာ တစ်နှစ်ကျော် သွားပြီ. . . သိလား"



"ဟုတ်လား၊ ဘာဖြစ်လို့ပါလိမ့်"

သွယ်သည် ချက်ချင်း မဖြေသေးဘဲ မေးကို လက်ညှိုးဖြင့် ထောက်ကာ တသိမ့်သိမ့်ရယ်ပါသည်။ ပြီးမှ. . .

"သွယ်က မုန့်ဟင်းခါးကို အရမ်းကြိုက်တာ၊ မစားရရင်နေကို မနေနိုင်ဘူး။ ဒါနဲ့ ဒီလောက်တောင် ကြိုက်လှတာ ဒီမုန့်ဟင်းခါးကို ဖြတ်မယ်ကွာ ဆိုပြီး လုံးဝ မစားတော့တာ မိုးဆက်ရဲ့၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် ထိန်းချုပ်နိုင်သလဲဆိုတာ စမ်းသပ်ကြည့်တဲ့ သဘောပေါ့"

"အဲဒီတော့. . ."

"အဲဒီတော့ မုန့်ဟင်းခါး မစားဖြစ်တော့ဘူးပေါ့။ အခုဆို တစ်နှစ်ကျော်သွားပြီ။ မစားဘဲ နေတော့လည်း ရတာပါပဲ။ သွယ်က အဲဒီမှာတင် ကိုယ့်ကိုယ်ကိုယ် သုံးသပ်လို့ ရသွားတယ်။ ဘယ်လောက်ပဲကြိုက်ကြိုက်၊ ဘယ်လောက်ပဲ စွဲလမ်းစွဲလမ်း သွယ်သာ တကယ်ဖြတ်ချင်ရင် ဖြတ်နိုင်တယ်လို့ပေါ့"

သူသည် သွယ်၏ စိတ်အခြေခံကို ခန့်မှန်းကြည့်မိသည်။ သူမသည် ခက်ခဲသည်နှင့် တစ်ပြိုင်နက် လွယ်ကူသည်။ လွယ်ကူသည်နှင့် တစ်ပြိုင်နက် ခက်ခဲသည်။ သွယ့်အကြောင်း စဉ်းစားရတာ တစ်နည်းအားဖြင့် ထူးဆန်းသော ကစားနည်းကို တွေ့ရသော ကလေးငယ်တစ်ယောက်ကဲ့သို့ ခံစားရ၏။

ထိုစဉ် ဖိုးခွားနှင့် လူနှစ်ယောက်က သူတို့ဘက်ကို လျှောက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လာပါသည်။ ဖိုးခွားနှင့် ပါလာသော လူက မိုးဆက်ကို လက်ပြ နှုတ်ဆက်လိုက်၏။ မိုးဆက် ချက်ချင်း မှတ်မိသွားသည်။ ဟိုညက လာမိတ်ဆက်တဲ့ လူ.... ဆံပင်ရှည် ရွှေရောင်ပိုင်ရှင်။ သူ့နာမည်က မင်းမင်းဆိုလား။

"မှတ်မိရဲ့လား"

"သိပ်မှတ်မိတာပေါ့၊ မင်းမင်းလေ"

ထိုမင်းမင်းဆိုသူက မိုးဆက်အဖြေကြောင့် တိုးဖွဲ့စွာ ရယ်သည်။ ရယ်ပြီးတော့ သူက သွယ့်ခေါင်းကို ပုတ်ကာ ပြော၏။

"ဒါက ကျွန်တော့်ညီမဗျ"

မိုးဆက်၏ အံ့ဩနေပုံကို မြင်တော့ အားလုံးက ရယ်ကြပြန်သည်။

"ညီမအရင်းလား"

"အရင်းပေါ့"

မိုးဆက်က မင်းမင်းကို မေးလိုက်ခြင်း ဖြစ်သော်လည်း ဝင်ဖြေလိုက်သူကတော့ သွယ် ဖြစ်ပါသည်။ ခဏကြာတော့ နော်မူးက သီချင်းတိုက်သည့် အိမ်ထဲမှ ထွက်လာသည်။ ဘိုဟိန်းက မိုးဆက်ကို ရယ်ပြကာ မေး၏။

"မနေ့က ကျွန်တော်တို့ ရွှေကြယ်ကို လာရှာသေးတယ်ဗျ၊ မတွေ့ပါလား"

"ဟုတ်လား... ကျွန်တော်တို့လည်း လာတယ်ဗျ၊ လွဲသွားတာ ဖြစ်လိမ့်မယ်"



နော်မူးက...

"Carol ထွက်ရင် သူတို့ပါ လိုက်မှာ ဘိုဟိန်းရဲ့"

"ကောင်းတာပေါ့၊ ဒီပုဂ္ဂိုလ်တွေက ဂစ်တာတီးတာရော၊ သီချင်းဆိုတာရော ဆရာတွေ"

"ဟားဟား... လာမြှောက်နေပြန်ပြီ"

မင်းမင်းက သူတို့ကို တကယ်ပင် လေးလေးစားစား ရှိ၏။

"ဘယ်က မြှောက်ရမှာလဲ၊ ကျွန်တော်က ခင်ဗျားရေးထားတဲ့ သီချင်းကို တကယ် ကြိုက်တာပါ၊ ဘိုဟိန်း ဟိုတစ်နေ့က အစီအစဉ်ကို တစ်ခါတည်း ပြောလိုက်ရင် ကောင်းမယ် ထင်တယ်နော်"

"ပြောလေ... ကောင်းသားပဲ၊ ဒါပေမဲ့ ဒီနေရာမှာ မတ်တတ်ကြီးတော့ မကောင်းဘူး၊ တစ်နေရာမှာ မုန့်စားရင်း ပြောကြတာပေါ့၊ ငါ ဗိုက်ဆာနေပြီ"

ထိုအခါ သွယ်က ဝင်ပြောပါသည်။

"ဒါဆို ဦးရေခဲလမ်းမှာ မုန့်ဟင်းခါးစားရင်း ပြောကြ... သွယ်တို့က အဲဒီမှာ မုန့်ဟင်းခါးသွားစားကြမလို့"

"ကောင်းသားပဲ"

ဒီလိုနှင့် သူတို့အုပ်စုကြီး ဦးရေခဲလမ်းက မုန့်ဟင်းခါးဆိုင်ကို ရောက်လာကြသည်။ ဆောင်းရာသီသည် မြူမှုန်များဖြင့် ခမ်းနားနေ၏။ ဖိုးခွား၊ မိုးဆက်၊ မင်းမင်း၊ ဘိုဟိန်း၊ သွယ်နှင့် နော်မူး၊ စုစုပေါင်း ခြောက်ယောက်။ လူငယ်ဆန်သော အိပ်မက်တွေသည် တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ ကောင်းပါသည်။

မုန့်ဟင်းခါးဆိုင်ကို ရောက်တော့ လူအနည်းငယ်ရှိသဖြင့် သူတို့ အေးအေးဆေးဆေး စကားပြောခွင့် ရကြသည်။ မင်းမင်းက စပြော၏။

"ဒီလိုဗျ၊ အခု ကျွန်တော် စီးရီးတစ်ခု လုပ်နေတယ်၊ အဲဒီ ဟာက လုပ်နေတာ နည်းနည်းကြာပြီ။ Own တွေချည်းပဲ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သိပ်အားမရလို့ Vocal ဆိုလိုက်၊ မကြိုက်တာနဲ့ အချောမယူဘဲ ပြန်ပြင်လိုက်နဲ့ ရှာလည်နေရတယ်၊ အနုပညာ လောဘပေါ့ဗျာ"

"အခုရော ခွေက ဘယ်အခြေအနေ ရောက်နေပြီလဲ"

"ဘယ်အခြေအနေ ရောက်နေပြီလဲဆိုတော့ သီချင်းက တစ်ခွေစာ (၁၂) ပုဒ် လုပ်ထားတာ၊ အဲဒီမှာ နှစ်ပုဒ်က ကျွန်တော်နဲ့ အဆင်မပြေဘူး ဖြစ်နေတယ်။ အဲဒါ ခွင့်ပြုမယ်ဆိုရင် ဟိုတစ်နေ့ည က ခင်ဗျားဆိုခဲ့တဲ့ သီချင်းလေ၊ အခန်းဆက်နှင်းဆီဆိုလားဗျာ၊ အဲဒါ လေးကို ကျွန်တော့်ခွေထဲမှာ သုံးချင်လို့"

သူ့စကားအဆုံးတွင် မိုးဆက်နှင့် ဖိုးခွားတို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြ၏။ မိုးဆက်သည် အိပ်မက် မက်သူ တစ် ယောက်လိုပင်။ အသိနှင့် ခန္ဓာကိုယ်က ကင်းကွာနေလျက် ရှိသည်။

"ဘယ်လိုလဲဗျ၊ ဖြစ်တယ်မဟုတ်လား"

မင်းမင်းက ထပ်မေးလိုက်သဖြင့် သူ သတိဝင်လာသည်။



ရုတ်တရက် သူ့အကြည့်တွေသည် သွယ့်ဆီ ရောက်သွားပါသည်။ မျက်လုံးတွေဖြင့် သူမက ရယ်ပြ၏။

"ရပါတယ် လုပ်ကြတာပေါ့"

အကြောင်းသိသော ဖိုးခွားက. . .

"ဟော့ကောင် မိုးဆက် အဲဒီသီချင်း မင်းစီးရီးကျမှ သုံးမယ့် သီချင်းဆို ဘယ်သူမှ မရောင်းဘူးဆို"

မိုးဆက်က အလျင်အမြန် ဖိုးခွားကို မျက်စိတစ်ဖက်မှိတ်ပြ လိုက်ပါသည်။ ဆက်မပြောနဲ့ ဆိုသည့်သဘော. . .။

"ငါ့စီးရီးက ဘယ်တော့မှန်းမှ မသိနိုင်သေးတာကို"

သို့သော် မိုးဆက် မျက်စိမှိတ်ပြသည်ကို အကင်းပါးသည့် မင်းမင်းတို့ မောင်နှမက မြင်ပြီးသား ဖြစ်၏။ ဖိုးခွားက ရွဲ့စောင်းသော စကားကို ဆိုသည်။

"ဩော်. . . မျက်နှာကလည်းကြီးပ့ါ"

ဖိုးခွား ဘာကို ရည်ရွယ်ပြီး ပြောသည်ကို အားလုံးက သဘောပေါက်စွာ ရယ်မိကြသည်။ ရယ်သံများထဲတွင် သွယ့်ရယ်သံ က အချိုလွင်ဆုံးဟု မိုးဆက်က ထင်၏။

ဆောင်း၏ ခေါင်းလောင်းသံများအား ကြားရသည်။

မင်းမင်းသည် ညီမလုပ်သူကို ဒီလောက် ပျော်ရွှင်တက်ကြွ နေပုံအား နားလည်စွာ ပြုံးမိသည်။ လူတစ်ယောက်မှာ အချစ်ရှင်နဲ့ တွေ့ချိန်ဆိုတာ ဒီလိုပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သွယ့်မျက်လုံးများသည် အရည်လဲ့ကာ ဝိုင်းစက်နေ၏။ မိုးဆက်သည် အစ်ကိုဖြစ်သော မင်းမင်းက အကဲခတ်နေသည့်တိုင်အောင် စိတ်လှုပ်ရှားတာ အရမ်းသိသာလွန်းနေသည်။ ဒါပေမဲ့ မင်းမင်းက နားလည်မှု ရှိသည်။ တချို့ကိစ္စတွေကို မသိချင်ယောင်ဆောင်နေ၏။

Carol အကြိုသီချင်းတိုက်ချိန်များသည် သူတို့ အားလုံးအတွက် ပျော်စရာတွေ ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

"ဟော့ကောင် ဖိုးခွား လာလေကွာ"

မိုးဆက်က လှမ်းခေါ်သည်။ ဖိုးခွားက သူတို့ နားကို လျှောက်လာ၏။

"မင်းတို့ ဘာလုပ်နေကြတာလဲ"

စာရွက်တွေနှင့် ရှုပ်နေသော မင်းမင်းက ခပ်တည်တည် ပြန်ဖြေသည်။

"ဒီမှာ မိုးဆက်သီချင်း Note တွေ ကြည့်နေကြတာ၊ မနက်ဖြန်ဆို Studio မှာ စသွင်းပြီ"

"ဟာ. . . မြန်လှချည်လား"



"မြန်မြန်ပဲ ဟော့ကောင်ရေ၊ ခွေက တော်တော်ကြာနေပြီဆိုတော့ မြန်မြန် လုပ်မှကွ၊ ပိုက်ဆံလေးရှိတုန်း လုပ်ရတာ၊ တော်ကြာ ကိုကြီးက သူနိုင်ငံခြားက ပြန်လာတဲ့ အထိ မပြီးသေးဘူးလားဆိုပြီး ပြောစရာ ဖြစ်နေလိမ့်မယ်"

မင်းမင်း၏ စကားကို ဖိုးခွားက တအံ့တဩ တုံ့ပြန်၏။

"ဘယ်လို. . . ဘယ်လို"

"ဩော်. . နားရှုပ်သွားပလား။ ဒီလိုဗျ. . . ကျွန်တော်တို့က မောင်နှမ သုံးယောက်ရှိတာ၊ ကိုကြီးဆိုတာ ကျွန်တော်တို့အစ်ကိုအကြီးဆုံးပေါ့။ သူက ကျွန်တော့်အခွေရဲ့ ပရိုဂျူဆာလေ။ အခု ကိုကြီးက ဂျပန်ရောက်နေတာ၊ ဒါပေမဲ့ ရွှေ့လဆို ပြန်လာမယ် ပြောတယ်။ ကျွန်တော့်ခွေအတွက် ကိုကြီးက ပိုက်ဆံတွေ ပို့ပို့ပေးတာဗျ၊ တော်တော်များနေပြီ။ တော်ကြာ သူ ပြန်လာအချိန်ထိ ခွေကြမ်းလေးတောင် မပြီးသေးဘူးဆို ပြီးအဆူခံ နေရလိမ့်မယ်။ ဒါကြောင့် ကျွန်တော်က အမြန်ကစ်နေရတာ"

"ဒီလိုလား"

ခဏမျှ စကားသံတွေ တိတ်ဆိတ်သွား၏။ သူများ ဘဝတွေများ ကံကောင်းလိုက်တာဟု မိုးဆက်တွေးနေမိသည်။ သူမှာ ထိုကဲ့သို့ အစ်ကိုမျိုး မရှိ။ ထို့ထက်ပို၍ တိတိကျကျ ပြောရလျှင် သူတို့လို မိသားစုမျိုး မရှိပါ။

ဖိုးခွားက သူ့ကို နှစ်သိမ့်သလို ပြုံးပြပါသည်။ မင်းမင်းသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့စီးရီးအတွက် တက်ကြွစွာ ပြင်ဆင်နေ၏။ အခန်းဆက် နှင်းဆီသီချင်းကို အကြောင်းပြု၍ မိုးဆက်ကိုလည်း မင်းမင်းက လူရင်း တစ်ယောက်လို ဆက်ဆံနေရာပေးပါသည်။

တစ်ပတ်ဆိုသော အချိန်အတွင်းမှာ သူတို့ ငယ်ပေါင်းများကဲ့သို့ ရင်းနှီးလာခဲ့၏။

အင်း. . . . ငယ်ပေါင်း၊ ငယ်ပေါင်း။

ငယ်ပေါင်းဆို၍ သူ ကိုဦးတို့၊ ဉာဏ်လင်းမင်းတို့ကို သတိရသည်။ ပြီးတော့ စန္ဒီ. . . ။ သူမ၏ မျက်ဝန်းများတွင် ခါးမြောင်လှလှလေး တစ်ချောင်း အမြဲ ရှိသည်။

ရုတ်တရက် တိုက်ခတ်လိုက်သော လေကြောင့် သူ ချမ်းသွားပါသည်။ ဆောင်းရာသီ၏ အလယ်တည့်တည့်တွင် ခရစ်စမတ် ရှိ၏။

ငါ့ရင်ခွင်တည့်တည့်မှာရော. . . .

ရက်စက်စွာ ပြုံးလိုက်သော စန္ဒီ့မျက်နှာက ဖျတ်ခနဲ ပေါ်လာ၏။ သူသည် တစ်ချိန်မှာ စန္ဒီဆီ ပြန်သွားရမည်ဟု သတိရလိုက်သေးသည်။ တကယ်တော့ သူက မာယာတွေကို အနိုင်ရသူ ဖြစ်ချင်သည်။

## အခန်း (၃)

အခုဆို မိုးဆက်သည် ဂီတနှင့် သွယ်သွယ်ဟန်ဆိုသော ကောင်မလေးမှအပ ဘာကမှ အရေးမကြီးတော့ပြီ။ မိုးဆက်သည် ကိုယ့်ကိုယ်ကိုယ်လည်း တော်တော် ကျေနပ်နေမိ၏။ သူက အခုဆို စန္ဒီကို မေ့ထားနိုင်ခဲ့ပြီ။ Carol ထွက်မည့်အဖွဲ့ဝင်များအားလုံးကလည်း သွယ်နှင့် သူ့ကို ဝိုင်းစတတ်ကြသည်။

အစ်ကိုရင်းဖြစ်သူ မင်းမင်းကလည်း အေးဆေးမို့ အားလုံးကလည်း အေးဆေးပါသည်။

ဒီနေ့က ဒီဇင်ဘာ (၂၃) ရက်နေ့။ သူတို့အဖွဲ့၏ ပထမဆုံး Carol Singing စထွက်မည့်နေ့လည်း ဖြစ်၏။

ကြေးဝါရောင် ဆောင်းညသည် ငွေမှုန်များ ဖြယ်မှုန်းထား

www.burmeseclassic.com

www.burmeseclassic.com



လှပလွန်းလှ၏။ သစ်တော်သီးရနံ့လိုလို၊ စတော်ဘယ်ရီ ရနံ့လိုလို ရနံ့တစ်မျိုးကလည်း မွှေးပျံ့နေသည်။

"ဟိတ်"

မိုးဆက် ရုတ်တရက် လန့်သွားကာ နောက်သို့ လှည့်ကြည့်လိုက်၏။ အိုး. . . လှလိုက်တာကွယ်။

သွယ် (သို့မဟုတ်) ဆောင်းရာသီနတ်သမီး။

သူကြောင်အစွာ ငေးကြည့်နေဆဲမှာ သူမက မေးပါသည်။

"ဘာလုပ်နေတာလဲ"

"ဒီလိုပါပဲ. . . ဒီညလေးက အရမ်းလှလို့ ခံစားနေတာ"

ထိုအခါ သူမက တခစ်ခစ် ရယ်ပါသည်။

"အံမယ်. . . ကဗျာ တယ်ဆန်နေပါလား"

သူမ၏ အကြည့်နက်နက်တွေကို သူ တပ်မက်လာ၏။ နှင်းများကြားမှ ဆန်တာကလော့ ဘိုးဘိုးရုပ်ကြီးကို သူ ငေးကြည့်နေမိသည်။

"ကိုယ်ကတော့ ဒီနှစ် ခရစ်စမတ်မှာ ဆန်တာကလော့ ဘိုးဘိုးကြီးကို ကျေးဇူးသိပ်တင်တာပဲ"

"ဘာဖြစ်လို့. . ."

"ဪ. . . သွယ်ဆိုတဲ့ ကောင်မလေးကို ဘုရားသခင်ဆီက ခရစ်စမတ်လက်ဆောင်တောင်းပေးလို့လေ"

ရှက်သွားရမည့်အစား သူမက အားရပါးရ အော်ရယ်ပါ



သည်။ သို့သော် တော်တော်လှလေသည်။

"ထားပါတော့. . . သူက တော်တော် နောက်တတ်တာပဲ။ ဒါနဲ့ သန်ဘက်ခါ ဘာနေ့လဲ သိလား"

"သိတာပေါ့။ ခရစ်စမတ်နေ့လေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အဲဒါ မဟုတ်သေးဘူး"

သူ ခေါင်းကုတ်ကာ စဉ်းစား၏။ ဒါပေမဲ့ အဖြေမရ။

"ဟင့်အင်း. . . ကျွန်တော် မသိတော့ဘူး"

"မသိရင် မှတ်ထား သန်ဘက်ခါ နတ်သမီးမွေးနေ့"

"ဘာ. . . လက်ချိုမီး မွေးနေ့ ဟုတ်လား"

သွယ်က နှုတ်ခမ်းကို ကိုက်ကာ သူ့ကို လက်ဖြင့် ရွယ်၏။ ခြေကို တစ်ချက်ဆောင့်သည်။

သို့သော် သူမကို မိုးဆက် ချစ်ပါသည်။

မိုးဆက်က သူမပုံစံကြောင့် မြတ်နိုးစွာ ရယ်မိ၏။

"နတ်သမီး. . . လက်ချိုမီး မဟုတ်ဘူး"

"ဪ. . . ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ နတ်သမီး. . . ဘယ်သူလဲ နတ်သမီးက"

"ဒီမှာလေ"

သူမက လက်မဖြင့် ကိုယ့်ကိုယ်ကိုယ် ညွှန်ပြပါသည်။

"ဪ. . . သွယ့်မွေးနေ့ပေါ့။ ဒါဆို သွယ်က ဘုရားသခင်နဲ့ တစ်ရက်တည်း မွေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ သူကရော"

"ကျွန်တော်က ဖေဖော်ဝါရီ (၁၃)၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တစ်ရက်တည်း မွေးတာ"

"တကယ်"

"တကယ်ပေါ့"

"တာရာမင်းဝေ ဝတ္ထုလို ပြောရမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့တစ်ရက်တည်း မွေးတဲ့ ကောင်လေးနဲ့ ဘုရားသခင်နဲ့ တစ်ရက်တည်း မွေးတဲ့ ကောင်မလေးပေါ့"

"အင်းပေါ့"

"ဟား. . . ဟား. . . ဟား. . ဟား. . ."

နှစ်ယောက်သား သဘောကျစွာ ပြိုင်တူရယ်မိကြသည်။ ဆောင်း၏ တိတ်ဆိတ်မှုထဲတွင် နက်မှောင်အေးစက်သော ချစ်ခြင်းမေတ္တာသည် သတိရစရာ ဖြစ်ပါသည်။ ခတ္တာပန်းတွေကလည်း ချစ်သူတွေအတွက်ဆို အမြဲ အဆင်သင့်ရှိစမြဲ။

ခရစ်စမတ်သီချင်းသံများက နေရာအနှံ့ လွင့်မျောနေတော့တာပါသည်။

ရန်ကုန်မြို့အနှံ့ Carol Singing ထွက်ကြသောအခါ ပျော်စရာ ခရီးစဉ်ကြီး တစ်ခု ဖြစ်သွားသည်။ ဆောင်းလေက အပ်လောက်ပင် အေးစိမ့်နေပါစေ။ ချစ်သူနှင့် နှလုံးသားချင်း တွေ့ဆုံသည့်အခါ နွေးထွေးနေလေသည်။

❖ ❖ ❖ ❖ ❖



သူ့ရင်ဘတ်ထဲတွင် မီးအေးအေးလေးတွေက 'သွယ်'ဟု အော်မြည်ကာ လောင်ကျွမ်းနေပါသည်။

မင်းမင်းက စတူဒီယို ထဲတွင် ပေါ်တင်ပင် ဖွင့်မေးခဲ့၏။

"မင်း သွယ်သွယ်ဟန်ကို ချစ်နေသလား"

"အင်း"

သူက ချက်ချင်း ဝန်ခံလိုက်တော့ မင်းမင်းက ပြုံးနေ၏။

ခရစ်စမတ် ပြီးသွားသော်လည်း သူက အရှိန်ဖြင့် ပျော်နေ၏။ ပျော်စရာ၊ ရင်ခုန်စရာ ကောင်းသော ဆောင်းညရှည်များအကြောင်း သူ သီချင်းသစ်တွေ ရေးဖြစ်သည်။

သွယ်သည် သူ ရေးသော သီချင်းအသစ်များကို ပထမဆုံး နားထောင်ပေးသော ပရိသတ် ဖြစ်လာသည်။ သွယ်နှင့် ဆောင်း၏ ချမ်းစိမ့်သော သစ်ရွက်ကြွေများအကြောင်း ဆွေးနွေးဖြစ်၏။ မိုးဆက်နှုတ်ခမ်းပါးပါးလေးများကိုမှ သူမက သဘောကျပါသတဲ့။

ကတ္တီပါသားလို နူးညံ့သော သူမ၏ မျက်သားလေးတွေက သူ့အတွက် မဆုံးနိုင်သည့် သံစဉ်များ ဖြစ်ပါသည်။

"သွယ်"

"ဘာလဲ"

"ကိုယ်တို့နှစ်ယောက်က စကားလုံးတွေ မလိုဘဲ ရည်းစားဖြစ်နေတာကွ. . သိလား"

"ခစ်. . . ခစ်. . . ခစ်. . . သိသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ရယ်ရင်း မိုးဆက်ရင်ခွင်ထဲသို့ မှီချလိုက်၏။ လေထဲတွင် အချစ်ဟု အမည်ရသော ပန်းရနံ့လေးတွေက ဝေ့ဝဲလာကြသည်။

အင်း. . .

အချစ်ဆိုတာ

မစိုက်ရသေးတဲ့ သစ်ပင်တွေပါကွာ။

❖ ❖ ❖ ❖ ❖

## အခန်း (၄)

အချိန်က ညဆယ်နာရီခွဲ။ ဒီဇင်ဘာ (၃၁) ရက်နေ့။

အားလုံးလိုလို Happy New year ကို ပျော်ရွှင်စွာ ကြိုဆိုနေကြသည်။ သူတို့ကတော့ Studio ထဲမှာ အားကြိုးမာန်တက် သူတို့အိပ်မက်များကို အကောင်အထည် ဖော်နေကြ၏။ ဒီနေ့က မိုးဆက်၏ သီချင်း "အခန်းဆက်နှင်းဆီ" ကို အသံသွင်းသည့်နေ့။ မင်းမင်းသည် မြောက်ကြွ မြောက်ကြွ ဖြစ်နေ၏။

စောစောတုန်းကလည်း သာမန်မဟုတ်တဲ့ ပုံစံနဲ့ သီချင်း၏ အချိုးအကွေ့တစ်ခုကို ရအောင် သူ ဆိုသွားခဲ့သည်။ ပြီးတော့ အသံဖမ်း အင်ဂျင်နီယာ သတိုးကျော်၏ အိပ်ခန်းထဲကို ဝင်သွားသည်။ မိုးဆက်က အကုန်သိနေသဖြင့် စိတ်ပျက်စွာခေါင်းယမ်းမိ၏။

www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကြာမှ မင်းမင်းက တက်ကြွစွာ ပြန်ထွက်လာသည်။

ကိုအောင်သူနှင့် ကိုသက်အောင်တို့ကလည်း အရက်တွေ သောက်ထားကြသည်။ မနက်ဖြန်ကျရင်တော့ သူ အားလုံးကို သဘောပေါက်အောင် ပြောပြ၍ ဆင်ခြင်ခိုင်းမှ ဖြစ်မည်။ ဒီနေ့တော့ ရှိပစေတော့-

"ဟေ့ကောင် ဘာတွေစဉ်းစားနေတာလဲ၊ မင်းမင်းရော"

မိုးဆက်ကို ကိုသက်အောင်က ရုတ်တရက် စကားလှမ်းပြောလိုက်သဖြင့် သူ လန့်သွားသည်၊ မင်းမင်းတဲ့၊ ဟုတ်ပါရဲ့ စောစောတင် ဒီရှေ့မှာ ရှိနေပါသေးတယ်၊ အခု ဘယ်ပျောက်သွားပါလိမ့်။

"မသိဘူး ကိုသက်အောင်၊ ခုနကတော့ ဒီနားမှာပဲ"

"အာ လိုက်ရှာစမ်းပါဦးကွာ၊ ဒီမှာ သူ သီချင်းဆိုတာက ပြီးသေးတာ မဟုတ်ဘူး၊ ဒီနေ့ ဂျူတီမှာ အဲဒီသီချင်းက ပြီးမှ ဖြစ်မှာ"

ထိုစဉ် ဘိုဟိန်းက Studio အခန်းထဲဝင်လာ၏။ ဘိုဟိန်းကို မိုးဆက်က လှမ်းမေးလိုက်ပါသည်။

"ဟေ့လူ ခင်ဗျားက အခုမှလာတာလား၊ အပြင်မှာ မင်းမင်းကို တွေ့မိသလား"



"တွေ့ပါ့ကွာ၊ ငါရောက်ရောက်ချင်း ငါ့ဆိုင်ကယ်ကို ခဏဆိုပြီး ယူသွားလေရဲ့၊ ဒီကောင် ဆိုင်ကယ်မောင်းတာ သိပ်ကြမ်းတာပဲ၊ ပြီးတော့ Helmet ဟဲလ်မက်လည်း ပါတာမဟုတ်ဘူး၊ ဒါပေမဲ့ မြန်မြန်ပြန်လာလို့တော့ ငါပြောလိုက်ပါတယ်"

ကိုသက်အောင်က စိတ်ညစ်သွား၏။

"ဟာ ဒုက္ခပါပဲ၊ ဘယ်သွားမယ်ပြောလဲ"

"အဲဒါတော့ ပြောမသွားဘူး"

"ဒီကောင်ကတော့ကွာ. . ."

ကိုသက်အောင်လည်း ထိုမျှလောက်သာ ညည်းညူနိုင်တော့သည်။ ပြီးတော့ ကိုသက်အောင်က အတွင်းခန်းထဲသို့ ပြန်ဝင်သွား၏။ Newyear ညသည် မိုးဆက်ကို တိတ်ဆိတ်စွာ ချောက်ချားစေပါသည်။ ဘာကြောင့်မှန်းမသိသော်လည်း သူဖေဖေ့ကို သတိရနေ၏။ ငယ်ငယ်တုန်းကဆို ဖေဖေသည် အခုလို Newyear ညအချိန်ရောက်ရင် သူ့ကို ပခုံးပေါ်တင်ကာ ရေဝတီမြစ်ကမ်းဘေးတစ်လျှောက် လမ်းလျှောက်တတ်သည်။ တစ်ဖက်ကမ်းဆီမှ မှိတ်တုတ်မှိတ်တုတ်မီးများကို တွေ့ရလျှင် သူပျော်ပါသည်။ တစ်ခါတစ်ရံတော့ ဖေဖေ့လက်မောင်းတွေကို သူ ယီးလေးခိုစီးခွင့်ရ၏။

သားအဖနှစ်ယောက်တည်း Happy Newyear ပြီးလို့ အိမ်ပြန်လာရင် မေမေက မအိပ်သေးဘဲ ပြုံးရွှင်စွာ ဆီးကြိုတတ်ပါသည်။ အခုတော့ ထိုသို့ ပျော်စရာ မိသားစုဘဝသည် ဝေးခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် စိတ်ခါတ်ခွန်အားနည်းသူ၊ နေရာတော်တော်များများမှာ အမြင်ကျဉ်းသူ၊ အောင်မြင်သော မိသားစုဘဝကို မတည်ဆောက်နိုင်သူ။ သုံးယောက်တည်းရှိသော မိသားစုသည် အခုတော့ တစ်ယောက် တစ်နေရာဆီ မဆုံနိုင်အောင် ဝေးခဲ့ရသည်။

အစတုန်းကတော့ မိုးဆက်သည် ဖေဖေ့ကို တော်တော်နာကျည်းသည်။ နောက်တော့လည်း သူ ခွင့်လွှတ်လာနိုင်ခဲ့လေသည်။

ဖေဖေဟာ အခုဆို သားတစ်ယောက်ကို ပခုံးပေါ်တင်ပြီး ရောဝတီမြစ်ကမ်းဘေးမှာ လျှောက်ပြတဲ့ ဖခင်တစ်ယောက်ရဲ့ ဘဝကို မေ့ချင် မေ့နေမှာပေါ့။ ဒေါ်မာလာဆိုသည့် မိန်းမ၏ ရင်ခွင်ထဲမှာ အိပ်မောကျနေလောက်ပြီဟု တွေးမိသောအခါ သူ တော်တော်စိတ်ဆင်းရဲသွားပါသည်။

"ဟော့. . . မိုးဆက် ရော့. . ."

အသံဖမ်း အင်ဂျင်နီယာ သတိုးကျော်က မာဘိုရို စီးကရက်ဘူးကို ကမ်းပေးလိုက်၏။

"ကျေးဇူးပဲ သတိုး၊ ကျွန်တော် မသောက်ဘူး၊ ဆေးလိပ်ဖြတ်ထားတယ်"

"ဟိုက်. . . ရှားပါးလူသားပါလား"

သတိုးကျော်ကနောက်တော့ သူပြုံးမိလေသည်။ မိုးဆက်သည် စန္ဒီ၏ ငါးသုံးလုံး စီးကရက်ကို ရုတ်တရက် သတိရမိသေး၏။

သွားစမ်းပါကွာ. . . ငါ့မှာ သွယ်ရှိနေပြီပဲ။



မိုးဆက်က ရန်ကုန်ကို စရောက်ကတည်းက ဆေးလိပ်ဖြတ်ထားသည်။ သူကိုယ်သူ တည်ဆောက်ချိန်များတွင် ကျန်းမာရေးသည် အရေးကြီးသည်။ နောက် ငွေကြေး။ ငွေအပိုကုန်မည့် ကိစ္စတွေကိုလည်း သူ တတ်နိုင်သမျှ ရှောင်ပါသည်။

သတိုးကျော်က သူ့ရှေ့မှာ မာဘိုရိုတစ်လိပ်ကို အားရပါးရ ဖွာရှိုက်နေ၏။ အချိန်တွေက တဖြည်းဖြည်း ကုန်သွားသည်။ ည (၁၂) နာရီတိတိ။ အပြင်မှာ မီးရှူးမီးပန်းတွေကို ပစ်ဖောက် ပျော်ရွှင်နေကြသည်။

Happy Newyear ဆိုသည့် သံပြိုင်အော်သံများကိုလည်း သူ ကြားရ၏။ အခုချိန်အထိ မင်းမင်းက ရောက်မလာသေး။ ကိုသက်အောင်၊ ကိုအောင်သူ၊ ကိုဟိန်း၊ သတိုး. . . အားလုံးကလည်း စိတ်ပူစပြုနေပြီ။

"သိပ်လည်း စိတ်ပူမနေကြပါနဲ့၊ သူလည်း ကလေးမှ မဟုတ်တာ။ အသိတစ်ယောက်ယောက်နဲ့ တွေ့နေလို့ ဖြစ်ပါလိမ့်မယ်"

ကိုအောင်သူက လူကြီးဆန်ဆန်တွေးကာ ဖျောင်းဖျသော်လည်း သူကိုယ်တိုင်ကလည်း စိတ်ပူနေတာကို ဖုံးကွယ်ထား၍ မရပေ။ ညဉ့်နက်လာလေ ပို၍ စိုးရိမ်စရာ ကောင်းလာလေ ဖြစ်သည်။

"ဒီကောင်ကွာ၊ ဒီည 'အခန်းဆက်နှင်းဆီ' ကို အပြီးသွင်းရမယ်ဆိုတာ သိရဲ့သားနဲ့"

ကိုသက်အောင်ကလည်း စိတ်တိုနေ၏။ နှစ်သစ်၏ ဇန်နဝါ

www.burmeseclassic.com

www.burmeseclassic.com



ရီ ဆောင်းမနက်ခင်းသည် စိမ့်နေအောင် အေးပါသည်။ မြူနှင်းတွေကြောင့် Studio ခြံ ပတ်ဝန်းကျင်သည် ခပ်ဝါးဝါးဖြစ်နေသည်။

နာရီလက်တံများက တစ်ပတ်ပြီးတစ်ပတ် လည်ပတ်နေ၏။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီ၊ ငါးနာရီ. . .။ ကိုသက်အောင်နှင့် ကိုအောင်သူမှာ အခန်းထောင့် အိပ်ငိုက်နေကြပြီ။

ထိုစဉ် တယ်လီဖုန်းမြည်သံကြားရ၏။ မိုးဆက်က ဖုန်းထကိုင်လိုက်ရသည်။

"ဟဲလို. . . ."

တစ်ဖက်မှ သွယ့်အသံကို ကြားရ၏။ သူမသည် မောဟိုက်စွာ ငိုရှိုက်ထားပုံ ရလေသည်။

"ပြောလေ သွယ်. . . ပြော. ."

". . . . . . . ."

"ဘာ. . . ."

မိုးဆက်သည် သူ့နားသူ မယုံနိုင်အောင် ဖြစ်နေ၏။ မင်းမင်းသည် မနက်လေးနာရီလောက်တုန်းက အင်းယားလမ်းမှာ ဆိုင်ကယ်မှောက်ပြီး သေဆုံးသွားပြီတဲ့။

ဒီသတင်းကြောင့် ကိုအောင်သူတို့၊ ကိုသက်အောင်တို့ကလည်း အိပ်မက်မက်နေကြသလို. . .။ ဘိုဟိန်းသည်လည်း စိတ်တွေတော်တော်လှုပ်ရှားနေ၏။

သွယ်. . .။ မိုးဆက်က သူမကို အရမ်းစိုးရိမ်သွားပါသည်။



ဒီအချိန်မှာ သူမကို ဘယ်သူနှစ်သိမ့်မှာပါလိမ့်။

သူ့စိတ်ညာဉ်သည် 'သွယ်'ဆီသို့ လွင့်ခနဲ ရောက်သွားပါသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မင်းမင်း၏ အသုဘအခမ်းအနားသည် သူငယ်ချင်းများ သူတို့၏ ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေလေသည်။ မင်းမင်း သူငယ်ချင်း အပေါင်းအသင်းတွေကလည်း များမှများ။

ဘိုဟိန်း၊ မိုးဆက်၊ ကိုသက်အောင်၊ ကိုအောင်သူ၊ ဖိုးခွား၊ သတိုး၊ နော်မူးနှင့် သွယ်။ သူတို့အားလုံးသည် ဧည့်သည်များကို မအားလပ်ရအောင် ဧည့်ခံနေရသည်။ မိုးဆက်သည် သွယ်ကိုသာ ဂရုတစိုက်နှင့် လိုက်ကြည့်နေ၏။ ငိုထားသဖြင့် အစ်မို့နေသော သူမ၏ မျက်လုံးများသည် တစ်ခါတစ်ရံတော့ ဧည့်သည်များကြားမှ သူ့ထံကို ရောက်လာတတ်သည်။

မင်းမင်း၏ ရည်းစားလိုလို၊ သူငယ်ချင်းလိုလို ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



များသည် အသုဘတွင် ဘယ်သူနှင့်မှ မသိဘဲ လာငိုနေကြသဖြင့် သွယ်ကပင် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ကာ ဧည့်ခံရ၏။ မင်းမင်း ကွယ်လွန်ခြင်းကို သူတို့ သူငယ်ချင်း အသိုင်းအဝိုင်းများက တကယ့် ရော့ခ်ကြယ်ပွင့်ကြီး တစ်ပွင့် ဆုံးရှုံးရသလို ပြောဆိုနေကြသည်။

သွယ်သည် လူတွေ အများကြီးထဲမှာ လူတစ်ယောက်ကို လက်ဆွဲလာပြီး မိုးဆက်နှင့် မိတ်ဆက်ပေး၏။

"မိုးဆက်. . . ဒါက သွယ်တို့ အစ်ကိုအကြီးဆုံး ကိုငြိမ်းချမ်းတဲ့။ မနေ့ကမှ နိုင်ငံခြားက ပြန်ရောက်တာ၊ ကိုကြီး. . . ဒါ က မိုးဆက်တဲ့၊ သီချင်းရေးဆရာပေါ့။ မင်းမင်းတောင် သူ့သီချင်းတို့ ဆိုထားသေးတယ်"

ထိုပုဂ္ဂိုလ်က အပြုံးနှင့် လက်ကမ်းပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် ငြိမ်းချမ်းပါ။ မင်းမင်း သူငယ်ချင်းတွေ အားလုံး ကိုယ့်သူငယ်ချင်းတွေပဲပေါ့"

"ဟုတ်ကဲ့ ကိုငြိမ်းချမ်း. . . ကျွန်တော်လည်း မင်းမင်း အတွက် လုံးဝ စိတ်မကောင်းပါဘူး"

"ကျွန်တော့်ညီအတွက် ကျွန်တော် မျှော်လင့်ထားတာတွေ အားလုံး သဲထဲ ရေသွန်ပါပဲဗျာ၊ ဒီကောင်က ဟိုးငယ်ငယ်ကတည်းက ဂီတကို သိပ်ဝါသနာကြီးတာ၊ ကျွန်တော်ကလည်း သူ့ကို ဖြစ်စေချင် တာပေါ့။ ကျွန်တော် နိုင်ငံခြားထွက်ပြီး အလုပ်လုပ်တာ သူ့အတွက် တစ်ဝက်ပါတယ်၊ အခုတော့ဗျာ. . ."



သူ့အသံတွေသည် ညီတစ်ယောက်အတွက် မချင့်မရဲ နိုင်လွန်းသည်။ ဘေးနားတွင် ငြိမ်သက်နေသော သွယ်က အစ်ကိုဖြစ်သူကို နှစ်သိမ့်၏။

"သွယ်တို့လည်း ဘာတတ်နိုင်မှာလဲ ကိုကြီးရယ်၊ ဘုရားသခင် အလိုတော်အတိုင်းပေါ့"

သူတို့အားလုံး ခဏမျှ တိတ်ဆိတ်နေကြ၏။ ရင်ထဲက ဆုံးရှုံးမှုတစ်ခုကို သူတို့တွေ ကြေကွဲစွာ လက်ခံရပါသည်။ ဘဝမှာ ဒီလို အဖြစ်အပျက်တွေကို ဘယ်သူက ကြုံတွေ့ချင်ပါ့မလဲ။

မင်းမင်းရေ. . .

မင်းကရော့ခ်တစ္ဆေတစ်ကောင်ပါ။

ကောင်းကင်ဘုံမှာ

မင်းကြိုက်တဲ့ ဂီတကို ဖန်တီးနိုင်ပါစေကွာ။

ကွယ်လွန်သေဆုံးပြီးသူတစ်ယောက်အတွက် ဆုတောင်းများသည် တကယ်တော့ သိပ်အရေးမကြီးလှပဟု သူ ထင်လေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖေဖော်ဝါရီကောင်းကင်သည် တိမ်များ အရောင်စုံစွာ လှပနေ၏။ 'သွယ်' သည် သက်တံကဲ့သို့ ညီညွတ်ပြေပြစ်စွာ ငုံ့ကိုင်းနေရာမှ သူ့အနမ်းကြောင့် ကိုယ်ကို ဆတ်ခနဲ မတ်လိုက်သည်။ သူမ၏ နွေးထွေးသော ထွက်သက်ငွေ့ငွေ့ကလေးသည် မိုးဆက်၏ လက်မောင်းတွေကို လာရောက် ထိမှန်၏။

"သွယ်. . . ဘာတွေ စဉ်းစားနေတာလဲ"

"ဪ. . . ကိုကြီး သူ့ကို ပြောခိုင်းလိုက်တဲ့အကြောင်း စဉ်းစားနေတာပါ"

"ဟုတ်လား. . . ဘာများပါလိမ့်"

"ပြောတော့ ပြောချင်ပါတယ်။ ဒါပေမဲ့ သူ စိတ်ဆိုးသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



စိုးလို့၊ အဲဒါ ဘယ်လိုပြောရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

ထိုအခါ မိုးဆက်က သိချင်စိတ်တွေ ပိုမို ပြင်းထန်လာ၏။ သူမကိုလည်း မချင့်မရဲ ဖြစ်လာသည်။

"ဘာမှ စဉ်းစားမနေနဲ့ သွယ်ရာ. . . ဒီအတိုင်းပဲ ပြော သူ ပြောလိုက်တဲ့အတိုင်းပဲ ပြော"

မိုးဆက်မျက်နှာကို သူမက ခပ်တည်တည်ကလေး တစ်ချက်ကြည့်ပါသည်။ နောက်. . . . သူမက ခပ်မဲ့မဲ့လေး ပြုး၏။

"သွယ်ကို တကယ်ချစ်ရင် ကြိုးစားပါတဲ့။ သူက သဘောတူပါတယ်တဲ့"

သွယ်စကားကြောင့် မိုးဆက်လည်း တုံ့အားသင့်နေ၏။ သူ မျှော်လင့်ထားတာက တစ်မျိုးမဟုတ်လား။ ပထမ သွယ်ပြောနေပုံက သူ့အတွက် စိုးရိမ်စရာ ဖြစ်အောင် နောက်ပြောင်နေမှန်း ဒီတော့မှ သူ သဘောပေါက်သွားပါသည်။

"ဟာ. . . ဒါဆို သူက"

"ဟုတ်တယ်. . . သွယ်တို့အကြောင်း သိသွားပြီ"

"ဘယ်လိုသိသွားတာလဲ"

"အဲဒါတော့ တို့လည်း မပြောတတ်ဘူး။ ကိုကြီးက ရိပ်မိသွားတာဖြစ်မှာပေါ့။ အဲဒါ တို့ကို ဖွင့်မေးလို့ ဟုတ်တယ်လို့ တို့က ပြောပြလိုက်တာ"

မိုးဆက် အူမြူးလာ၏။ သွယ့်မျက်ဝန်းတွေကို ကြည့်ရတာ



နူးညံ့သော ပျော်ရွှင်မှု တချို့ကို သူ ခံစားရလေသည်။

"ဒါဖြင့် ကိုယ်တို့ကို သူက သဘောတူတယ်ပေါ့"

"ရက်စ်"

"ဟား ဟား ဟား. . ."

သူမက ဘိုလို တစ်လုံးတည်းဖြေတော့ မိုးဆက်က အော်ရယ်မိသွားသည်။ သွယ်က မျက်မှောင်ကုတ်ကာ နှုတ်ခမ်းကိုက်ပြသည်။

"ရယ်မနေနဲ့. . . ဘာကြီးမှန်းလဲ မသိဘူး"

"ဩော်. . . မဟုတ်ပါဘူး၊ ယောက်ဖနှစ်ယောက် ရှိပါတယ် နှစ်ယောက်စလုံးက သူတို့ညီမလေးကို ကိုယ်နဲ့ သဘောတူကြပါသတဲ့၊ အဲဒါ ဘယ်လောက် သဘောကျစရာ ကောင်းသလဲ"

သွယ်က မိုးဆက်လက်ကို ဆွဲဆိတ်၏။ ပြီးတော့ သူမက ခေါင်းငုံ့ထားပါသည်။

"ရှက်မနေပါနဲ့ သွယ်ရာ. . . ယောက်ဖကြီးက ဘာပြောသေးလဲ"

"တော်ပြီနော်. . . မိုးဆက်"

သူမက ရှက်ရယ်ရယ်နေပြန်၏။

"မတော်ပါဘူး၊ ပြောမှာပဲ၊ ယောက်ဖကြီးက သဘောတူပါသတဲ့။ ဒီမှာဘဝင်တောင် မြင့်ချင်လာပြီ"

မိုးဆက်အသံက နည်းနည်းကျယ်သွားတော့ သူမက ရှက်သန့်တကြား ပါးစပ်ကို လိုက်ပိတ်သည်။ တစ်ယောက်ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တွန်းထိုးကာ ရယ်သံတွေက အနီးအနားမှာ ပြန့်ကျဲနေ၏။

အချစ်ဆိုတာ ဒီလိုပဲ ကြည်နူးစရာ အပြည့်ဖြင့် လိုက်မော နေတတ်ပါသည်။

သစ်ရွက်နုနုလေးများက လေကြောင့် လှုပ်ယှိမ်းနေ၏။ ဖေဖော်ဝါရီမို့ ဆောင်း၏အငွေ့အသက်လေးတွေသည် ကြွင်းကျန် နေစမြဲ။ တိတ်ဆိတ်သော မြောက်အရပ်ဆီသို့ ခေါင်းလောင်းထိုးသံ တချို့က လွင့်ဝဲသွားကြသည်။

ညဆို မိုးဆက်က သူမတို့အိမ်ရှေ့မှာ ဂစ်တာသံ လာပေး ၏။ တစ်ခါတစ်ရံတော့ မိုးဆက်၏ ဂစ်တာသံတွေက နည်းနည်း ကြမ်းချင်သည်။ သွယ်သည် ထိုအခါမျိုးတွင် လူကြီးတွေက အတင့်ရဲ သည် ထင်မှာစိုးသဖြင့် အသံတိုးတိုး တီးဖို့ တားမြစ်ရသည်။

မိုးဆက်သည် ဂစ်တာသံသာ ကြမ်းလာသည် မဟုတ်။ သူ ရေးသည့်သီချင်း စာသားများကပါ ကြမ်းလာ၏။ သွယ်အတွက် မိုးဆက်သည် အံ့သြဖွယ်ရာ နတ်ဆိုးလေးတစ်ပါးလည်း ဖြစ်သေ သည်။

"မိုးဆက် ရှင့်သီချင်းစာသားတွေကို သွယ်တောင် နား မလည်တော့ဘူး. . . သိရဲ့လား"

"အဲဒီသီချင်းက လူပြိန်းတွေအတွက် ရေးတာ မဟုတ်ဘူး သွယ်ရဲ့"

"အံမယ်. . . လူကိုများ စော်စော်ကားကား"



သွယ်က နှုတ်ခမ်းကိုက်ကာ စိတ်ကောက်တော့ သူက ကျိတ်ပြုံးမိ၏။ သူမကို မိုးဆက်က ဆက်စ၏။

"တွေ့လား. . . မှန်တာပြောတော့ ထိသွားပြီ"

"ဟယ်. . ."

သူမက ဘာမှပြန်မပြောတော့ဘဲ မိုးဆက်၏ ကျောကုန်းကို သာ တဘုန်းဘုန်းနှင့် ရိုက်တော့သည်။ လေးငါးဆယ်ချက်လောက် ရှိတော့ သူက အော်ရ၏။

"တော်ပြီ သွယ်ရာ. . . ဒီမှာ နာလှပြီ"

"နာနာ"

သို့သော် သူမက ဆက်မရိုက်တော့ဘဲ ရပ်လိုက်ပါသည်။ မိုးဆက်က သူမကို ပြုံးစိစိ ကြည့်ကာ ပြော၏။

"သွယ်ကလည်း ကလေးလေးကျနေတာပဲ။ ကဲ. . . ပြောစမ်းပါဦး ဒီသီချင်းမှာ ဘယ်နေရာ နားမလည်ဘူးလဲ"

"အများကြီးပဲ. . . နားမလည်တာတွေ၊ ဘာတွေမှန်းကို မသိဘူး။ အတွေးအခေါ် ဆင်းရဲသားတွေကို လမ်းပြမယ်တွေရော ဘုရားခေတ်က ကလေးတစ်ယောက်ရဲ့ မျက်လုံးတွေရော. . . ရှုပ် နေတာပဲ"

သူမ၏ စကားကြောင့် သူက ရှင်းပြဖို့ထက် အားရပါးရ အော်ရယ်ဖြစ်သွား၏။ အရာရာသည် သူတို့နှစ်ယောက်ကြားတွင် အမှုန်အမွှားလေးတွေ လွင့်နေသလို ဖျော့ရွှင်စရာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အနေအထားများမှပင် အနုပညာသမား တစ်ယောက်၏ ထိုးထွင်းသိမြင်မှုအားလုံးကို မိုးဆက်က မိအောင် ဖမ်းဆုပ်ထားနိုင်ခဲ့သည်။ သူမှာ ကိုယ်ပိုင်သံစဉ် သီချင်းအသစ်တွေ အများကြီးရှိလာ၏။ ညဆို သူ့သီချင်းအသစ်တွေကို သွယ်တို့ အိမ်ရှေ့မှာ သူဆိုနေကျ။

ကိုငြိမ်းချမ်းသည် ပါလာသော ငွေများကို ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှု တစ်ခုလုပ်ချင်နေ၏။ သို့သော် သူက ဘာကိုမှ စိတ်ကြိုက်မတွေ့ဘဲ ဖြစ်လျက်ရှိသည်။ မင်းမင်း၏ မပြီးသေးသော ခြေကိုလည်း သူ နားထောင်ပြီးသွားပြီ။ မဆိုး. . .။ တော်တော် အလားအလာရှိသည်ဟု သူ ဆုံးဖြတ်မိ၏။

သူသည် အခြေအနေတွေကို အဆက်မပြတ် လေ့လာနေသူပီပီ မိုးဆက်၏အသံကို သဘောကျလျက် ရှိသည်။ ပြီးတော့ မင်းမင်း မရှိတော့သည့်နောက်ပိုင်း တစ်ဦးတည်းသော ညီမလေး သွယ်၏ ချစ်သူ။ နောက်တစ်ခုက ဂီတသည် သူ ဝါသနာပါသော လုပ်ငန်း။ သူက တခြားအဆိုတော်တွေကိုလည်း ပရိုဂျူဆာ လုပ်ချင်သေးသည်။

အစစ အရာရာကို သူ စဉ်းစားဆုံးဖြတ်ပြီးသွားသောအခါ သူ့လုပ်ငန်းတွေ၏ ပထမဆုံး အစီအစဉ်သည် မင်းမင်းဆိုခဲ့သော သီချင်းတွေအားလုံးကို မိုးဆက်အား ပြန်ဆိုခိုင်းခြင်း ဖြစ်ပါသည်။ သွယ်သည် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုမို့ အံ့ဩဝမ်းသာနေ၏။ အစ်ကိုလုပ်သူကိုလည်း အထူး ကျေးဇူးတင်နေမိသည်။ မိုးဆက်သည် မင်းမင်းဆိုခဲ့သော သီချင်းတွေကို အားလုံး ပြန်မဆိုချင်သော်လည်း ကိုငြိမ်းချမ်း စေတနာပျက်သွားမည် စိုးသဖြင့် ဘာမှမပြောရဲ။



ဒီလိုနှင့် Studio ထဲတွင် တီးလိုက်ဆိုလိုက်နှင့် ခွေကြမ်းက လပိုင်းအတွင်း ပြီးစီးသွားသည်။ ဖိုင်နယ်ပြီးသွားတော့ မိုးဆက်က သူ့အသံနှင့် မလိုက်သော မင်းမင်း၏သီချင်းနှစ်ပုဒ်ကို ဖြုတ်ခွင့်တောင်းသည်။ ကိုငြိမ်းချမ်းက ခေါင်းညိတ်တော့ ကိုသက်အောင်၏ သီချင်း နှစ်ပုဒ်ကို ထိုသီချင်းများနေရာတွင် အစားထိုးပါသည်။

ထိုကာလများအတွင်း အဆိုပညာနှင့်ပတ်သက်၍ သူသည် နိုင်ငံတကာ အဆိုတော်တွေကို နှံ့စပ်အောင် နားထောင်ကာ လေ့လာ၏။ သွယ်သည် သူ့ဘေးနားမှာ အစစ အရာရာတိုင်းအတွက် ဖေးမလက်တွဲသူ ဖြစ်သည်။

မိုးဆက်ဆိုထားသော ခွေကြမ်းကို ပရိုဂျူဆာတစ်ယောက်က Studio ထဲတွင် ကြားသွားပြီး အမြတ်ပေးကာ ကမ်းလှမ်းခဲ့သေးသည်။ မိုးဆက်၊ သွယ်၊ ကိုငြိမ်းချမ်း၊ ကိုသက်အောင်တို့ ခေါင်းချင်းဆိုင်ကာ ဆွေးနွေးကြပြီး နောက်ဆုံးတော့ ထိုကမ်းလှမ်းမှုကို ငြင်းပစ်ခဲ့ကြသည်။

ပရိုသတ်ဆီကို ဘယ်လိုအကောင်းဆုံး ရောက်အောင် ပို့ပေးမလဲ ဆိုသည့် မေးခွန်းအား သူ အကြာကြီး စဉ်းစားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြိုးစားမှုတွေဟာ တစ်ချိန်ချိန်တော့ တည်ငြိမ်စွာ ခြေစွမ်းပြလိမ့်မည်ဟု မိုးဆက်က အကြွင်းမဲ့ ယုံထားလေသည်။

ကြိုတင် ဇမ္ဗော်လင့်မထားသော ဘဝသည် တစ်ခါတစ်ခါတော့လည်း အရသာရှိနေပြန်၏။ ကိုငြိမ်းချမ်းက မိုးဆက်ကို စီးရီးပိုစတာမှာ ကိုယ်တိုင်သရုပ်ဆောင်စေချင်သည်။ မိုးဆက်က စီးရီးအတွက် ပိုစတာမှာ ကိုယ်တိုင် မပါချင်သဖြင့် နည်းနည်း အငြင်းအခုံဖြစ်ရသေးသည်။ နောက်ဆုံးတော့ ကိုငြိမ်းချမ်းကပဲ အလျှော့ပေးခဲ့ပါ၏။

'သွယ့်' မျက်နှာက တော်တော်ကြီးသည်ဟု မိုးဆက်အလွယ်တကူ သဘောပေါက်မိသည်။ နောက်တော့ ဖြန့်ချိရေးအတွက် နာမည်ကြီး ဆိုင်တစ်ဆိုင်နှင့် သူတို့ ညှိကြရပြန်သည်။ သူတို့ အပေးအယူတွေ အများကြီး လုပ်ကြရသည်။ 'သွယ်' သည် မိုးဆက်၏ မပြည့်စုံမှုများကို အကောင်းဆုံး ဖြစ်စေခဲ့ပါသည်။

ဘဝ၏ အချိုးအကွေ့တစ်ခုမှာ ဘယ်သူဟာ ဘယ်လောက် အားစိုက်သလဲဟု မိုးဆက်က သူ့ကိုယ်သူ မေးခွန်းပြန်ထုတ်မိတော့သည်။

❖ ❖ ❖ ❖ ❖

## အခန်း (၇)

ငယ်သူငယ်ချင်းတွေ ဖြစ်သော ကိုဦးတို့၊ ဉာဏ်လင်းမင်းတို့၊ နန္ဒတို့၊ ဇော်ကိုကိုတို့ အားလုံး ဆယ်တန်းအောင်ကြသည်ဟု သတင်းရပါသည်။ ဖေဖေနှင့် ဒေါ်မာလာတို့၏ အိမ်ထောင်ရေးသည် ပြိုကွဲသွားပြီး ဖေဖေသည် အရက်တွေကို ပိုပြီး ဖိသောက်နေသည်ဟု သိရသည်။

ကိုသက်အောင် ပြည်ကို ခဏသွားစဉ် ဖေဖေနှင့် တွေ့ခဲ့သေးသည်တဲ့။ ဖေဖေသည် အရင်လို ခေါင်းမာပြီ။ လူငယ်တစ်ယောက်၏ လွတ်လပ်ခွင့်တွေကို ချုပ်ချယ်ထားချင်ပြီ။ အရောမရောက်တော့သည့် အတွေးအခေါ်၊ အယူအဆဟောင်းတွေကို ဆုပ်ကိုင်ထားမြဲ ဖြစ်သည်။ ပြိုကွဲသွားသည့် သူ၏ အိမ်ထောင်ရေးနှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ အကြီးအကျယ် နောင်တရနေမှာပေါ့။ လက်ဖက်ရည်ဆိုင်ကို လည်း ပိတ်ပစ်လိုက်ပြီး ဘာအလုပ်မှ မလုပ်တော့ဘဲ အရက်တွေနဲ့ တစ်နေကုန် ထိုင်သောက်နေတော့ ဖေဖေ့ကို သူ တွေ့ဆုံဖို့ လိုအပ်မှန်း မိုးဆက်သဘောပေါက်သွား၏။

သူ့အခွေ စထွက်သည့်နေ့မှာပဲ သူပြည်သို့ ပြန်လာခဲ့ပါ သည်။ နှစ်နဲ့ချီပြီး ပြန်မရောက်ဖြစ်ခဲ့သည့် ဇာတိမြို့ကလေးသည် ဆွတ်ပျံ့လွမ်းမောဖွယ်ရာ မြင်ကွင်းများဖြင့် သူ့ကို ကြိုဆိုနေခဲ့၏။ အရာရာဟာ အရင်လို မဟုတ်တော့သော်လည်း မြို့လေး၏ အငွေ့ အသက်တွေကတော့ အရင်အတိုင်းပါပဲ။ စန္ဒီဆိုသည့် နာမည်လေးကို သတိရသွားတော့ သူ့အလွမ်းတွေက တချင်ချင် မြည်သွားသည်။ အခုတော့ ငါတို့နှစ်ယောက်ဟာ အိပ်မက်ဆန်လိုက်တာကွာ။

ရုတ်တရက်တော့ သူ ကြည်နူးစွာ ရယ်မောမိသွားသေး၏။ ထိုအတူ နာကျင်စရာ နေ့စွဲတချို့သည်လည်း သူ့မှတ်ဉာဏ်ထဲတွင် ပြန်လည် လန်းဆန်းလာခဲ့သည်။ သူ့အတွက် ပြည်မြို့သည် သုဝဏ် တစ်ရုံဖြစ်နေခဲ့လေပြီ။

သူသည် ပြန်စရာ အိမ်မရှိ။ အဖေ့အိမ်သည် သူ့အိမ်မဟုတ် သလို ခံစားရ၏။ ပထမဆုံး သူ ဉာဏ်လင်းမင်းကို သတိရသွားပါ သည်။ ဉာဏ်လင်းမင်းအိမ်ကို ရောက်တော့ သူတို့ တစ်မိသားစုလုံး ဝမ်းသာအားရကြိုဆိုကြ၏။ ကိုဦးသည်လည်း ဒီမှာ ကျောင်းဆက် မတက်ဘဲ နိုင်ငံခြားမှာ အလုပ်လုပ်ရင်း ကျောင်းဆက်တက်မည်ဟု



သိရပါသည်။ ဉာဏ်လင်းမင်းတို့အိမ်မှာပဲ တည်းခိုရင်း မိုးဆက်သည် သူ့အဖေ အခြေအနေကို အကဲခတ်ရ၏။ နှစ်ရက်လောက်ကြာတော့ သူ ဖေဖေ့အိမ်ကို အရဲစွန့်ကာ ရောက်သွားသည်။

ညနေစောင်းအချိန်သည် မှောင်ရီဝေဝါးစပြုနေပြီ။ ဖေဖေ က အိမ်ရှေ့မှာပဲ ပဲခြမ်းကြော်သုပ် တစ်ပွဲနှင့် စိမ်ပြေနပြေ အရက် ထိုင်သောက်နေလေသည်။ တံခါးပေါက်ဝတွင် လာရပ်နေသော မိုးဆက်ကို တွေ့တော့ ဖေဖေက ဘာမှ မအံ့ဩသလို ခပ်ထေ့ထေ့ ကြည့်ရင်း သောက်လက်စ အရက်ခွက်ကို မော့ချလိုက်ပါသည်။

"မိုးဆက်. . . . လာလေကွာ"

သူသည် အိပ်မက်နေသူ တစ်ယောက်လို ဖေဖေ့အနီးသို့ တိုးရွေ့ရောက်ရှိလာ၏။

"လာပါကွာ. . . မင်းသဘောမကျတဲ့ မာလာဆိုတဲ့ မိန်းမ ဒီအိမ်မှာ မရှိတော့ပါဘူး"

ပြောပြီး ဖေဖေက နာကျင်စွာ ရယ်မောနေပြန်သည်။ သူက ဖေဖေ့ကို မှင်တက်စွာ ကြည့်နေမိ၏။ ဖေဖေဟာ တစ်နှစ်ကျော်ကျော် လေးမှာ အရမ်းပိန်သွားတာပါလား။ သူ တစ်စုံတစ်ရာကို တွေဝေ နေ၏။

ဒေါ်မာလာသည် ဖေဖေ့ကို ဘာတွေ ပေးခဲ့ပါသလဲ။

ဒဏ်ရာတွေလား၊

အချစ်တွေလား၊

www.burmeseclassic.com

www.burmeseclassic.com



မှောင်မိုက်ခြင်းလား၊
အလင်းရောင်လား၊

ဖေဖေသည် ဘာကိုမှ သဲသဲကွဲကွဲ သိခဲ့ပုံ မရပေ။

"မင်း တစ်နေ့ ဒီလို ပြန်လာမယ်ဆိုတာ ငါ သိပြီးသားပါ"

ဖေဖေ့လေသံက သံယောဇဉ်ဆိုသည့် အဓိပ္ပာယ်ကို ညွှန်ပြရမည့်အစား ဘာမှမတတ်နိုင်ခဲ့သူတစ်ယောက်ကို စကားနာ ထိုးကာ သရော်နေသလို ဖြစ်နေပါသည်။ ဒေါ်မာလာကို ကွာရှင်းခြင်းအတွက် လျော်ကြေးအနေဖြင့် ဖေဖေသည် လက်ဖက်ရည်ဆိုင်ကို ရောင်းချပေးခဲ့ပြီးပြီဟု သူ သိထားပါသည်။

"မိုးဆက် ဟောကောင်. . . ပြောလေကွာ၊ မင်းရဲ့လာရင်းကိစ္စကို"

"ကျွန်တော်ပြောချင်ကတော့ အဖေ အရက်သောက်နေတဲ့ကိစ္စကို ရပ်ပစ်လိုက်ဖို့ပဲ"

ဦးထွန်းနိုင်သည် မိုးဆက်စကားကြောင့်အရက်တွေ သိီးမတတ် ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

"မင်း တကယ်ပြောချင်တဲ့ စကားက အဲဒီစကားမှ ဟုတ်ရဲ့လားကွ. . . ဟေ့ မိုးဆက်"

သူ မျက်မှောင်ကုတ်ကာ အဖေဖြစ်သူကို တစ်ချက်စိုက်ကြည့်လိုက်မိသည်။

"ကျွန်တော်က အဖေ့ကို ဘာစကားတွေ ပြောလိမ့်မယ်လို့ အဖေက မျှော်လင့်ထားလို့လဲ"



"မသိဘူးလေကွာ. . . မင်းကလည်း မာလာလိုပဲ ကျန်နေသေးတဲ့ ဒီအိမ်ကို လိုချင်နေသလားလို့ပါ"

"ဘာ. . ."

မိုးဆက်အသံက လိုအပ်သည်ထက် ပိုမို မာကျောနေခဲ့ပြီ။ ဖေဖေဟာ အဲဒါပဲ။ သူပြောလိုက်တဲ့ စကားဟာ တစ်ဖက်လူကို ဘယ်လောက် အဓိပ္ပာယ် ဖြစ်သွားစေသလဲဆိုတာ သူ မသိ။ ပြီးတော့ အမြဲတမ်း ဘောင်ကျဉ်းကျဉ်းလေးထဲကပဲ စဉ်းစားတတ်သူ ဖြစ်သည်။

မိုးဆက်က ဖေဖေ့ရဲ့ ဝသီကို ခွင့်လွှတ်နိုင်သော်လည်း ဒီတစ်ခါတော့ ဖေဖေသည် သူ့ရဲ့ စေတနာကိုရော၊ ဂုဏ်သိက္ခာကိုပါ စော်ကားခဲ့ပြီ။ သူ၏ အေးစက်စူးရဲသော မျက်လုံးများကို ဖေဖေ ရှောင်လွှဲဖို့ အချိန်မရဘဲ အငိုက်မိသွားပါသည်။

သားအဖ နှစ်ယောက်ကြားတွင် ဘာစကားလုံးတွေမှ ရှိမနေသော်လည်း စကားလုံးတွေ အမြောက်အမြား စုရုံးပေါက်ကွဲနေသလို ထင်ရ၏။

ထိုအကြည့်များ ပြီးသွားချိန်တွင်တော့ သူ အဖေ့အိမ်မှ တစ်လှမ်းချင်း ထွက်ခွာလာခဲ့သည်။ အဓိပ္ပာယ်တစ်စုံတစ်ရာ ဘာမှပြောစရာ မလိုဘဲ ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

အားလုံးကို စိတ်လျှော့လိုက်သည့်အတွက်လည်း သူ လွတ်လပ် ပေါ့ပါးလာမိသည်။ ဂီတသံစဉ်တွေက အဆုပ်လိုက်၊ အထွေးလိုက် သူ့နားထဲသို့ ပြေးဝင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . . စကားလုံးများ. . .

သူ ဉာဏ်လင်းမင်းအိမ်သို့ အမြန်လျှောက်လာခဲ့၏။ မိုးဆက် သီချင်းတစ်ပုဒ် ရေးဖြစ်တော့မည်မှာ သေချာသွားပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၈)

အချိန်က ည (၁၂) နာရီကျော်စ ပြုနေပြီ။ ပြည်မြို့၏ မြို့လယ် လမ်းများတစ်လျှောက် စက်ဘီးတစ်စီးနှင့် သူ လျှောက်သွားပါသည်။ ညဦးတုန်းက ရွာထားသည့် မိုးအရှိန်ကြောင့် ကတ္တရာလမ်းများသည် စွတ်စိုနေ၏။

မိုးဆက်သည် စန္ဒီတို့အိမ်နားကို ရောက်တော့ အလိုလို ဖိုးနွဲ့လာ၏။ သူမတို့အိမ်သည် မီးတွေ ပိတ်ထားသည်။ သူ့လွမ်းဆွတ်စွာ ရပ်ငေးနေမိသည်။ နောက်. . . သူ ထိုနေရာမှ ထွက်ခွာလာခဲ့၏။

မြို့လယ် ဗိုလ်ချုပ်ကြေးရုပ်နားကို ရောက်တော့ အရင်ကနှင့် မတူသော ကြော်ငြာဘုတ်အသစ်များကို တွေ့ရပါသည်။

သူတို့ထိုင်ခဲ့ကြသော လက်ဖက်ရည်ဆိုင်များ၊ အသက (၂)

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီး သူနှင့် ခန္တီတို့ ပျော်ရွှင်စွာ လျှောက်ခဲ့ဖူးသော လမ်းသွယ်လေးများ၊ ကိုဦးတို့နှင့် ဂစ်တာတီးခဲ့ဖူးသော လမ်းဘေးအုတ်ခုံလေးတွေ၊ ကိုသက်အောင်တို့ အိမ်ရှေ့က ခုံတန်းလျားရှည်ရှည်၊ ဖဲဘောရောင်းချခဲ့သော သူတို့လက်ဖက်ရည်ဆိုင်ဟောင်းနေရာ. . . သူတစ်ညလုံး စက်ဘီးတစ်စီးနှင့် လျှောက်ကြည့်မိသည်။

ပြည်မြို့နေရာ အနှံ့အပြားမှ လူ လိမ့်ကျခဲ့ဖူးသော ချိုင့်ကျင်းများကို ကြည့်ရင်း သူ ရယ်မောပစ်ခဲ့သည်။

လူသည် တစ်ခါတစ်ရံ ကိုယ့်ဒဏ်ရာ ကိုယ်မမေ့အောင် လေ့ကျင့်ဖို့ လိုအပ်သည်ဟု သူယုံကြည်ထားပါသည်။

ညသည် ပို၍ နက်မှောင်လာကာ ရန့်တချို့ စူးရဲတောက်ပနေ၏။ မာကျူရီမီးရောင် တချို့မှအပ တစ်ညလုံး အမှောင်ထဲတွင် သူ စက်ဘီးလျှောက်စီးနေခဲ့သည်။

နံနက် သုံးနာရီဝန်းကျင်လောက်တွင် မိုးစက်မိုးမှုန်လေးတွေက နေရာအနှံ့ ရွာကျလာ၏။ သူ ပိုပြီး ရင်ခုန်ပျော်ရွှင်သွားသည်။ မြစ်ဘက်ဆီမှ မုတ်သုန်လေကိုလည်း သူ သဘောကျပါသည်။

သူတစ်ကိုယ်လုံး ရွှဲရွှဲစိုကာ ချမ်းတုန်နေသော်လည်း ဧရာဝတီကို သွားကြည့်ဖို့ သူဆုံးဖြတ်လိုက်၏။ မြစ်ကူးတံတားကြီးသည် မိုး စက်တွေကြားမှ မီးများ ထိန်လင်းနေသည်။ လေရောမိုးပါ ပိုမိုပြင်းထန်လာခဲ့သည်။

ဧရာဝတီ၏ အရှိုင်းဆန်သော မြစ်ရေစီးသံကို သူ စူးစိုက်စွာ



နားထောင်ခဲ့ပါသည်။ နံနက် ငါးနာရီကျော်တော့ မိုးက ပြန်တိတ်သွား၏။ မိုးဆက်က စက်ဘီးတစ်စီးနှင့် ညဏ်လင်းမင်းတို့အိမ်ကို ပြန် ရောက်လာသည်။

ထိုအဖြစ်အပျက်၏ အကျိုးဆက်က နောက်တစ်နေ့တွင် မိုးဆက်ဖျားခြင်း ဖြစ်ပါသည်။ ဒီလိုနှင့် ညဏ်လင်းမင်းတို့အိမ်မှာ သူ တစ်ပတ်ခန့် ဆက်နေခဲ့ရသေးသည်။

ရန်ကုန်ကို ပြန်ရောက်တော့ အားလုံးက စိတ်ပူနေကြ၏။ သူ့စီးရီး အခြေအနေက သိပ်မကောင်းလှ။ ခပ်အေးအေးသာ ဖြစ်၏။ ဘာဆက်လုပ်ကြမလဲ ဆိုသည့် မေးခွန်းကို ဝိုင်းဝန်း အဖြေရှာကြသောအခါ ကိုငြိမ်းချမ်းက မိုးဆက်၏ အခွေကို VCD ရိုက်မည်ဟု ဆုံးဖြတ်ပါသည်။ မိုးဆက်က ကိုငြိမ်းချမ်း သူ့အပေါ် ယုံကြည်စွာ ပုံအောစွန့်စားသည်ကို ကျေးဇူးတင်ပါသည်။ သို့သော် သွယ်က ကြားထဲတွင် ရှိသဖြင့် သူ့မှာ စဉ်းစားစရာတွေ ဖြစ်လာရသည်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် VCD ရိုက်ဖို့ အစီအစဉ်ကို သူတို့ အကောင်အထည် ဖော်ကြရပြန်သည်။

သွယ်သည် VCD ရိုက်တော့လည်း ဝင်သရုပ်ဆောင်ပေးဖို့ ငြင်းပယ်သည်မှအပ တော်တော်များများ အရေးကြီးအခန်းကဏ္ဍမှ ပါဝင်ကူညီ၏။ ကိုအောင်သူသည် မိုးဆက်၏ ကိစ္စတွေကို အငြိုအငြင်မရှိဘဲ လုပ်ပေးသူဖြစ်သည်။ မိုးဆက်ကလည်း သူ့ပြဿနာတွေကို များသောအားဖြင့် ကိုအောင်သူနှင့် တိုင်ပင်တတ်သည်။ ကိုအောင်သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်ဆံရတာ ပို၍ ရင်းနှီးနွေးထွေးလာလေသည်။ ကိုအောင်သူက သူ့ကို မေး၏။

"မိုးဆက်. . . မင်း သွယ်ကို တကယ်ချစ်သလား"

"ချစ်ပါတယ်၊ ဘာဖြစ်လို့လဲ"

"သြော်. . . မင်းတို့ကို ကြည့်ရတာ ချစ်သူတစ်ယောက်ကို ချစ်လို့ ပတ်သက်နေတာထက် အလုပ်ကိစ္စအတွက် မဖြစ်မနေ ပတ်သက်သလို ဖြစ်လာမှာ စိုးလို့ပါ"

ကိုအောင်သူ့စကားကြောင့် တုန်လှုပ်မိသွား၏။ သူ ဘယ်တုန်းကမှ မစဉ်းစားခဲ့သော ကိစ္စ။ သူ တွေဝေနေတာကိုမြင်တော့ ကိုအောင်သူက ပြုံးရင်း သူ့ကျောကို ခပ်ဖွဖွတစ်ချက် ပုတ်ပါသည်။

"သိပ်လည်း အရေးမကြီးပါဘူးကွာ. . . ငါက မင်း စဉ်းစားမိစေချင်လို့ ပြောတာပါ"

ဘာပဲဖြစ်ဖြစ် ထိုသတိပေးမှုအတွက် ကိုအောင်သူ့ကို သူ ကျေးဇူးတင်ပါသည်။

VCD ရိုက်သည့်ကိစ္စသည် ကိုငြိမ်းချမ်း၏ အစီအစဉ်ဖြင့် တစ်လအတွင်း အပြီးသတ်နိုင်ခဲ့သည်။ ဝမ်းသာစရာမှာ နယ်မြို့ တချို့နှင့် ရန်ကုန်မြို့ အစွန်အဖျား ရပ်ကွက်များတွင် မိုးဆက်၏ သီချင်းသံကို စကြားနေရပြီဆိုသည့် သတင်းဖြစ်၏။

သူ့ VCD တွင်လည်း နာမည်ကြီးမော်ဒယ်တွေကို ငွေအကုန်ခံကာ ကိုငြိမ်းချမ်းက သုံးပေးထားသည်၊ ဒါရိုက်တာကတော့



ိလောက်ကြီး မဟုတ်သော်လည်း ပုံမှန်အဆင့်လောက်တော့ ရိုက်နိုင်သူ ဖြစ်ပါသည်။ အခန်းတချို့တွေကိုတော့ နိုင်ငံခြား MTV များမှ ငြမ်းထားသည်။

ကိုငြိမ်းချမ်းနှင့် သူ့ကြားမှာ တခြားလူတွေလို စာချုပ်စာတမ်းတွေ၊ ဘာတွေ မရှိ။ ကိုအောင်သူကလည်း ထိုကိစ္စကို ရှင်းရှင်းလင်းင်း လုပ်ထားဖို့ သတိပေးသော်လည်း သူက ကိုငြိမ်းချမ်း၏ စေတနာကို စော်ကားသလို ဖြစ်သွားမှာ စိုးရိမ်မိသည်။ ကိုငြိမ်းချမ်းက. . .

"ရပါတယ်ဗျာ၊ ကျွန်တော်တို့ကြားမှာ ဒါတွေထက် ယုံကြည်မှုက ပိုအရေးကြီးပါတယ်" ဟု ပြောခဲ့၏။

မိုးဆက်သည် ဒုတိယစီးရီးအတွက် သီချင်းအသစ်တွေ ရေးသားနေသည်။ သူ့ဘဝတွင် မျှော်လင့်စရာတွေ တစ်ခုမက ရှိလိမ့်မည်ဟု သူ ယုံကြည်မိ၏။

VCD ကိစ္စ ပြီးသွားတော့ သူ ရန်ကုန်ကို ငြီးငွေ့လာသလို ၏။ ငယ်သူငယ်ချင်း ကိုဦးတစ်ယောက် ပြီးခဲ့တဲ့အပတ်က နိုင်ငံခြားကို ထွက်သွားပြီဟု သိရသည်။ ကိုဦးသည် သူ့ထက် ဂီတကို အရင် လုပ်ခဲ့သူ။ အခုတော့ ဂီတကို စွန့်ခွာပြီး တခြားလမ်းတစ်ခုကို ရွေးချယ်သွားလေပြီ။

လူတချို့အတွက် အနုပညာသည် ဒုတိယလမ်းသာ ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သွယ်ကို မြင်လိုက်ရကတည်းက သူမ တစ်ခုခုပြောဖို့ ဝမ်းသာအားရ ဖြစ်နေမှန်း သူ သိလိုက်၏။ သွယ်သည် တက်ကြွစွာ ပါးစပ်တပြင်ပြင်နှင့် ဖြစ်နေသည်။ သူမက သူ့ဘေးနားက နေရာလွတ်မှာ လာထိုင်ပါသည်။ အနားသို့ ရောက်လာသော သွယ့်မျက်နှာလေးကို မိုးဆက် ငေးကြည့်နေမိသည်။ အပြစ်ကင်းစင်ပြီး ချစ်စရာ ကောင်းလွန်းသည်။

"ပြောစရာ ရှိတယ် သိလား"

"သိသားပဲ"

"ဟယ်. . . သူ သိပြီးသားလား၊ အဲဒီ ကိုဖိုးခွားကြီးကလေ မပြောပါနဲ့ဆိုတာကို"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောရင်း သူမက နှုတ်ခမ်းစူသည်။ သူသည် မနေနိုင်တော့ ရယ်ချလိုက်မိ၏။

"ဘာရယ်နေတာလဲ"

"ရယ်ချင်လို့ပေါ့"

"လူကိုများ သူရယ်ဖို့ ကျနေတာပဲ၊ ကိုဖိုးခွားကြီးတော့ တွေ့မယ်၊ ဟွန်း. . ."

"ဘာတွေ သူများကို ရန်ထောင်နေတာလဲ"

"ရန်ထောင်မှာပဲ။ မပြောပါနဲ့ဆိုတာကို သူ ဘာဖြစ်လို့ ပြောသေးလဲ"

"သူက ဘာမှမပြောပါဘူး"

"ဟင်. . . ဒါဆို မိုးဆက်ပြောတော့ သိပြီးသားဆို"

"သိပြီးသားလို့ မပြောပါဘူး။ သိသားပဲလို့ ပြောတာ၊ သွယ် ပြောစရာရှိတယ်ဆိုတာကို သိတဲ့အကြောင်း ပြောတာ၊ ဘာအကြောင်းမှန်းတော့ မသိသေးဘူး"

"တွေ့လား၊ အမျိုးမျိုးပဲ"

"သူ့ဘာသာစကားရဲ့ အဓိပ္ပာယ်ကို သေချာ နားမလည်ဘဲ ထင်ချင်ရာထင်ပြီးတော့များ၊ ပြော. . . ပြောစရာ ရှိတယ်ဆိုတဲ့ အကြောင်း"

"မပြောဘူး"

"ရော်. . . စိတ်ကောက်သွားပြန်ပြီ"



မိုးဆက်စိတ်ညစ်စွာ ပြုံးမိ၏။ ကဲ. . ချော့ပေတော့၊ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှ အားပေးရသည်။

"သွယ်"

သူမ နာမည်ကို ဆွဲဆွဲလေး ခေါ်ရင်း သူမ၏ ပခုံးစွန်းနှစ်ဖက်ကို ကိုင်ကာ ခပ်တင်းတင်း ညှစ်လိုက်မိသည်။ သွယ့်နှုတ်ခမ်းတွေက စူပုပ်နေရာမှ ပြုံးယောင်သမ်းလာ၏။ သူမပါးပြင်မှ အကြောစိမ်းမျှင်မျှင်လေးတွေသည် လှုပ်ခါနေသည်။ တိုးသက်သော သူမ၏ အသံကို ကြားရသည်။

"ဘာလဲ. . . သူများနာမည်ကို ခေါ်ပြီးတော့"

"သွယ်ပဲ ပြောစရာရှိတယ်ဆို"

မိုးဆက်၏ အကြည့်များအောက်တွင် သူမ အရည်ပျော်သွားပါသည်။ ပြီးတော့ ရင်တွေ တလှပ်လှပ် ခုန်လာ၏။ မိုးဆက်၏ အပြုအမူတွေသည် သွယ့်စိတ်ကို ချက်ချင်း ပြောင်းလဲသွားစေသည်။

"မိုးဆက်ကို စတိတ်ရှိုးဆိုဖို့ သွယ် လက်ခံထားတယ်"

သူ ဖျပ်ခနဲ ဝမ်းသာသွား၏။

"ဘယ်မှာလဲ၊ ရန်ကုန်မှာပဲလား"

"ဟင့်အင်း. . . နယ်ပွဲပါ။ နယ်ဆိုပေမယ့် စိတ်ပျက်မသွားနဲ့ဦး။ သိပ်အဝေးကြီးမဟုတ်ပါဘူး၊ ပဲခူးတင်"

"ဟား. . . . ပျော်စရာကြီး၊ ပဲခူးပရိသတ်က မိုက်တယ်"

မိုးဆက် ပျော်နေတာကို မြင်တော့ သွယ်လည်း ပျော်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးဆက် ပျော်မယ်ဆိုလည်း ပျော်စရာကြီး။ ထိုပွဲတွင်နာမည်ကြီး အဆိုကျော် တော်တော်များများ ပါဝင်သည်။ Band ကလည်း လက်ရှိ နာမည်ရနေသော My Age က တီးမှာ။ နေရာကလည်း ပဲခူးမြို့နယ် ဘောလုံးကွင်းနေရာတဲ့။ လူတွေကလည်း အများကြီး သူက အဲဒီလိုနေရာမျိုးမှာ သီချင်းဆိုခွင့် ရချင်တာ။

အပျော်သည် ကူးစက်ရောဂါ တစ်မျိုး ဖြစ်နိုင်၏။ အဲ ထိုရောဂါကြောင့် သူတို့အားလုံး ပျော်နေကြသည်။ ကိုသက်အောင် ကိုအောင်သူ၊ ဖိုးခွား၊ နော်မူး. . .။ နောက်. . . သွယ်။

"သွယ် ပဲခူးကို လိုက်ခဲ့ရမယ်နော်"

"ကိုကြီးပါမှ အိမ်ကလွှတ်မှာ. . . ကိုကြီးကိုပြော"

"အာ. . . အဲဒီကိစ္စတော့ ကျွန်တော်မျိုးလည်း မပြောနဲ့ဘူး"

"ခစ်. . . . ခစ်. . . သူက ကြောက်တယ်ပေါ့"

"ဒါပေါ့"

"ဒါဆို နော်မူးကို ပြောခိုင်းမယ်၊ ပဲခူးကို ညအိပ်ခရီး ထွက်မယ်လို့ ပြောတာပေါ့"

"ပြောချင်သလို ပြော သွယ်ရာ၊ အဓိကက သွယ်ပဲခူးပွဲကို ပါလာဖို့ပဲ။ အဲဒီ ပရိသတ်လေးတစ်ယောက်ရှိလို့ကတော့ သီချင်းကို အပီဆိုပစ်လိုက်မှာ"

မိုးဆက်က အမူအရာနှင့် သီချင်းဆိုဟန်လုပ်တော့ သွယ်က



ကြည်နူးစွာ ရယ်မောမိသွားသည်။ သူ့မှာ တကယ့်ကိုလူငယ်တစ်ယောက်ရဲ့ တက်ကြွမှုတွေ အပြည့်ပါလား။

အို ဘုရားသခင်. . . သူအောင်မြင်ပါစေ။

သွယ်သည် သူ့မျက်နှာနုဖပ်ဖပ်လေးပေါ်က ဝဲကျနေသော ဆံနွယ်တွေကို အကြာကြီးငေးကြည့်နေမိသည်။

❖ ❖ ❖ ❖ ❖

ည (၇)နာရီလောက်ကတည်းက ပဲခူးအားကစားကွင်းရှေ့မှာ လူတွေ အုံခဲပွတ်ကျပ်နေလေသည်။ ပဲခူးပရိသတ်သည် ဒီလို ဂီတသမားတွေ စုံစုံညီညီပါသော စတိတ်ရှိုးပွဲမျိုး မကြည့်ရတာ ကြာပြီ။

ရောင်စုံမီးများက ကွင်းအနှံ့မှာ ရှပ်တိုက်ပြေးလွှားနေကြသည်။ Sony စက် အကောင်းစားကြီးများဖြင့် အသံစမ်းနေကြပုံကို မိုးဆက်တစ်ယောက် ငေးကြည့်မိ၏။ Sony ကုမ္ပဏီ၏ ကြော်ငြာစာ သားတချို့ကို သူ သတိရသွားပြီး ပြုံးမိသေးသည်။

ထိုကြော်ငြာက သင်၏ အားလပ်ရက်မှာ အပန်းဖြေဖို့ အရာ သုံးခုလိုပါတယ်။ နဲ့ ဂီတပါ။ အဲဒီသုံးမျိုးမှာ ဂီတကို Sony က ဖြည့်ဆည်းပေးပါ့မယ်။ ကျန်တာကတော့ ကိုယ့်ဘာသာ ကိုယ်ရှာတဲ့။ ကြည့်စမ်းပါဦး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ပြုံးနေသော သူ့ကို လူတချို့ နားမလည်နိုင်ဘဲ ရှိ၏။ သူ့ကိုလည်း အဆိုတော်ဆိုတာ လူတွေက မသိကြ။ မိုးဆက်က အဲဒါကိုပဲ ဝမ်းသာနေသည်။ စတိတ်ရှိုး အစီအစဉ်မှာ (၇) နာရီခွဲစမယ်လို့ ကြော်ငြာထားသော်လည်း တကယ်တမ်းကျတော့ ထုံးစံအတိုင်း (၈) နာရီကျော်မှ စဖြစ်သည်။

နာမည်အသင့်အတင့်ရှိသော အဆိုတော်တစ်ယောက်ဖြင့် စတိတ်ရှိုးအစီအစဉ်ကို စလိုက်သည်။ ပရိသတ်ဆီမှ ဟေးခနဲ အော်ဟစ်အားပေးသံကို အားရစရာကြားရ၏။ စီစဉ်သူက မိုးဆက်ကို နောက်ပိုင်းခပ်ကျကျ အချိန်တွင်ဆိုဖို့ ပြောထားသည်မို့ မိုးဆက်က ပရိသတ်ကြားထဲတွင် လျှောက်သွားနေမိသည်။ ထိုစဉ် သူ့ကို နောက်မှ တစ်စုံတစ်ယောက်က ပခုံးလှမ်းပုတ်လိုက်သဖြင့် သူ လှည့်ကြည့်လိုက်၏။ သွယ်၊ နော်မူးနှင့် ဖိုးခွား။

"ဟိတ်. . . ဘယ်တွေလျှောက်သွားနေတာလဲ။ ဒီမှာ လိုက်ရှာနေတာ၊ အဆိုတော်တွေ ထိုင်တဲ့နေရာမှာလည်း မရှိဘူး"

"အဲဒီမှာ မနေချင်ပါဘူး။ ပဲများတဲ့ကောင်တွေချည်းပဲ။ ပြီးတော့ ကိုယ်က နာမည်ကြီးမှ မဟုတ်တာ။ ဒီလို လျှောက်သွားတော့ ရော ဘယ်သူသိတာ မှတ်လို့"

သူ့စကားကြောင့် ဖိုးခွားက အော်ရယ်ပါသည်။ ပြီးတော့ ခပ်တည်တည် မျက်နှာထားနှင့် စကားတစ်ခွန်းကို ပြော၏။

"မင်းက နာမည်ကြီးစပြုနေပါပြီ။ မင်းသီချင်းကို လူငယ်တွေက ကြိုက်ကြပါတယ်"

"နာမည်ကြီးတယ်သာ ပြောတာ၊ ငါဖြင့် ငါ့သီချင်းဖွင့်တဲ့ လက်ဖက်ရည်ဆိုင်တို့၊ ငါ့သီချင်းဆိုတဲ့သူတို့ တစ်ခါမှ မတွေ့ရဘူး"

"ကဲ. . . မင်းမယုံရင်ကြည့်နေ။ ခဏနေ မင်းစင်ပေါ်ရောက်လို့ 'အခန်းဆက်နှင်းဆီ' ဆိုတဲ့အခါ လူငယ်တွေ လိုက်ဆိုကြလိမ့်မယ်"

"အေးပါ၊ ကြည့်ကြသေးတာပေါ့၊ ဟုတ်ရင်တော့ ဟုတ်ပေါ့ကွာ"

သူ့စကားကြောင့် သွယ်က သဘောကျစွာ ရယ်နေ၏။ နော်မူးက. . .

"ကဲ. . . ရယ်မနေနဲ့၊ ကိုယ့်လူကိုယ်ခေါ်ပြီး ပွဲခင်းထဲ လျှောက်သွားကြမယ်" ဟု ပြောကာ ဖိုးခွားလက်ကို ဆွဲပြီး ရှေ့က ထွက်သွား၏။

သွယ်ကို လှမ်းကြည့်လိုက်တော့ ရှက်သလို မျက်နှာလွှဲသွားပါသည်။ ထိုအပြုအမူမှာ သူက နွေးခနဲ ဖြစ်သွားပြီး သွယ့်ပခုံးကို ခပ်ဖွဖွ ထိမိလိုက်၏။ သွယ်က သူ့ဘက်ကို ပြန်လှည့်လာသည်။

"လာ. . . တို့တွေ လျှောက်သွားကြမယ်"

လှမ်းကြည့်လိုက်တော့ ဖိုးခွားနှင့် နော်မူးကိုလူတွေကြားထဲမှ ခပ်ပျပျသာ မြင်ရတော့သည်။ ထိုညက လူတွေကြားထဲမှာ သူတို့နှစ်ယောက် တစ်ယောက် လက်ကို တစ်ယောက်က မြတ်နိုးစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားမိသည်။ မိုးပျံပူဖောင်း အပြာရောင် နှစ်လုံးကို မိုးဆက်က သွယ်ကို ဝယ်ပေးတော့ သူမ အရမ်းစိတ်လှုပ်ရှားပြီး ပျော်နေ၏။

မီးရောင်စုံတွေကြားမှာ ဂီတသည် ပို၍ လှပစွာ ဖူးပွင့်နေခဲ့သည်။ ဆယ်ကျော်သက် ကောင်လေးတွေ၊ ကောင်မလေးတွေက လည်း ဂီတနှင့်တစ်သားတည်း ဖြစ်နေကြသည်။ ကောင်းကင်သည် မီးရောင်များကြောင့် ပြာလင်းလျက် ရှိ၏။

ချစ်သူလက်ကို ကိုင်ဆွဲရင်းမှ အရာရာကို ရင်ဆိုင်ရဲသည့် သတ္တိတွေက ပူနွေးစွာ စီးဝင်လာကြသည်။

"မိုးဆက်. . ."

ခေါ်သံကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ကိုအောင်သူ ဖြစ်နေသည်။ သွယ်က ကိုအောင်သူ့ကို ပြုံးပြ၏။ ကိုအောင်သူက အနားသို့ ရောက်လာ၏။

"ပြော. . . ကိုအောင်သူ"

"မိုးဆက် မင်းကို စတိတ်မန်နေဂျာ ကိုမျိုးဇော်က ပြောလိုက်တယ်၊ စည်သူလွင် အချိန်မီ ပွဲခူးကို ရောက်မလာလို့တဲ့။ အဲဒါ သူ့နေရာမှာ မင်း ဆိုရမယ်တဲ့။ (၁၅)မိနစ်အတွင်း အဆင်သင့် ဖြစ်အောင် လုပ်ထားပါတဲ့"

သွယ်က အံ့ဩသလို ဝင်ပြော၏။

"ဟယ်. . . ချက်ချင်းကြီး"

"မိုးဆက်. . . ဒါ မင်းအတွက် အခွင့်အရေးနော်။



စတိတ်ရှိုး ဆိုတာ အချိန်ကောင်း ဆိုခွင့်ရဖို့ကလည်း အရေးကြီးတယ်။ အခု မင်းက ဒီလို အချိန်မျိုးကို အသုံးချတတ်ဖို့ လိုတယ်"

သူသည် ကိုအောင်သူ့စကားကို လေးနက်စွာ စူးစိုက်နားထောင်နေမိသည်။ သူ့ဘဝမှာ ဒီလို ဘေးကနေ အရာရာကို သတိပေးနိုင်သူ၊ အကြံပေးကာ အခြေအနေကို တွက်ချက်ပြတတ်သူ တစ်ယောက် လိုအပ်နေမှန်း သူ သဘောပေါက်သွားပါသည်။ သူ ကိုအောင်သူကို ကျေးဇူးတင်စွာဖြင့် ကြည့်မိ၏။ မိုးဆက်က သီချင်း နှစ်ပုဒ်သာ ဆိုရမည် ဖြစ်သည်။

ခဏကြာတော့ သူသည် ယုံကြည်မှုတွေ အပြည့်ဖြင့် လူငါးထောင်အထက်မှာ ရှိသော ပရိသတ်ကြီးကို သီချင်းဆိုပြရန် အဆင်သင့် ဖြစ်နေခဲ့ပြီ။ သူ့အာရုံများကို တစ်နေရာတည်းမှာ တည်ငြိမ်နေစေရန် စုစည်းလိုက်ပါသည်။ Presenter လုပ်သူက မိုးဆက် နာမည်ကို ကြေညာလိုက်သောအခါ ပရိသတ်ဆီမှ တီးတိုးသံများ ပေါ်ထွက်လာ၏။ တီးဝိုင်းက Intro ကို စတီးနေပြီ။

သူသည် ဘာကိုမှ အမှုမထားဘဲ သီချင်းကို စဆိုလိုက်ပါ၏။ ထိုသီချင်းမှာ 'အိပ်မက်မြူများ' ဟု အမည်ရပြီး စတိတ်ရှိုးမှာ ဆို၍ ကောင်းသော သီချင်းမျိုး ဖြစ်သည်။ ပရိသတ်ထဲမှ တချို့သည် ထိုသီချင်းကို လိုက်ဆိုနေသဖြင့် မိုးဆက် ပျော်သွားပါသည်။

သူ့မျက်လုံး ထောင့်စွန်းတွင် သွယ်ကို ဖျတ်ခနဲ မြင်လိုက်ရ၏။ သွယ်က ပရိသတ်တွေနှင့်အတူ သူ့သီချင်းကို လိုက်ဆိုနေသလ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြည့်ချင်းဆုံတော့ လှစ်ခနဲ သူမကို ပြုံးပြမိသည်။ မြိုင်သွားသော ခပ်လောင်လောင် ချာတိတ်တွေက ဝိုင်းအော်သဖြင့် မိုးဆက် နည်းနည်း ရှက်သွားသေးသည်။

သွယ်ကတော့ ဘာမှမဖြစ်သလို စိုက်ကြည့်နေ၏။ သီချင်းသည် ပျော်စရာပြီးဆုံးသွားပါသည်။ ပထမအပိုဒ်မှာပင် သူနှင့် ပရိသတ် အပေးအယူ တည့်သွားသည်။ ဒုတိယအပိုဒ်က အခန်းဆက်နှင်းဆီ. . . ။

ရုတ်တရက်တော့ သူသည် စန္ဒီကို ဖွဖွလေး လွမ်းသွားသေး၏။ ဒါပေမဲ့ သူ ချက်ချင်းပဲ သီချင်းဆိုဖို့ လွင့်ပျံ့သွားသော စိတ်ကို ပြန်စုစည်းရသည်။

ရန့်တွေလေထဲမှာ. . . တုန်ခါနေပြီ. . .

အတွေးတွေ. . . မုန်တိုင်းလို. . . ပြင်းထန်နေ

မင်းနှုတ်ခမ်းဟာ. . အတောင်ပံတွေအဖြစ် ငါ့ရင်ထဲ. . .

အခန်းဆက်နှင်းဆီ. . . .

စင်အောက်မှ ပရိသတ်သည် သီချင်းကို သူနှင့်တစ်ပါတည်း လိုက်ဆိုနေကြသည်။ မိုးဆက် အရမ်း အံ့ဩတုန်လှုပ်သွားပါသည်။ သူပျော်လည်း ပျော်နေ၏။ ဒါဆို သူ့သီချင်းတွေကို လူတွေ ဒီလောက် အများကြီးက နှစ်သက်စွာ နားထောင်နေကြပြီပေါ့။

အလွမ်းရဲ့ ကျိန်စာမှာ. . .

မဝေးဘူးဆိုတဲ့ မင်းရဲ့စကားတွေ. . . .



ငါ့နားထဲမှာ စိုးမိုးထားဆဲ. . . .

အိပ်မက်လို နှင်းဆီရနံ့တွေနဲ့. . . .

တိတ်ဆိတ်စွာ အသက်ရှင် နေထိုင်ခြင်းများ

အခန်းဆက်လိုက်. . . .

အခန်းဆက်နှင်းဆီ. . .

သူ ပရိသတ်ကို သေချာ ကြည့်မိသည်။ ဒီလူတွေဟာ ငါ့သီချင်းကို နားထောင်ကြတဲ့ လူတွေပါလား။ မိုးဆက်သည် လူတွေကို ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ပိုမို ယုံကြည်လာ၏။ သူ့ရဲ့ ဂီတမှာ လူတွေကို ဖမ်းစားနိုင်လေသည်။ သွယ်သည် ပရိသတ်တွေကြားထဲမှာ လိပ်ပြာလေးတစ်ကောင်လို လှပစွာ ဝဲပျံရင်း သူ့သီချင်းတွေကို လိုက်ဆိုနေ၏။

သီချင်းပြီးသွားတော့ 'နောက်တစ်ပုဒ်' ဆိုသည့် သီချင်းတောင်းသံတွေကို ကြားရသည်။ ဒါပေမဲ့ ထိုပရိသတ်အတွက် သူ ဘာမှ မတတ်နိုင်ခဲ့။ သူ ဆိုရမည့် သီချင်းနှစ်ပုဒ်က ပြည့်သွားပြီ ဖြစ်သည်။ စတိတ်မန်နေဂျာကိုမျိုးဖော်ကို လှမ်းကြည့်လိုက်တော့ ကိုမျိုးဖော် သဘောပေါက်စွာ ခေါင်းယမ်းပြ၏။

သူလည်း ဘာမှလုပ်ပေးလို့ မရဘူးဆိုတာ မိုးဆက် သိပါသည်။ ပြီးတော့ နောက်မှာ တခြား အဆိုတော်တွေကလည်း ရှိသေးသည်။ မိုးဆက်က ပရိသတ်ကို တောင်းပန်သလို တစ်ချက်ကြည့်ကာ စင်ပေါ်မှ ဆင်းလာခဲ့သည်။ ပရိသတ်ဆီမှ လက်ခုပ်သံတွေ ဆူညံ

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ညမှာ သူ အောင်မြင်သည်ဟု ဆိုရမည်။

ဖိုးခွားတို့၊ ကိုအောင်သူတို့၊ သွယ်တို့၊ နော်မူးတို့. . . သူတို့ အားလုံးသည် မိုးဆက်၏ အောင်မြင်မှုကို ဝမ်းသာနေကြလေသည်။ နာမည်ကျော် အဆိုတော် တချို့ကလည်း မိုးဆက်ကို လက်ဆွဲ နှုတ်ဆက်သွားကြ၏။ မိုးဆက်က ဒီလို အချိန်တွင် ထူးထူးခြားခြား ဖေဖေ နှင့် သိပ်မမှတ်မိတော့သော မေမေကို သတိရလျက် ရှိသည်။ အရိပ် အကဲကို ကြည့်နေသော ကိုအောင်သူက. . .

"မိုးဆက်. . . ဘာဖြစ်နေတာလဲ"

"မေမေ့ကို သတိရလို့ပါ"

တကယ်တော့ ဖေဖေကိုပါ သူ သတိရသော်လည်း ထုတ် မပြောဖြစ်။ သွယ်က သူ့စကားကြောင့် စိတ်မကောင်း ဖြစ်သွားသည်။

"သူကလည်းကွာ. . . . အဲဒါတွေကို တွေးပြီး စိတ် မကောင်း ဖြစ်မနေပါနဲ့"

မိုးဆက်၏ လက်မောင်းကို မှီလိုက်ရင်း ထိုသို့ သူမက နှစ် သိမ့်ခဲ့ပါသည်။ အခုတော့ သူမသည် မိုးဆက်ကို အရမ်းတွယ်တာနေ ခဲ့ပြီ။ ဘေးနားမှာ ကိုအောင်သူက စီးကရက်ကို အားရပါးရ ဖွာရှိုက်နေ တာ မိုးဆက်က လိုက်ကြည့်နေ၏။ သွယ် သူ့ကို သနားသွားသည်။

"မိုးဆက်. . . စိတ်ကို အဲဒီလောက်ကြီး ထိန်းချုပ်မထား စမ်းပါနဲ့။ ဆေးလိပ်သောက်မလား"



သူ သွယ်ကို သေချာ စိုက်ကြည့်မိ၏။ ကြည့်စမ်း. . . သွယ်က ဘယ်လောက်တောင် သူ့အပေါ် အသေးစိတ် ဂရုစိုက်ပါ သလဲ။ သွယ့်ပခုံးများကို ခပ်တင်းတင်း ပွေ့ဖက်မိ၏။

"ကျွန်တော် ဆေးလိပ် မသောက်ချင်ပါဘူး"

သွယ်က မိုးဆက်စကားကြောင့် မဲ့မဲ့ကလေး ပြုံးသည်။ ထိုညက ပရိသတ်၏ အားပေးမှုနှင့် သူမ၏ မဲ့မဲ့ကလေး ပြုံးနေပုံ သည် သူ့ဘဝအတွက် အရေးကြီးသော အမှတ်တရ တစ်ခု ဖြစ်ခဲ့လေ သည်။

ကိုငြိမ်းချမ်း ပါမလာသဖြင့် သူတို့ လွတ်လွတ်လပ်လပ် ပျော် ခွင့်ရသည်။ ကိုငြိမ်းချမ်းက လူလိုက်မလာသော်လည်း ကားကိုတော့ ထည့်ပေးလိုက်၏။ ကိုအောင်သူက ကားမောင်းဖို့ တာဝန်ယူထား သည်။ စတိတ်ရှိုးပွဲပြီးတော့ ညတစ်နာရီ ထိုးခါနီးနေပြီ။ နောက်တော့ သူတို့အဖွဲ့ ဆိုင်တစ်ဆိုင်ကို ရောက်သွားကြပြီး ကိုအောင်သူတို့၊ ဖိုးခွား တို့က အနည်းငယ်သောက်ကြပါသည်။ မိုးဆက်၊ သွယ်နှင့် နော်မူး တို့က ခေါက်ဆွဲကြော် စားကြ၏။ ကိုသက်အောင်ကြီး ပါမလာတာ ကို သူတို့က ပျင်းရိနေကြပြန်သည်။

သွယ့် မိုးပျံပူဖောင်းတွေက ဆိုင်ထဲမှာ ဟိုယိမ်းသည်ယိမ်း နှင့် ပျော်စရာ တစ်မျိုး ဖြစ်နေတော့သည်။ မိုးဆက်က ပြောသည်။

"ကိုအောင်သူက ကားမောင်းရမှာနော်၊ သိပ်မသောက်နဲ့"

"အမလေးဗျာ၊ ဒီမှာ နှစ်ပက်ပဲ ရှိသေးတယ်။ အားတောင် မဆွတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ နှစ်ပက်ဆို ရပြီ၊ မမူးလည်း ရန်ကုန်ရောက်မှ သောက်. . . ဟိုကောင် ဖိုးခွား၊ မင်းလည်း တော်တော့"

သူတို့ ဘယ်လောက်ပဲ ဆက်သောက်ချင် သောက်ချင် မိုးဆက်စကားကိုတော့ သူတို့ လက်ခံကြပါသည်။ကိုအောင်သူတို့၊ ကိုဖိုးခွားတို့ဆိုတာ အနည်းဆုံး တစ်ပိုင်းလောက်မှ ရေချိန်ကိုက်သူတွေဆိုတာ မိုးဆက် သိပါသည်။ ဒါပေမဲ့ မိုးဆက်ကို သွယ့်ရှေ့မှာ စိတ် အနှောင့်အယှက်ဖြစ်အောင် မလုပ်ခြင်းသည် ကျေးဇူးတင်စရာ ကောင်းသည်။ တခြားအချိန်မှာဆို ဒီလူတွေက ဂဂျီဂချောင် ကျနေကျ။

သူတို့အဖွဲ့သည် တစ်ညလုံး မအိပ်ကြဘဲ ပျော်နေကြ၏။ မိုးစက်မှုန်တွေက အပြန်လမ်းတစ်လျှောက်လုံး ခပ်ဖွဲဖွဲကျနေတော့သည်။ မိုးသက်လေက ကား၏ အရှိန်နှုန်းဖြင့် ပေါင်းစပ်သွားသော အခါ ကြမ်းရှရှ အရသာ ဖြစ်သွားပါသည်။ သွယ်သည် မိုးဆက်၏ ပခုံးမှာ မှီကာ တစ်စုံတစ်ရာကို အိပ်မက်လျက် ရှိသည်။ ကား၏ နောက်ကြည့်မှန်တွင် ချည်ထားသော အပြာရောင် မိုးပျံပူဖောင်းနှစ်လုံး အနက် ပထမအလုံးက ဖောင်းခနဲ ပေါက်သွားသဖြင့် သွယ်က လန့်သွား၏။ ပြီးတော့ သဘောကျစွာ ရယ်ပြန်သည်။ သူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်ကလေး ထိုင်ရင်း ကျန်နေသေးသော မိုးပျံပူဖောင်းလေးကို သွယ်က ချောင်းကြည့်နေ၏။

သွယ့်နားရွက်နောက်နားကို လက်ချောင်းများဖြင့် ခပ်ဖွဖွ



ကစားလျှင် သူမသည် မနေတတ်တော့ဘဲ လူးလန့်ကာ ရုန်း၏။ ပြီးရင် သူမက ကြည်နူးစွာ ရယ်မောနေတတ်သေးသည်။

"ဘယ်နားရောက်နေပြီလဲဟင်"

"ရှေ့နားဆို ထောက်ကြန့် ရောက်တော့မယ် သွယ်ရဲ့"

လေကြမ်းနဲ့အတူ မိုးစက်တွေက ကျလာ၏။ သူသည် သွယ့်ကို လွတ်ထွက်သွားမှာ စိုးရိမ်ကြီးစွာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။ မိုးဆက်စိတ်ထဲတွင် ကြီးမားသော တစ်စုံတစ်ရာကြောင့် လေးလံ ပိကျလာသည်။ ကိုအောင်သူကလည်း ကားကို ပိုမို ကြမ်းတမ်းစွာ မောင်းနေသဖြင့် အရှိန်လျှော့ခိုင်းဖို့ စဉ်းစားလိုက်မိသေး၏။ သို့သော် ဘာစကားမှ သူ ပြောမထွက်။

ထိုစဉ်မှာပင် ရှေ့ဆီမှ ကြီးမားသော မီးရောင်များ၊ ကျယ်လောင်သော ဟွန်းသံရှည်ရှည်နက်နက်တစ်ခု။ နားပင်းသွားမတတ် အသံတွေ. . . ဆက်တိုက်ဆိုသလို သူ ထိတ်လန့်တကြား ကြုံတွေ့လိုက်ရသည်။

သွယ်သည် ဒီလောက်တင်းကျပ်စွာ ပွေ့ဖက်ထားသည့်ကြားမှ အဝေးကြီးကို လွင့်စဉ်သွားသည်။

သွယ်ရေ. . .

သွယ်. . . .

သူ အသံကုန်အော်ဟစ်လိုက်မိ၏။

နောက်တော့ သူလည်း ဘာမှမသိတော့. . .။ အရာရာ

www.burmeseclassic.com

www.burmeseclassic.com



မှောင်မိုက်နေသည့် အခြေအနေမှ သူသည် 'သွယ့်' နာမည်ကို ဆက်ခေါ်နေမိခဲ့သည်။ ဘယ်တော့မှ ပြန်မလာတော့သော အရာတွေသည် မိုးဆက်အတွက် ဝမ်းနည်းစရာ လွယ်ကူလွန်းနေခဲ့လေသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၁၀)

သူ သတိပြန်ရလာတော့ ဆေးရုံပေါ်မှာ တစီစီလည်နေသော ပန်ကာများကို ပထမဆုံး မြင်ရပါသည်။ မိုးဆက်၏ ဦးနှောက်ထဲသို့ 'သွယ်' ဆိုသည့်နာမည်က ရောက်လာ၏။

သွယ် ဘယ်မှာလဲ. . ။

သူ့ လည်ချောင်းတွေက ခြောက်သွေ့သွေ့နေကာ ရေငတ်လှပြီ၊ ရေပေးပါ. . . ရေပေးပါ။ မိုးဆက်ဆီမှ အနည်းငယ် လှုပ်ရှားသံ ကြားရသဖြင့် ကိုသက်အောင်က အနားကို ရောက်လာသည်။

"မိုးဆက် သတိရလာပြီလား၊ ဘာလိုချင်လို့လဲ"

သူ့နှုတ်ခမ်းလှုပ်တာကို ကြည့်ပြီး ရေသောက်ချင်လို့လားဟု ကိုသက်အောင်က မေး၏။ မိုးဆက်က ခေါင်းညိတ်ပြတော့ ကိုသက်

www.burmeseclassic.com

www.burmeseclassic.com



အောင်က ရေတစ်ခွက်တိုက်ပါသည်။ ရေသောက်ရင်းမှ သူ ခပ်လျှော လျှောလေး ထိုင်ကာ ခုတင်ဘောင်ကို မှီထားလိုက်၏။

သူ ခဏ အမောဖြေလိုက်ပြီး သိချင်တာ တစ်ခုကို မေးခဲ့ လိုက်ပါသည်။

"ကိုသက်အောင် သွယ်ရောဟင်"

"ရှိပါတယ်. . . မင်းပဲ သက်သာအောင် နေစမ်းပါ"

"ရတယ်၊ ကျွန်တော် သက်သာတယ်၊ ဘာမှ မဖြစ်ဘူး၊ အခု သွယ့်ဆီသွားမယ်၊ လိုက်ပို့. . . ."

သူက ပြောပြောဆိုဆို ထထိုင်လိုက်၏။ သို့သော် မိုက်ခနဲ ပြန်လဲကျသွားသည်။ ခါးဆီမှလည်း မျက်ကာ နာသွားသည်။

"မိုးဆက်. . မင်းကလည်း၊ ကိုယ့်ဇာတ်ရာလည်း သက်သာ တာ မဟုတ်ဘဲနဲ့။ ကောင်းကောင်းနားစမ်းပါ"

"ကိုသက်အောင် ကျွန်တော် သွယ့်ကို အရမ်း တွေ့ချင် တယ်"

သူသည် မျက်နှာကို တစ်ဖက်သို့ လှည့်သွားသည့်ကြား ကိုသက်အောင် မျက်နှာ ပျက်နေသည်ကို မြင်ဖြစ်အောင်မြင်လိုက်ရ ၏။ စိုးရိမ်စိတ်က ပို၍ ကြီးလာသည်။ မိုးဆက်က ထပ်ပြောသည်။

"ကိုသက်အောင်. . . ကျွန်တော် ပြောတာ ကြားရဲ့လား ကျွန်တော် အရမ်း စိုးရိမ်နေလို့ပါဗျာ၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ကျွန်တော့်ကို မညာပါနဲ့၊ သူ ဘယ်လိုနေလဲဟင်"



ဖျတ်ခနဲ ကိုသက်အောင် သူ့ကို စိုက်ကြည့်၏။ ဘုရား. . . ဘုရား. . . ကိုသက်အောင်မျက်နှာမှာ မျက်ရည်တွေ ဝဲနေသည်။ အို. . . ဒါဆို သွယ်. . . သူ ဆက်မတွေးရဲ။

"ကိုသက်အောင်"

သူ့အသံတွေက တုန်ခါနေကာ အနည်းငယ် ကျယ်သွားပါ သည်။

"ဟုတ်တယ် မိုးဆက်. . . သူဆုံးသွားပြီ"

"အား"

မိုးဆက်က အသံနက်ကြီးဖြင့် အရူးတစ်ယောက်လို အော်ချ လိုက်မိသည်။ အခြေအနေသည် စိုးရိမ်စရာ ကောင်းအောင် ဆိုးရွား သွားသည်။ မိုးဆက်အမောဖောက်ကာ ပြန်သတိလစ်သွား၏။

ဆေးရုံမှ ဆရာဝန်များ၊ နပ်(စ်)များ အလုပ်ရှုပ်သွားကြပြန် ၏။

❖ ❖ ❖ ❖ ❖

ဒီတစ်ခါ မိုးဆက် ပြန်သတိရလာတော့ ပထမဆုံး မြင်ရ သည်မှာ သူ လုံးဝ မျှော်လင့်မထားသော ဖေဖေ ဖြစ်နေသည်။ ဖေဖေ့ မျက်နှာသည် အရင်လို သူ့အပေါ် အလိုမကျမှုက အထင်းသား ပေါ်နေဆဲ ဖြစ်သည်။ သို့သော် သားတစ်ယောက်အပေါ် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



အဖေတစ်ယောက်၏ စိုးရိမ်ပူပန်မှုကိုလည်း မြင်ရသည်။

ဖေဖေ့မျက်နှာသည် အိပ်ရေးပျက်ထားသူ တစ်ယောက်မှန်း သိသာလှ၏။ ဖေဖေ့ဘေးနားမှာက ကိုသက်အောင်။ ပြီးတော့ ခေါင်းမှာ ပတ်တီးတွေ စည်းထားသောဖိုးခွား။ သူ ဖိုးခွားကို မြင်တော့မှ သွယ်၏ နာကျင်စရာ နိဂုံးကို အမှတ်ရသွားပြီး ရင်ထဲမှာ ဆို့တက်လာ၏။

ဒါဆို နော်မူးတို့၊ ကိုအောင်သူတို့ရော။ အခုမှပင် သူတို့ကို စိတ်ပူဖို့ သတိရသွားသည်။ မြတ်စွာဘုရား. . . သူတို့ ဘာမှမဖြစ်ပါစေနဲ့။

"မိုးဆက် မင်း သတိရလာပြီနော်"

ဖိုးခွား၏ မေးခွန်းကို သူ ခေါင်းညိတ်ရင်း ဖြေ၏။ ထိုစဉ်မှာပင် အခန်းထဲကို နော်မူးနှင့် ကိုငြိမ်းချမ်းတို့ ဝင်လာကြသည်။ နော်မူးကို မြင်လိုက်ရမှ သူ့စိတ်တွေ နည်းနည်း ပေါ့ပါးသွား၏။

"ဖိုးခွား၊ ကိုအောင်သူရော"

"ရှိပါတယ်၊ သူက ခြေထောက်ကျိုးသွားလို့ ကျောက်ပတ်တီး ကိုင်ထားရတယ်။ လမ်းလျှောက်လို့ မရသေးဘူး"

အနားကို ရောက်လာသော ကိုငြိမ်းချမ်းကို မိုးဆက်က ခပ်ဖွဖွ တစ်ချက် ပြုံးပြပါသည်။ တစ်ဆက်တည်း ဖေဖေ့ဖက်ကို လှည့်၍. . . .

"ဦး. . . အနားယူလိုက်ပါဦး၊ ကျွန်တော်တို့လည်း ရှိနေ



တာပဲ။ ဘာမှပူမနေပါနဲ့၊ တစ်ညလုံး ဦးမအိပ်ရသေးဘူး မဟုတ်လား"

ဖေဖေဟာ တစ်ညလုံး မအိပ်ဘဲ သူ့ကို စောင့်နေခဲ့ပါသတဲ့။ မိုးဆက် အရမ်း အံ့ဩနေမိသည်။ ဒီလိုတော့လည်း ဖေဖေက ငါ့ကို ချစ်သားပဲ။ အကြည့်ချင်းဆုံတော့ ဖေဖေက ခပ်လျော့လျော့ နွမ်းနွမ်းလေး ပြုံးပြ၏။ သူက ဖေဖေ့ကို ကျေးဇူးတင်သလို ခေါင်းညိတ်ပြမိသည်။

"မိုးဆက်. . . ငါ ညမှ ပြန်လာခဲ့မယ်"

ပြောပြီး ဖေဖေ ထွက်သွား၏။ ဖေဖေ့အသံသည် အရင်လို သူ့စိမ်းဆန်နေဆဲ။ ဖေဖေဟာ ဘယ်တော့မှ သူ့ခေါင်းမာမှုကို စွန့်လွှတ်မှာ မဟုတ်ဘူး။ အခုမှ သူ သတိရသွားသည်။ ဖေဖေ ဘယ်မှာ တည်းသလဲ၊ သူမမေးလိုက်ရတာ နောင်တရသွား၏။

ဖေဖေ ထွက်သွားတော့ ကိုငြိမ်းချမ်းက ဖေဖေ့နေရာမှာ ဝင်ထိုင်သည်။ ပြီးတော့ မိုးဆက်ကို. . .

"မိုးဆက် ဒီနေ့ မင်း VCD ထွက်တယ်" ဟု အသိပေး၏။

ဒါပေမဲ့ ကိုငြိမ်းချမ်းသည် သွယ့်အကြောင်း တစ်ခွန်းမှ မပြော။ သူ့ကြေကွဲမှုကိုလူတွေ မြင်မှာ စိုးရိမ်သည်လားတော့ မပြောတတ်ပေ။ အခုဆို ကိုငြိမ်းချမ်းမှာ ညီတစ်ယောက်ရော၊ ညီမတစ်ယောက်ပါ ဆုံးရှုံးခဲ့ပြီ။

နောက်တော့ မိုးဆက်ကို သူတို့အားလုံး သက်သာအောင် နေဖို့ အားပေးစကားပြောကြသည်။ ဂျာနယ်တချို့မှာ ပရိသတ်ရှိုး

www.burmeseclassic.com

www.burmeseclassic.com



က အပြန် မိုးဆက် ကားအက်စီဒင့် ဖြစ်တဲ့အကြောင်း အကျယ်တဝင့် ဖော်ပြကြ၏။ ပဲခူးမှာ သီချင်း နှစ်ပုဒ်ထဲနှင့် ပရိသတ်ကို မိုးဆက် သိမ်းပိုက်သွားနိုင်ကြောင်း၊ မိုးဆက်၏ချစ်သူ ပရိုဂျူဆာ၏ညီမ 'သွယ်' ဆုံးသွားကြောင်း၊ လောလောဆယ်ထွက်နေသော မိုးဆက်၏ 'အခန်း ဆက်နှင်းဆီ' VCD အကြောင်း စသဖြင့် ဂျာနယ်တွေက ဖွယ်ဖွယ် ရာရာ ရေးကြသည်။ ထိုအကြောင်းအရာများကပင် သူ့ကို လူတွေ စိတ်ဝင်စားစရာ ဖြစ်ခဲ့လေသည်။

သူက ဆေးရုံပေါ်မှာ ရက် (၂၀) ခန့် ဆက်နေရဦးမည်ဟု သိရ၏။ ကိုအောင်သူကတော့ ကျောက်ပတ်တီးကြီးနှင့် ဆေးရုံမှ အဆောင်ကို ပြောင်းသွားပါသည်။

ကိုငြိမ်းချမ်းနှင့် ဖေဖေသည် သူ့ဆီကို နေ့စဉ်လာ၏။ ဖေဖေက တောင်ဥက္ကလာရှိ သူ့အစ်ကိုဝမ်းကွဲရှိသော ဘုန်းကြီး ကျောင်းတွင် တည်းခိုပါသည်။ ဖေဖေက မနက်ပိုင်း ရောက်လာတတ် ပြီး ကိုငြိမ်းချမ်းက ညနေပိုင်း ရောက်လာတတ်သည်။ သူတို့နှစ် ယောက်စလုံးသည် မိုးဆက်ကို ဘာမှဟုတ်တိပတ်တိ မပြောဘဲ တစ်နာရီလောက် တရိပ်ရိပ်ကြည့်ကာ ပြန်သွားတတ်ကြ၏။

မိုးဆက် ဆေးရုံတက်နေချိန်များအတွင်း ကိုသက်အောင်နှင့် ဒဏ်ရာနည်းနည်းပါးပါးသာ ရသော ဖိုးခွားတို့က တစ်ယောက်တစ် လှည့်ညအိပ်စောင့်ပေးကြပါသည်။ မိုးဆက်၏ VCD သည် မျှော်လင့် ထားသည်ထက် များစွာ ပိုရောင်းလိုက်ရ၏။ VCD ရောင်းရသဖြင့်



Tape နှင့် CD တွေလည်း ပြန်အဝယ်လိုက်လာကြသည်။ FM ရေဒီယို အစီအစဉ်တွင်လည်း မိုးဆက်က The best 20 စာရင်းဝင်။ စာနယ် ဇင်းသမား တချို့က ဆေးရုံပေါ် အထိ ဓာတ်ပုံရိုက်၊ အင်တာဗျူးတွေ မေး လုပ်လာသဖြင့် ဆေးရုံပေါ်ရှိ တခြားလူနာတွေ အနှောင့်အယှက် ဖြစ်ရလေသည်။ ဒါကြောင့် ကိုငြိမ်းချမ်းက ပြတ်ပြတ်သားသားပင် စာနယ်ဇင်းတွေကို တားယူရ၏။ ထိုအခါ ပရိုဂျူဆာက မာန်တက်နေ သည် ဘာညာဝိုင်းရေးကြပြန်သည်။ ဘာရေးရေးက ကိုငြိမ်းက ဂရုမစိုက်သူ ဖြစ်၏။

သူ ဆေးရုံကဆင်းတော့ ကိုငြိမ်းချမ်းက သူ့ကို နေဖို့ စမ်း ချောင်းဘက်မှာ တိုက်ခန်းတစ်ခန်း စီစဉ်ပေးပါသည်။ ထိုတိုက်ခန်းမှာ ကိုအောင်သူနှင့် ကိုသက်အောင်တို့က လိုက်နေပေးကြ၏။ ဖိုးခွားက တော့ ရုံဖန်ရံခါမှ လာအိပ်တတ်သည်။

ဒါပေမဲ့ ဖေဖေကတော့ ထိုအခန်းမှာ ဘယ်တော့မှ ညမအိပ်တတ်။ ဖေဖေသည် မိုးဆက်ကို အသိအမှတ်စပြုလာ၏။ လူငယ်တစ်ယောက်ရဲ့ မာန၊ အနုပညာသမားတစ်ယောက်ရဲ့ ယုံကြည်မှု၊ ယောက်ျားတစ်ယောက် အရည်အချင်း ဒါတွေကို ဖေဖေ လက်ခံလာသဖြင့်သူ ဝမ်းသာရပါသည်။

သို့သော် ဖေဖေသည် အရက်ကို နည်းနည်းလျှော့သော် သည်မှအပ လုံးဝမဖြတ်။ မိုးဆက်က ဖေဖေ့ကို ဘုန်းကြီးကျောင်းမှာ တည်းခိုတာမို့ အရက်မသောက်စေချင်ပေ။ အိမ်မှာပဲ ဖေဖေ့ကို နေ

www.burmeseclassic.com

www.burmeseclassic.com



စေချင်ပေမယ့် ဖေဖေက တစ်ညတောင် မအိပ်သူ ဖြစ်သည်။

ရန်ကုန်မှာ တစ်လလောက်ကြာတော့ ဖေဖေသည် ပြည်ကို ပြန်သွားပါသည်။ နောက်တော့ ဖေဖေသည် ပြည်က အိမ်ကို ရောင်းကာ ရန်ကုန်ကို ပိုက်ဆံတွေနှင့် ပြန်ရောက်လာ၏။ ထိုအချိန်က အိမ်မှာ တခြားလူတွေ တစ်ယောက်မှ မရှိ။ ဖေဖေအိမ်ရောင်းလာသော ပိုက်ဆံသည် ကိုသက်အောင်အိမ်ရောင်းလာသော ပိုက်ဆံထက် သုံးဆလောက် ရှိသည်။ သားအဖနှစ်ယောက်သည် ပိုက်ဆံထုပ်ကြီးကို ရှေ့မှာထားပြီး တစ်ယောက်ကို တစ်ယောက် စူးစူးစိုက်စိုက် ကြည့်နေကြသေး၏။ ခဏကြာလျှင် ဖေဖေသည် ပြုံးလာသည်။ သူက အံ့သြတကြီး မေးမိသည်။

"ဖေဖေ. . . ဘာလုပ်ဖို့ အိမ်ရောင်းလာရတာလဲဟင်"

"မင်းဖို့ပေါ့ကွ။ မင်းကို ရန်ကုန်မှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးမလို့ပေါ့။ ဒီအခန်းကြီးက မင်း ပရိုဂျူဆာ ငှားပေးထားတာ မဟုတ်လား"

ဖေဖေက ဒီလောက်သာ ပြောပါသည်။ နောက်. . . ကိုအောင်သူနှင့် ညီနှိုင်းကာ တိုက်ခန်းကောင်းကောင်း တစ်ခန်း လိုက်ရှာနေကြသည်။

ထိုရက်များအတွင်း မိုးဆက်က သွယ့်ကို သတိရစိတ်ဖြင့် သီချင်းအသစ်တွေ ရေးဖြစ်၏။

နှစ်လအတွင်း မိုးဆက်၏ Tape, CD, VCD သည် အကြီး



အကျယ် အောင်မြင်လေသည်။ ကိုယ့်ရှေ့က အောင်မြင်နှင့်ပြီးသား စူပါအဆိုတော်တွေကိုပင် မိုးဆက်၏ ခွေရောင်းအားက ကျော်တက်သွား၏။ အောင်မြင်မှုနှင့် စန်းသည် တစ်ခါတစ်ရံ အလွန် အံ့သြစရာကောင်းသည်။ မိုးဆက်သည် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်ရသည်။ သွယ် မပါတော့သော မိုးဆက်နှင့် ကိုငြိမ်းချမ်း၏ ဆက်ဆံရေးသည် တစ်မျိုးစိတ်ဝင်စားစရာ ကောင်းနေ၏။

မိုးဆက်ဆီ ချဉ်းကပ်လာကြသော တခြား ပရိုဂျူဆာများကိုလည်း သူတို့ လှပစွာ ငြင်းပယ်နိုင်ခဲ့ကြသည်။ ကိုငြိမ်းချမ်းသည် မိုးဆက် တစ်ယောက်တည်းသာမဟုတ်။ တခြား အဆိုတော်တွေကိုလည်း စီးရီးထုတ်ဖို့ စီစဉ်နေ၏။ အသစ်တွေကိုလည်း တင်သည်။ နော်မူးသည် ထိုအသစ်တင်သည့် အစီအစဉ်တွင် တစ်ယောက် အပါအဝင် ဖြစ်လာ၏။ ကိုငြိမ်းချမ်း စီစဉ်သော စီးရီးများတွင် ကိုသက်အောင်၊ ဖိုးခွား၊ ဘိုဟိန်းတို့က ပင်တိုင်တေးရေးများလို ဖြစ်လာ၏။

ကိုငြိမ်းချမ်းက မိုးဆက်နှင့် တခြား အဆိုတော်လေးယောက်ကို ပေါင်းပြီး အတွဲခွေ တစ်ခွေကို ထုတ်ရာတွင်လည်း အောင်မြင်လေသည်။ အဲဒီအတွဲခွေမှာပါသော နော်မူးလည်း တော်တော် နာမည်ရလာသည်။ ထိုအတွဲခွေသည်လည်း မိုးဆက်၏ 'အခန်းဆက်နှင်းဆီ' နီးပါး အခြေအနေကောင်းသွားသည်။ ကိုငြိမ်းချမ်းသည် နှစ်ခွေထုတ်ရာ နှစ်ခွေစလုံး အောင်မြင်ခြင်းကြောင့် တော်တော် တောင့်တင်းသည့် အခြေအနေ ဖြစ်သွားကာ သူကိုယ်တိုင်လည်း နာမည်ကျော် ပရိုဂျူဆာ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးဆက်၏ ဒုတိယစီးရီးအတွက် သူတို့သီချင်းတွေ ရွေးကြရပြန်သည်။ အဓိကအားဖြင့်တော့ မိုးဆက်ကိုယ်တိုင် ရေးသော သီချင်း များနှင့် ကိုသက်အောင်၏ သီချင်းများကို အားပြု ရွေးချယ်ထား၏။ ဖိုးခွားသီချင်းကတော့ တစ်ပုဒ်တည်းသာ ပါသည်။

မိုးဆက်ကတော့ ထုံးစံအတိုင်း Own Tune တွေချည်းပဲ လုပ်ချင်သော်လည်း ကိုငြိမ်းချမ်းက ကော်ပီ နှစ်ပုဒ်လောက် ထည့်စေချင်သည်။ ကိုငြိမ်းချမ်းက ထိုသီချင်းနှစ်ပုဒ်သည် မိုးဆက်အသံနှင့် လိုက်ဖက်ပြီး ကျိန်းသေအောင်မြင်မည်ဟု ယုံကြည်နေ၏။ ခေါင်းမာနေသော မိုးဆက်ကို ကိုအောင်သူကပါ ဆိုဖို့ တိုက်တွန်း၏။ ကိုအောင်သူက ပြောပါသည်။

"ပထမခွေအရှိန်နဲ့ ဒုတိယခွေက ရောင်းရမှာပဲ မိုးဆက် ဒါပေမဲ့ သေချာပေါက် ဖြစ်မယ့် သီချင်းနှစ်ပုဒ်လောက်တော့ ပါဖို့ လိုတယ်ကွ။ မင်းရှေ့မှာ နမူနာတွေ တစ်ပုံကြီးပဲ။ ပထမခွေက အရမ်းဖြစ်ထားပြီး ဒုတိယခွေကျတော့ ရောင်းရပြီး သီချင်းမပေါက်တာတွေ ရှိတယ်။ ကိုယ်က အဲဒါမျိုးတွေကို ကျော်လွှားနိုင်ဖို့ လိုတယ်။ မင်းလည်း ပရိသတ် ပိုနိုင်သွားတာပေါ့"

"ဟာ. . . မဟုတ်သေးဘူး၊ အဲဒီ ကော်ပီနှစ်ပုဒ်က ပေါက်မယ်လို့ ခင်ဗျာ ကျိန်းသေပြောရဲသလား။ နောက်ပြီးတော့ အဲဒီနှစ်ပုဒ်ပါနေတော့ ကိုယ်ပိုင်သံစဉ်သီချင်းသစ်တွေလို့ ကိုယ်က ပြောလို့ မရတော့ဘူးပေါ့"



"ဒါ မြန်မာပြည် မိုးဆက်. . . ဒါလောက်လေးနဲ့တော့ မင်း ထူးထူးခြားခြားကြီး သိက္ခာကျမသွားပါဘူး။ ပြီးတော့ အဲဒီ Copy နှစ်ပုဒ်က Own Tune တွေထက် အများကြီး ပိုပြည့်တယ်"

သူတို့ အပြန်အလှန် ငြင်းခုံပြီးသွားသောအခါ ကော်ပီ နှစ်ပုဒ်ကို ထည့်ဆိုဖို့ မိုးဆက် လက်ခံလိုက်ရသည်။ အချိန်တော်တော် ကြာလာသည်အထိ 'အခန်းဆက်နှင်းဆီ' ခွေက ရောင်းအား မရပ်သေး။ ထိုအရှိန်သည် ဂီတလောကမှာ ကြောက်စရာကောင်းသော ရေစီးတစ်မျိုး ဖြစ်နေ၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဖေဖေက လှည်းတန်းမှာ ဖုန်းပါသော တိုက်ခန်းတစ်ခန်း ဝယ်ပေးလိုက်၏။ ထိုအခန်းမှာတော့ ဖေဖေပါနေသည်။ ကိုငြိမ်းချမ်းက သူ့အတွက် ဟန်းဖုန်းတစ်လုံး စီစဉ်ထားပေးသည်။ မိုးဆက်နှင့် ကိုငြိမ်းချမ်းကြားတွင် အနုပညာကြေးသည် စကားပြောစရာ ခေါင်းစဉ်တစ်ခု ဖြစ်လာခဲ့သည်။

'အခန်းဆက်နှင်းဆီ'၏ VCD အမြတ်ငွေများထဲမှ နှစ်ဆယ်ရာခိုင်နှုန်းကို မိုးဆက်၏ အနုပညာကြေးအဖြစ် ကိုငြိမ်းချမ်းက သတ်မှတ်ပေးသည်။ မိုးဆက်က Tape နှင့် CD အတွက် သူ ပိုက်ဆံမရထားသဖြင့် VCD အမြတ်ငွေထဲမှ လေးဆယ်ရာခိုင်နှုန်းကို လိုချင်သည်။ ဒီလိုနှင့် သူတို့ခဏမျှ မပြေမလည်ဖြစ်နေကြသေး၏။ နောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သူ၏ ညှိနှိုင်းပေးမှုကြောင့် သုံးဆယ်ရာခိုင်နှုန်းဖြင့် သဘောတူခဲ့ကြသည်။

သို့သော် ဒုတိယခွေတွင် ကိုငြိမ်းချမ်းက မိုးဆက်ကို တခြားစုပါအဆိုတော်များအတိုင်း ပေါက်ဈေးပေးမည်ဟု ကတိပေးခဲ့ရသည်။ သူတို့နှစ်ယောက်သည် အလုပ်စကားများနှင့် တခြား အကြောင်းအရာများကိုပြောဆိုရာတွင် တတ်နိုင်သမျှ သွယ်နာမည်ကို မပါအောင် ချန်လှပ်ထားကြ၏။

မိုးဆက်၏ ဒုတိယအခွေအတွက် ရေးထားသော သီချင်းများမှာ နော်မူးနှင့် တစ်ယောက်တစ်ခြမ်း စီးရီးမှာ ပါသွားပြန်၏။ မိုးဆက်က ကိုငြိမ်းချမ်းဆိုခိုင်းသော ကော်ပီနှစ်ပုဒ်ကို နော်မူးနှင့် အတွဲခွေ တွင် ထည့်ဆိုလိုက်သဖြင့် သူတစ်ကိုယ်တော်ခွေတွင် သီးသန့် Own Tune သီချင်းတွေ ဖြစ်သွားပါသည်။ ထိုကိစ္စသည် သူနှင့် ကိုအောင်သူ တို့၏ ပူးပေါင်းကြံစည်ခြင်းမျှသာ ဖြစ်၏။

ဒုတိယခွေကို စီစဉ်နေဆဲမှာပင် ကိုအောင်သူက ကိုငြိမ်းချမ်းနှင့် ပတ်သက်သော သတင်းထူးတစ်ခုကို သယ်ဆောင်လာပါသည်။

"ဟေ့ကောင်. . . မိုးဆက်၊ မင်းပရိုဂျူဆာ ငြိမ်းချမ်းရေးသမားကြီးကို ရန်ကင်းစင်တာမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်ဗျာ"

"ဟုတ်လို့လား. . . အသိတွေ၊ ညီမဝမ်းကွဲတွေ၊ ဘာတွေ



ဖြစ်နေဦးမယ်"

"အောင်မလေးကွာ၊ ငါက ညီမနဲ့ အတွဲနဲ့တော့ ခွဲခြားတတ်ပါသေးတယ် မိုးဆက်ရာ"

ဖိုးခွားက အားတက်သရော ဝင်မေး၏။

"ဟုတ်လား၊ လုပ်စမ်းပါဦး၊ သူတို့ ခင်ဗျားကိုမြင်သွားသေးလား"

"ကောင်မလေးကတော့ မပြောတတ်ဘူး။ ကိုငြိမ်းချမ်းကတော့မြင်တယ်ကွ။ ပြုံးပြီး အဝေးကနေ လက်ပြတယ်။ ဒါနဲ့ငါလည်း အလိုက်သိသိ သွားမနှုတ်ဆက်ဖြစ်လိုက်ပါဘူး"

"ထားပါတော့ ကောင်မလေးက ဘယ်လိုလဲ"

ဖိုးခွား၏ မေးခွန်းကို ကိုအောင်သူ မျက်မှောင်ကုတ်ကာ ခေါင်းစားပုံဖော်နေပြန်သည်။ ခဏနေတော့ သူ ဖြေ၏။

"မိုက်တယ်။ ဒါပေမဲ့ အဝေးကဆိုတော့ ငါလည်း သေသေချာချာကြီး မသိဘူးပေါ့။ မြင်ရသလောက်ကတော့ မဆိုးဘူးကွ. . . ဟဲ. . . ဟဲ"

မိုးဆက်က သူတို့ပြောသမျှကို ပြုံးကာ နားထောင်နေ၏။ ထိုအခါ ဖိုးခွားက တွေးတွေးဆဆနှင့် မှတ်ချက်ဝင်ပေးပါသည်။

"ကိုငြိမ်းချမ်းလည်း ဒီအရွယ်ကြီး ရောက်နေပြီ။ အချစ်တော့ ဝင့်ပြီပေါ့"

ကိုငြိမ်းချမ်းဆီမှာ ချစ်သူရှိနေပြီဆိုတော့ မိုးဆက် ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ညီရော၊ ညီမပါ မရှိတော့တဲ့နောက် သူမှာ သံယောဇဉ် တွယ်စရာအဖော်တစ်ယောက်တော့ လိုအပ်တာပေါ့။ ကိုငြိမ်းချမ်း၏ မိဘများသည်လည်း မင်းမင်းနှင့် သွယ်တို့ ဆုံးခဲ့ပြီးနောက်ဘာသာရေး ကိုသာ ပိုမိုအားစိုက်လာကြသည်။ မိုးဆက်သတိထားမိသလောက် တော့ ကိုငြိမ်းချမ်းသည် အမြဲလိုလို အေးဆေးတည်ငြိမ်ပြီး Depression မဝင်အောင်လည်း ကာကွယ်တတ်သူ ဖြစ်၏။ စိတ်ဓာတ်မကျ တတ်သူတစ်ယောက်သည် အောင်မြင်မှုတိုင်းနှင့် ထိုက်တန်သူ ဖြစ် ပါသည်။

မိုးဆက်သည် တစ်နေ့တခြား ပို၍ ကျော်ကြားလာ၏။ ဖာ နယ်ဇင်းတွေက သူ့ကို ပိုအာရုံစိုက်လာကြသည်။ တချို့ဂျာနယ်လစ်ဆို သူများ၏ အလွန်အကျွံ အခွင့်အရေးယူမှုများကိုလည်း သူ စိတ်ပျက် မိသည်။ တတ်နိုင်သမျှ သူ ဂျာနယ်လစ်တွေကို ရှောင်သည်။ မိုးဆက် ကိုယ်စား ကိုအောင်သူက မီဒီယာတွေကို ဆက်ဆံပေးသည်။

Celebrity ဖြစ်သူများ၏ ကောင်းသတင်း၊ ဆိုးသတင်း အား လုံးသည် ဂျာနယ်လစ်များလက်ထဲတွင် ရှိသည်ဆိုသော အယူအဆကို မိုးဆက်က လက်မခံပေ။ အမှန်တရားကသာ အရေးကြီးသည်ဟု သူက ယုံကြည်၏။ ဒါကြောင့် အသံဖမ်းစက်တစ်လုံးနှင့် ခြိမ်းခြောက် သလို ပြောဆိုတတ်သော ဂျာနယ်လစ်များကို သူက ခပ်ပြတ်ပြတ်သာ ဆက်ဆံတတ်သည်။ အဲဒီနေရာတွင် မိုးဆက်နှင့် ကိုသက်အောင်တို့ တော်တော်တူသည်။ ကိုသက်အောင်ကလည်း ထိုသူများကို စာဆေး



ကျပန်းလုပ်သူ၊ စကားလုံးကူလီထမ်းသူ. . . . အစရှိသဖြင့် ပြောဆို တတ်သူ ဖြစ်သည်။

အခုတလော သူသည် သိပ်မမှတ်မိသော မေမေ့ကို ရည် ရွယ်ကာ သီချင်းတစ်ပုဒ် ရေးထားသည်။ မေမေနှင့် ပြန်ဆုံတွေ့ရဖို့ ဆိုတာ သူ မမျှော်လင့်နိုင်ခဲ့။ ထိုသီချင်းကို ဒုတိယစီးရီးမှာ ထည့်ဆိုဖို့ သူ စဉ်းစားနေ၏။

ဖေဖေသည် အရင်လို အရက်သိပ်မသောက်တော့သဖြင့် သူ ဝမ်းသာရပါသည်။ သို့သော် ကိုသက်အောင်က အရက်တွေ ပို သောက်လာပြီး သီချင်းအသစ်တွေ သိပ်မရေးသဖြင့် သူ အားမလို၊ အားမရ ဖြစ်မိ၏။

အချိန်နည်းနည်း ကြာလာတော့ သူသည် သွယ့်ကိုလည်း မေ့လျော့စပြုလာသည်။ အောင်မြင်လာတဲ့ တစ်နေ့ စန္ဒီဆီ ပြန်လာခဲ့ မယ်ဆိုသော ကတိကိုလည်း သူ မကြာခဏ သတိရပါသည်။ ပြီးတော့ စန္ဒီနဲ့လည်း စကားတွေ အများကြီး ပြောချင်မိသည်။ ဒါပေမဲ့ ထိုဆန္ဒသည် ဝေးကွာလွန်းလှပါသည်။

ဒီနေ့ လူ့အဖွဲ့အစည်း ဆိုသည်မှာ ဝေးကွာလှသည့်အရာ များအား အိပ်မက်မက်နေသူများ စုဝေးနေသော အရပ်ကို ခေါ်ပါ သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

စာတွေ့ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ

အလွမ်းနဲ့ စိုက်ပျိုးထားတဲ့

နှင်းဆီပန်းတွေပါ။

မင်းရဲ့ အမှတ်ရခြင်းတိုင်းမှာ

ဒီရနံ့ဟာ မွှေးပျံ့ပါစေ။

## အခန်း (၁)

မြရိပ်ညိုဟိုတယ်သည် ဂီတဖြင့် ခါတိုင်းထက် ရှန်းကြွလှုပနေ၏။ ကိုဦးက မိုးဆက်ဘေးမှာ ခြေဖျားဖြင့် စည်းချက်လိုက်နေပြီး ပါးစပ်ကလည်း ပီကေကို မနားတမ်း ဝါးနေပြန်သည်။ ဟိုတယ်ဝင်းတစ်ခုလုံးသည် ခေတ်၏ ရင်ခုန်သံများ၊ လူငယ်ဆန်သော ပျော်ရွှင်ခြင်းများဖြင့် အတိပြီးနေသည်။

မိုးဆက်၏ ဒုတိယစီးရီးသည် ချာတိတ်တွေကြားထဲမှာ ပြောစရာ ခေါင်းစဉ်တစ်ခု ဖြစ်နေခဲ့သည်။ သူ၏ ပထမစီးရီး 'အခန်းဆက်နှင်းဆီ' နှင့် ဒုတိယ စီးရီး 'မုန်တိုင်းခြေရာ' သည် အချိန်နှစ်နှစ်ကျော်ကွာပါသည်။ ဒါပေမဲ့ မိုးဆက်က VCD ထွက်မှ ပေါက်တာဆိုတော့ သူ့ပရိသတ်က တစ်ခွေနှင့် တစ်ခွေကို အရမ်းကွာသည်ဟု မထင်ကြ။

www.burmeseclassic.com

www.burmeseclassic.com



မိုးဆက်၏ စိန္နာက်ခွေထဲမှာ 'အိမ်စာ' ဆိုသည့်သီချင်းကလူကြိုက်များလျက် ရှိသည်။

အဆိုတော် လောကမှာ တစ်ကိုယ်တော် နှစ်ခွေနှင့် အတွဲခွေ တစ်ခွေ အောင်မြင်ထားတဲ့ မိုးဆက်ဟာ တော်တော် မျက်နှာရပါသည်။ မိုးဆက်လေးစားသည့် အဆိုတော် တချို့သည် ပရိသတ်မကြိုက်သဖြင့် မအောင်မြင်ပေ။ ထိုပုဂ္ဂိုလ်မျိုးတွေနှင့် ဆုံလျှင် မိုးဆက်က ကိုယ့်ကိုယ်ကိုယ် နှိမ်ချကာ ဆက်ဆံပါသည်။ ပြီးတော့ အနုပညာမပါသော အပေါ်စား ကျော်ကြားမှု တချို့အတွက် သူက ရှက်တတ်၏။ အနုပညာကောင်းခြင်းနှင့် အောင်မြင်မှုသည် အမြဲ ထပ်တူကျဖို့ မဖြစ်နိုင်မှန်း သူ သဘောပေါက်ထားလေသည်။

မိုးဆက်သည် အခုနောက်ပိုင်း ကိုသက်အောင်၏ တိုက်တွန်းမှုကြောင့် စာတွေ ပိုဖတ်ဖြစ်လာ၏။ သီချင်းတွေ ပိုနားထောင်ဖြစ်လာ၏။ တချို့သော အောင်မြင်စ အဆိုတော်များကဲ့သို့ ပရိသတ်ကောင်မလေးများနှင့် အချိန် သိပ်မဖြုန်းဘဲ ဝမ်းစာအတွက် သူ ပြင်ဆင်နေခဲ့၏။ သူ ရေးသည့်သီချင်းတွေကလည်း ပြောရလောက်အောင် မဟုတ်သေး။ မိုးဆက်သည် ကိုယ့်ကိုယ်ကိုယ် မှန်ကန်စွာ သုံးသပ်နိုင်ခဲ့သည်။ သူက မျက်စိရှေ့မှာ မော်ဒယ်ကောင်မလေးတစ်ယောက်နှင့် Hip Hop အဖွဲ့ တစ်ဖွဲ့မှ ချာတိတ်တစ်ယောက်၏ အနေအထိုင်ကို ကြည့်မရသဖြင့် မျက်နှာလွှဲလိုက်ရသည်။

ကိုဦးကတော့ ကောင်မလေးများကို လျှောက်ငေးကြည့်နေ၏။ မိုးဆက်သည် The Ants အဖွဲ့အား ဆူညံစွာ အော်ဟစ်အားပေးနေသော ပရိသတ်များကို သဘောကျနေမိသည်။

ထိုစဉ် ဟိုတယ်လုံခြုံရေး ဝန်ထမ်းတစ်ဦးက မိုးဆက်နားကို ရောက်လာသည်။

"အပြင်မှာ အစ်ကို့ကို ကောင်မလေးတစ်ယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူတဲ့လဲ"

မိုးဆက်၏ မေးခွန်းကို လုံခြုံရေး ဝန်ထမ်းက မဖြေခင် ကိုဦးက ကြားဖြတ်ဖြေပါသည်။

"မင်း ပရိသတ် ဖြစ်မှာပေါ့"

လုံခြုံရေးဝန်ထမ်းက ကိုဦးစကားကြောင့် အဖြေကို ချင့်ချိန်နေ၏။

"ပရိသတ်တော့ ပရိသတ်ပဲ။ ဒါပေမဲ့ သူက အစ်ကို့ကို နာမည် ပြောခိုင်းလိုက်တယ်။ အစ်ကိုနဲ့ ချိန်းထားတယ်တဲ့"

"ပြောစမ်းပါဦး သူ့နာမည်"

"စန္ဒီတဲ့ဗျ"

"စန္ဒီ. . . . "

သူ့နှုတ်ခမ်းလှုပ်ရုံမျှ ထိုနာမည်ကို ရေရွတ်မိသွားသည်။ တိုင်ပင်မထားဘဲ ကိုဦးနှင့် မိုးဆက်တို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လာခဲ့ပါ"

လုံခြုံရေးဝန်ထမ်း ထွက်သွားတော့ ကိုဦးက..

"မင်းတို့ ဘယ်တုန်းက ပြန်အဆက်အသွယ်ရတာလဲ" ဟု မေး၏။

"ဟိုတစ်နေ့ကမှပါ။ သူ ငါ့ဆီ ဖုန်းဆက်လို့. . . အဲဒါ ဒီနေ့ည မြရိပ်ညိုမှာ ရှိမယ်လို့ ပြောလိုက်တာ"

ကိုဦးက ဘာမှမပြောဘဲ လှောင်သလို ရယ်လိုက်သည်။ လူတချို့အတွက် ရယ်သံများသည် ခံရခက်သော စကားလုံးတွေ ဖြစ်နိုင်ပါသည်။ ထိုအခိုက် လေထဲသို့ နှင်းဆီရနံ့များက သင်းခနဲ ရောက်လာသည်။ စန္ဒီ. . . . .။ ဒါ ဘယ်လိုမှ မှားစရာမရှိသော၊ သူ ရင်ခုန်စွဲလမ်းခဲ့ဖူးသော ကောင်မလေးတစ်ယောက်၏ အမှတ်တံဆိပ်ဖြစ်ပါသည်။

အနားကို ရောက်လာသော သူမသည် သူ့ကို ချိုသာစွာ တစ်ချက် ပြုံးပြ၏။ စန္ဒီက ကိုဦးကို မမှတ်မိဘဲ ခပ်တည်တည် တစ်ချက် ကြည့်ပါသည်။ သူမသည် ဆယ်ကျော်သက်ဘဝကထက် အသား ပိုပြည့်လာသည်။ ဟိုးလွန်ခဲ့သော ကာလများတုန်းက သူမသည် ပိန်ပိန်သွယ်သွယ်၊ ပြီးတော့ လူငယ်တစ်ယောက်လို တက်ကြွမှုများ ရှိ၏။ အခုတော့ ဣန္ဒြေဖြင့် ထိန်းချုပ်ထားသည့် မိန်းမ တစ်ယောက်၏ ရင့်ကျက်လာသော အလှ။

သူတို့သည် တစ်ယောက်ကို တစ်ယောက် အကဲခတ်သလို



ကြည့်နေကြသည်။

"စန္ဒီက အဖော်မပါဘူးလား"

"ပါတော့ ပါတယ်။ ဒါပေမဲ့ သူတို့နဲ့ လူစုကွဲသွားတယ်"

"ဒါဖြင့် ပြန်ရင် ဘယ်လိုလုပ်မလဲ"

မိုးဆက်က အရင်လိုပဲ စိုးရိမ်စွာ ပူပန်မိသည်။

"ကား Parking ရပ်တဲ့နေရာမှာ ပြန်ဆုံလို့ ရပါတယ် မိုးရဲ့၊ စိတ်မပူပါနဲ့"

သူမ၏ မိုးဆိုသော အခေါ်အဝေါ်ကြောင့် သူ့ရင်ထဲမှာ နွေးထွေးသွား၏။ မိုးတဲ့. . . ကြည့်စမ်း၊ ဘယ်လောက်တောင် ချစ်စရာကောင်းသော အမှတ်တရ ဖြစ်ပါသလဲ။ သူတို့နှစ်ယောက်ကြားတွင် ပုံပြင်ဆန်သော ဝေးကွာခဲ့မှုသည် ဘာမှ အရေးမကြီးခဲ့သလို ပေါ့ပါးသွားပါသည်။

"စန္ဒီ. . . ဒီမှာ ကြည့်ပါဦး၊ မှတ်မိလား"

သူမသည် ပို၍ ဝဖီးဖြိုးဖွေးလာသော ကိုဦးကို ရုတ်တရက် မှတ်မိနိုင်စရာ မရှိပါ။ ဒါပေမဲ့ စန္ဒီသည် ပါးနပ်စွာ ဆက်စပ်တွေးခေါ်နိုင်ခဲ့ပြီး 'ကိုဦး' ဟု ခပ်ဖွဖွ ဆိုသည်။

"စန္ဒီက ပိုလှလာတယ်"

ကိုဦးက မြှောက်ပေးတော့ သူမက သဘောကျစွာ ရယ်နေပြန်သည်။ ပြီးတော့ ကိုဦးကို ပြန်နောက်သည်။

"ကိုဦးကတော့ ပိုဝလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါဗျာ"

ဒီလိုနှင့် သူတို့သုံးယောက် ရှေးဟောင်းနှောင်းဖြစ်တွေကို သတိတရ ပြောဖြစ်ကြသည်။ လက်ရှိဘဝနှင့် အခြေအနေကိုတော့ သူတို့ ခဏ ထိန်ချန်ထားကြသည်။

စတိတ်မန်နေဂျာကအနားကို ရောက်လာပြီး မိုးဆက်အား ပြော၏။

"ကိုမိုးဆက်. . . ဒါပြီးရင် ခင်ဗျားအလှည့်"

မိုးဆက်က ခေါင်းကို ခပ်သာသာညိတ်ပြသည်။ သူ သိပါတယ်ဆိုသည့် သဘော။

"မိုး"

စန္ဒီခေါ်သံကြောင့် သူက လှည့်ကြည့်လိုက်ပါသည်။

"အခန်းဆက်နှင်းဆီ ဆိုမယ်မဟုတ်လားဟင်"

အို. . . မိုးဆက်တစ်ကိုယ်လုံး သွေးများ ပူနွေးလာပြီး ကြက်သီးထသွား၏။ စန္ဒီဟာ အခုချိန်ထိ သူနဲ့ ပတ်သက်သော အရာအားလုံးကို နိုးကြားနေဆဲပါလားဟု သူ သိခွင့်ရသွားပါသည်။

သို့သော် တစ်ယောက်နှင့် တစ်ယောက်ကြားတွင် စကားလုံးတွေ မရှိကြ။ နူးညံ့သော အနိုးအငွေ့များက သူတို့စိတ်ထဲမှာ လွင့်မျောနေကြသည်။ ပြီးမှ သူသည် သူမ မေးခွန်း သတိရသွားပြီး ခေါင်းညိတ် ပြပါသည်။

ထိုအချိန်မှာ လက်ရှိဆိုနေသော အဆိုတော် အလှည့်ပြီး



သွားကာ စင်ပေါ်မှ ဆင်းလာသည်။ တစ်ပြိုင်နက်တည်းမှာပင် မိုးဆက်၏နာမည်ကို ကြေညာသံ ကြားရ၏။ ပရိသတ်တွေက မိုးဆက်ဆိုသည့် နာမည်ကို ကြားရကတည်းက သုံးမိနစ်ခန့် ဆက်တိုက် ဆူညံအော်ဟစ်နေကြသည်။

"သွားလိုက်ဦးမယ်နော်"

စန္ဒီက ကျေနပ်စွာ ပြုံးရင်း ခေါင်းညိတ်ပြပါသည်။ နောက်တော့ မိုးဆက်သည် အင်္ကျီကို တစ်ချက်ဆန့်ကာစင်ပေါ်သို့ ပြေးတက်သွား၏။ ပရိသတ်ဆီမှ အသံတွေက ပိုမို ဆူညံ ကျယ်လောင်လာပါသည်။

မိုးဆက်သည် အသစ်ထွက်သော စီးရီးထဲမှ သီချင်းများကို အရင်ဆိုပါသည်။ သီချင်းဆိုရင်းမှ ခေါင်းငုံ့စောင်းရင်း စန္ဒီကို ကြည့်မိသောအခါ ခပ်တည်တည်လေး ကြည်နူးနေသောသူမအား မြင်ရ၏။ သူ့အတွက် စန္ဒီ့အကြည့်များသည် ခွန်အားတွေ ဖြစ်သွားပြန်သည်။ မိုးဆက်က အတွဲခွေထဲမှ သီချင်းနှစ်ပုဒ်ကို ထပ်ဆိုနေ၏။ သူသည် Show Mood ကောင်းလွန်းပြီး ပရိသတ်နှင့် အပေးအယူ တည့်နေလေသည်။

ထုံးစံအတိုင်း မိုးဆက်၏ အပိတ်သီချင်းက 'အခန်းဆက်နှင်းဆီ'။ သို့သော် ဒီတစ်ခါတော့ အနည်းငယ် ထူးခြားသည်။ သူက သီချင်းမဆိုခင် စကားနည်းနည်း ပြော၏။

"ကျွန်တော်ရဲ့ အဆိုတော်ဘဝမှာ ဒီသီချင်းဟာ မိုးဆက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ နေရာတစ်ခုကို ဖြစ်စေခဲ့တဲ့ သီချင်းပါ။ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်တုန်းက အဲဒီသီချင်းကို ကျွန်တော် ရေးပြီးပြီးချင်း ကောင်မလေးတစ်ယောက်ကို ဆိုပြခဲ့ပါတယ်။ အခု အဲဒီကောင်မလေးဟာ ပရိသတ်တွေနဲ့အတူ ဒီပွဲခင်းထဲမှာ ရှိနေပါတယ်။ ဒီတစ်ခါလည်း သူ့ကိုပဲ ထပ်မံရည်ရွယ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်"

ပရိသတ်ဆီမှ 'ဟေး'ခနဲ အော်သံများကို ဟိန်းနေအောင် ကြားရသည်။ စန္ဒီသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်တွေ ဝဲနေ၏။ သူမက မိုးဆက်ကို ဒီလိုဘဝဖြင့် မြင်ရတာကျေနပ်သည်။

ရန့်တွေ လေထဲမှာ. . . တုန်ခါနေပြီ. . . .
အတွေးတွေ. . . မုန်တိုင်းလို ပြင်းထန်နေ. . .
မင်းနှုတ်ခမ်းဟာ အတောင်ပံတွေအဖြစ် ငါ့ရင်ထဲ
အခန်းဆက်နှင်းဆီ. . .

အို. . . သူဟာ တကယ့်ကို ခံစားမှု အပြည့် သီဆိုနေတာပါလား။

တွေးရင်း သူမ ကြက်သီးထသွား၏။ မိုးဆက်သည် တကယ်ပင် ရူးသွပ်မိုက်ကန်းနေသော လူငယ်တစ်ယောက်၏ သင်္ကေတ ဖြစ်ပါသည်။ သူ့အသံတွေမှာ မှော်ဆရာတစ်ယောက်က ပါဝင် ကူညီထားသလို သူမ ခံစားရ၏။ ဟိုတုန်းက သူမဆီမှ အချစ်ကို ခယတောင်းပန်ခဲ့သော ကောင်လေးသည် အခုတော့ လူတွေ အများကြီးရဲ့ အသည်းကျော်၊ အဆိုတော် မိုးဆက်ဖြစ်နေခဲ့ပြီ။



အလွမ်းရဲ့ ကျိန်စာမှာ. . . .
မဝေးဘူးဆိုတဲ့ မင်းရဲ့စကားတွေ. . .
ငါ့နားထဲမှာ စိုးမိုးထားဆဲ. . . .

သူမသည် မိုးဆက်ကို နှင်းဆီပန်းတက်ပေးချင်သော်လည်း ပေးစရာ အဆင်သင့် မရှိသဖြင့် လက်လျှော့လိုက်ပါသည်။ မိုးဆက်က သီချင်း၏ အဆုံးပိုင်းကို လှပစွာ လှိုင်းခတ်သီဆိုပြသွားသဖြင့် လက်ခုပ်သံတွေ ဆူညံသွား၏။ သီချင်းပြီးသွားသဖြင့် မိုးဆက်စင်ပေါ်မှ ဆင်းလာတော့ ပရိသတ်တွေဆီမှ "မိုးဆက်. . . မိုးဆက်" ဆိုသော အသံတွေ ကျန်ရစ်ခဲ့သည်။

စန္ဒီက အနားကို ရောက်လာသော မိုးဆက်ကို သူမ လက်ကိုင်ပဝါလေးအား ချွေးသုတ်ရန် ထုတ်ပေး၏။ သူကယူကာ ချွေးသုတ်လိုက်တော့ သူမသည် ရင်ခုန် ကြည်နူးနေခဲ့သည်။ ထိုလက်ကိုင်ပဝါထောင့်စွန်းတွင် အနီရောင်နှင်းဆီ တစ်ပွင့် ရှိလေသည်။

မိုးဆက်သည် ဟိုးငယ်ငယ်တုန်းက နှင်းဆီမလေး ပုံပြင်ကို ဖျတ်ခနဲ သတိရသွားပြီး ပြုံးလိုက်၏။

"ဘာပြုံးတာလဲ"

"ဩော်. . . ငယ်ငယ်တုန်းက နှင်းဆီတွေအကြောင်း ခင်းစားမိလို့ပါ"

မိုးဆက်စကားကြောင့် သူမ ရှက်ကာ မျက်နှာရဲသွားပါသည်။ သူက သူမကို ချစ်စနိုးနှင့် ရယ်သည်။ ကိုဦးက ခေါ်သံတစ်သိတ်

www.burmeseclassic.com

www.burmeseclassic.com



ညိတ် လုပ်နေ၏။

"လာ. . . စန္ဒီ၊ ကိုယ်တို့ လူတွေကြားထဲ လျှောက်သွားကြမယ်။ မုန့်လည်းစားမယ်။ ဒီမှာ ဗိုက်ဆာနေပြီ"

သူမမျက်ဝန်းတွေဆီမှ ရွှန်းလဲ့သော အကြည့်သည် သူ့ကို ရင်ခုန်သံတွေ မြန်စေသည်။ နောက်တော့ သူတို့နှစ်ယောက်မြရိပ်ညို ဟိုတယ်ဝန်းထဲမှ လျှောက်သွားကြသည်။ ဝက်သားသုပ် စားကြသည်။ မိုးဆက်ကို မှတ်မိသူများက လိုက်ကြည့်လျှင် သူမက မနေတတ်စွာ ခေါင်းငုံ့နေမိသည်။

တစ်ယောက်ဆီမှ အပျော်တွေက တစ်ယောက်ဆီသို့ လှုပစွာ စီးဆင်းပေါင်းစပ်သွား၏။ အချစ်ဆိုတာ နှစ်တွေကြာလာသည့်တိုင် ခံစားမှုက ဆန်းသစ်နေမြဲဖြစ်သည်။

သူတို့နှစ်ယောက်၏ တွဲလျက် ပုံကို ဂျာနယ်လစ်တစ်ယောက်က ဘယ်တုန်းက ဓာတ်ပုံရိုက်သွားသည် မသိ၊ နောက်အပတ်ထုတ် ဂျာနယ်မှာပါလာ၏။ သို့သော် စန္ဒီ့ပုံက သိပ်မထင်ရှားပေ။ ဒါကိုတော့ မိုးဆက်က မသိချင်ယောင် ဆောင်နေခဲ့သည်။

အခုဆို သူတို့နှစ်ယောက်၏ ပြန်လည် ပတ်သက်မှုသည် ဟိုးတုန်းက အခြေအနေကို အနည်းမျှ ပြုပြင်ပြောင်းလဲထားခြင်းမျှသာ ဖြစ်သည်။ စန္ဒီမိဘများကလည်း မိုးဆက်နဲ့ ပတ်သက်လို့ သူတို့သမီးကို သိပ်တင်းတင်းကျပ်ကျပ်ကြီး မတားမြစ်တော့။ နူးညံ့ သိမ်မွေ့သော အခြေအနေတစ်ရပ်မှာ မိုးဆက်က ဒဏ်ရာတွေအကြောင်းကို စဉ်းစားနေခဲ့သည်။



သူက ဒဏ်ရာတွေကို မေ့လျော့သွားမှာ ကြောက်ရွံ့သူ တစ်ယောက်ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

"မိုး"

ပျော်ရွှင်နေသော သူမ၏ မျက်ဝန်းတွေက အရှည်လဲ့ကာ တောက်ပနေသည်။ မာကျူရီမီးရောင်နှင့် ဂီတသည် လှပစွာ ရောထွေးသွားကြ၏။ သူ လှည့်ကြည့်လိုက်သည်။

"ဘာလဲ"

"ပျော်လား"

"ဟင့်အင်း"

သူမ မျက်နှာ နည်းနည်းမဲ့သွားပါသည်။

"မပျော်ဘူး ဟုတ်လား"

သူတို့အကြည့်များ အားပြိုင်နေကြသည်။ အမှောင်ရိပ်က စန္ဒီမျက်နှာပေါ် မိုးကျနေ၏။ ကား Parking ဝင်းထဲမှာ စတိတ်ရှိုးမပြီးသေးသဖြင့် လူရှင်းနေသည်။ မိုးဆက်က စန္ဒီနဖူးမှ ဆံနွယ်စများကို သပ်တင်လိုက်၏။

"မပျော်ဘူး၊ ရင်ပဲ ခုန်တယ်"

"ဟုတ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် နားထောင်ကြည့်ပါလား"

သူ့ရင်ခွင်ထဲမှာ သူမကို ထွေးပွေ့ထားလိုက်ပါသည်။ သူမသည် ဒီရင်ခွင်ကို အကြာကြီး မျှော်လင့်နေခဲ့ရသူ ဖြစ်၏။

"မိုး. . . လူတွေမြင်ကုန်လိမ့်မယ်၊ ဒီမှာ အသက်ရှုကျပ်နေပြီး ခဏလောက် လွှတ်ဦး. . ."

"အင်းပါ"

ရုတ်တရက် သူမပါးပြင်သည် ပူနွေးသွားပါသည်။

"မိုး. . . တော်တော် အတတ်ကောင်းတွေ တတ်နေတယ်နော်"

"နည်းနည်းပါးပါးပါ"

သူတို့နှစ်ယောက်ကြားတွင်ဘာမှ ပြောစရာ မလိုသော နားလည်မှုတွေကို အချစ်ဟု အမည်ပေးထားလိုက်ရုံသာ ဖြစ်ပါသည်။

ထိုညက စန္ဒီအိမ်ပြန်ရောက်တော့ တော်တော်နှင့် အိပ်မပျော်။ သူမ ရင်ခုန်သံတွေက ပုံမှန်မဟုတ်ဘဲအရမ်း မြန်နေခဲ့သည်။ မိုးဆက်သည် ငယ်ငယ်ကလို မဟုတ်ဘဲ သူမကို ပုံစံတစ်မျိုး ရင်ခုန်စေပြန်ပြီ။

သို့သော် သူမဘဝသည် အရာရာကို ကြိုတင် စဉ်းစားခဲ့ပြီး ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၂)

ညည့်ခန်းထဲမှာ အဆက်မပြတ်မြည်နေသော တယ်လီဖုန်းကို မိုးဆက်က မျက်မှောင်ကုတ်ကာ ကြည့်နေမိသည်။ ဖေဖေက ဖုန်းသံကြောင့် အိပ်ခန်းထဲမှ ထွက်လာ၏။ ဖုန်းကို မကိုင်ဘဲ ကြည့်နေသော သူ့ကို ဖေဖေ နားမလည်သလို မေးပါသည်။

"ဟေ့ကောင်. . . ဖုန်းကို ဘာထိုင်ကြည့်နေတာလဲ။ ဒီလောက် ဖုန်းမြည်နေတာ ကိုင်မှပေါ့"

ဖေဖေ၏ ဆူပူငေါက်ငန်းသံကို သူက ဘာမှမဖြစ်သလို ခပ်ပေပေနှင့် ခံယူလိုက်၏။ ဖေဖေက ဖုန်းကို သွားကိုင်သည်။

"ဟဲလို. . . အမိန့်ရှိပါ"

". . . . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလို့ ပြောပေးရပါမလဲ"

"......"

တစ်ဖက်က တစ်ခုခုတော့ ဖေဖေကို ပြောလိုက်ပါလိမ့်မည်။ သူ့ကို ဖေဖေက မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်၏။

"မိုးဆက်. . . စန္ဒီတဲ့"

ဒါပဲပြောကာ ဖုန်းကို ဘေးမှာ ချပြီး အိပ်ခန်းထဲ ပြန်ဝင်သွားပါသည်။ မိုးဆက်သည် စန္ဒီဆိုသော နာမည်ကြောင့် စောစောတုန်းက အေးစက် ထိုင်းမှိုင်းနေမှုများ သွေးပူလာ၏။

"ဟဲလို"

"မိုးလား"

"ဟုတ်ပါတယ် မိုးပါ. . လွန်ခဲ့သော ရှစ်နှစ်လောက်တုန်းက စန္ဒီဆိုတဲ့ ကောင်မလေးရဲ့ ကိုယ်ပေါ်က နှင်းဆီပွင့်တွေကို ခွဲလမ်းခဲ့တဲ့ မိုးပါ"

"ခစ်ခစ်. . . ခစ်ခစ်"

သူ့စကားကြောင့် သူမက ရယ်ပါသည်။

"ဘာရယ်တာလဲ။ မဟုတ်ဘူးလား"

"ဟုတ်ပါပြီ၊ မိုးကို ဘာပြောနေလို့လဲ"

"မသိဘူးလေ"

"ဩော်. . . မိုးကို ပြောစရာရှိလို့။ အဲဒါ ဟန်းဖုန်းကို ဆက်နေတာ၊ ဖုန်းပိတ်ထားလို့"



"ဟုတ်တယ် စန္ဒီရဲ့။ဖုန်းက အားကုန်နေတာ၊ ပြောလေ ဘာပြောစရာ ရှိလို့လဲ"

"မိုး ရွှေ့အပတ် ဗုဒ္ဓဟူးနေ့ အားမလားဟင်"

"စန္ဒီက အားစေချင်ရင် အားရမှာပေါ့"

"အံ့မယ်. . . စကားတွေ ခေတ်တော် တတ်နေတယ်ပေါ့"

"ရင်ထဲက စကားတွေပါ"

"ဟားဟားဟား. . . လုပ်မနေစမ်းပါနဲ့"

"တကယ်ပြောတာကို လှောင်နေတယ်. . . ကြည့်စမ်း"

"ကောင်မလေးတွေကို အဲဒီအပြောတွေနဲ့ ကြွေအောင် လုပ်ခဲ့တာ ဘယ်နှယောက်တောင် ရှိနေပြီလဲ မသိဘူး"

မိုးဆက်သည် သူမကို လွှမ်းမိုးအောင် ဘယ်လိုမှ မပြောနိုင်ဘဲ စိတ်ညစ်နေ၏။ သူ နည်းနည်း တင်းမာသွားသည်။

"စန္ဒီ့. . . ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ကို လှောင်နေသလိုပဲ"

"ဘာလဲ. . စန္ဒီဒီလောက်လေး ပြောတာကိုတောင် မိုးက မခံနိုင်တော့ဘူးလား၊ ဒါနဲ့များ. . . "

"ဒါနဲ့များ ဘာဖြစ်လို့တုန်း"

"ဒါနဲ့များ လွန်ခဲ့တဲ့ ရှစ်နှစ်တုန်းက နှင်းဆီပွင့်တွေကို ခွဲလမ်းခဲ့တဲ့ မိုးပါဆို"

www.burmeseclassic.com

www.burmeseclassic.com



မိုးဆက်သည် တကယ်ပင် လှိုက်လှိုက်လှဲလှဲ ရယ်မောမိသွားသည်။ သူ့ကို စန္ဒီက ရွဲ့ပြီး တမင်ပြောနေမှန်း သိသာလှသည်။ အင်းပေါ့လေ၊ သူလည်း သွယ့်သတင်းကို ကြားမှာပေါ့။

"ထားပါတော့၊ ထားပါတော့. . . စန္ဒီကို အရှုံးပေးပါတယ်။ ကဲ. . . ရှေ့အပတ်ဗုဒ္ဓဟူးနေ့ ဘယ်အချိန်လဲပြော"

"အချိန်က. . . . အင်း၊ ဒီလိုလုပ် အဂါနေ့ညကျရင် ဖုန်းပြန်ဆက်လိုက်မယ်လေ"

"အိုကေ. . . အိုကေ. . . "

"အိုကေ. . . ဒါပဲလေ"

"အိပ်မက်လှလှလေး မက်ပါစေ"

"ဂွဒ်နိုက်"

စန္ဒီဖုန်းချသွားတော့ တံခါးခေါက်သံ ကြားရ၏။ ဒီတစ်ခါတော့ ဖေဖေထွက်မလာခင် သူ တံခါးသွားဖွင့်လိုက်ပါသည်။ တံခါးရွက်နောက်မှာက ကိုသက်အောင်နှင့် ဖိုးခွား. . .။ သူတို့နှစ်ယောက် တစ်နေရာရာမှာ သောက်လာကြပုံ ရသည်။

ပြီးတော့ ကိုငြိမ်းချမ်း ကောင်မလေးကို ဖိုးခွားက သေချာတွေ့လာခဲ့ကြောင်း ပြောနေ၏။ ဟိုတစ်ခါက ကိုအောင်သူ၊ ဒီတစ်ခါက ဖိုးခွား ဆိုတော့ ဒီသတင်းက တော်တော်ခိုင်မာနေပြီပေါ့။

မိုးဆက်က သူတို့စကားထဲဝင်မပြောဘဲ အသာနားထောင်နေမိသည်။



"ကောင်မလေးက လှတယ်ဗျ"

"တယ်ဟုတ်ပါလား၊ ကိုငြိမ်းချမ်းကြီးက ဘယ်ဆိုးလို့လဲ"

"ဘယ်ကလာ. . . အိမ်က လူကြီးတွေ အစီအစဉ်လို့ပြောတာပဲ၊ ဒါပေမဲ့ ကောင်မလေးကလည်း သူ့ကို လိုလိုလားလား ရှိဟန်တူပါတယ်။ ပျော်ရွှင်နေပုံပဲ"

"ကိုငြိမ်းချမ်းက မခေဘူးဗျနော်"

သူတို့က ပြောပြီး ရယ်နေကြသည်။ ဖိုးခွားက လက်ရှိချစ်သူမရှိသော ကိုသက်အောင်ကို နှိပ်ကွပ်လေသည်။

"အေးပေါ့ဗျာ. . . . ခင်ဗျားထက်စာရင်တော့ ကိုငြိမ်းချမ်းက စွံတာပေါ့"

ကိုသက်အောင်က ဖိုးခွားကို ခပ်တိုးတိုးဆဲရေးသံ ကြားလိုက်သည်။ မိုးဆက်က ဝရန်တာမှာ ဂစ်တာကို ပိုက်ကာ ဖွဖွလေး ထိတို့ကစားနေ၏။ ကြယ်တချို့၏ ဖျိုးခနဲ၊ ဖျပ်ခနဲ အလင်းကို သူ အားမလို အားမရဖြစ်နေမိသည်။

သူ့နားထဲကို ဖိုးခွားတို့စကားသံတွေက ရောက်လာလိုက်၊ ပျောက်သွားလိုက်. . .၊ ကောင်းကင်သည် ကြယ်ရောင်စုံနေသည်။ ဒီလိုညမျိုးကို ဒုက္ခသည်ဌေးလေး ဗင်းဆင့်ဗန်ဂိုးက ပန်းချီရေးခဲ့ဖူး သည်။ မိုးဆက်ကတော့ ငြိမ်ငြိမ်သက်သက်ပင် ညရှုခင်းကို ထိုင်ငေးနေမိ လေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

## အခန်း (၃)

Mr. Guitar သည် ခပ်မှောင်မှောင်ရာသီဥတုအောက်တွင် ဥရောပဆန်ဆန်ဖွာ အသက်ဝင်နေ၏။ တိတ်ဆိတ်နေသော အရသာရှိမှုက ညနေခင်းကို စိုးမိုးထား၏။ ဆိုင်အဝင်မှာ လမ်းညွှန်ဆိုင်းဘုတ်တွေ အများကြီးကိုလည်း တွေ့ရနိုင်သည်။ သူတို့နှစ်ယောက် ဒီဆိုင်ကို ရောက်နေတာ တစ်နာရီခန့် ရှိပြီဖြစ်သည်။

မိုးဆက်က ထိုင်ခုံမှာ ခပ်လျှောလျှောထိုင်ကာ စန္ဒီကို ငေးကြည့်နေ၏။ သူက သွယ်နှင့် ပတ်သက်ခဲ့သမျှ အားလုံးကို သူမအား ပြောပြခဲ့ပြီးပြီ။ အခုဆို သူတို့နှစ်ယောက်ကြားမှာ ရင်သန့်ပြီး ထွားလာသော အမှတ်တရ သစ်ပင်တွေက များလွန်းလှ၏။

"မိုးကသာ တခြားကောင်မလေးတစ်ယောက်နဲ့ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ တို့ကတော့ ဘာအပြောင်းအလဲမှ မရှိဘူး။ အရင်အတိုင်းပဲ"

စန္ဒီအသံသည် အနိမ့်အမြင့်၊ အတက်အကျ မရှိဘဲ ပုံမှန်သာ ဖြစ်သည်။ သူမစကားမှာ ဘာလောဘမှ မတွေ့ရသောအခါ ငြိမ်းချမ်းမှုသည် ပေါ်လွင်လာ၏။ စန္ဒီပင် ဒီလိုစိတ်ထားမျိုးနှင့် ရင့်ကျက်သော မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့ပြီ။

"ကျွန်တော်တို့ မတွေ့ဖြစ်ကြတဲ့ အချိန်တွေမှာ စန္ဒီကို ကမ်းလှမ်းလာတဲ့သူတွေရော"

"တို့ ငြင်းပစ်လိုက်တာပေါ့"

သူမက မာကျောစွာ ထိုသို့ဆိုသည်။

သူ ငြိမ်သက်စွာ စန္ဒီကို ကြည့်နေမိဆဲ။ သူမဆီမှ စကားသံတချို့ကို ဆက်ကြားရပါသည်။

"ဒါ. . . တို့ မိုးကိုမျှော်လင့်ပြီး သစ္စာကြီးပြီး စောင့်နေတာမျိုးတော့ မဟုတ်ဘူး"

"ဒါဖြင့်. . ."

"ကိုယ့်ကိုယ်ကိုယ် လေးစားသော အားဖြင့်ပေါ့။ တို့ဟာ ချစ်သူကို နိမ့်ပါးလို့၊ ဘဝအာမခံချက် မရှိလို့ စွန့်လွှတ်ခဲ့တယ်ဆိုတဲ့ ခပ်ညံ့ညံ့ မိန်းမတစ်ယောက် မဟုတ်ကြောင်း ပြဖို့ပေါ့။ အဲဒီကာလတွေမှာ တို့ ဘယ်လို ရပ်တည်ခဲ့သလဲဆိုတာ မိုး သိစေချင်လိုက်တာ"

မိုးဆက်မျက်ဝန်းထဲမှာ နူးညံ့စွာ စိုစွတ်သွား၏။ အရာရာအတွက် သူက ရူးသွပ်မိုက်မဲပစ်လိုက်ဖို့ အဆင်သင့် ဖြစ်နေခဲ့သည်။



"ဒါဆို စန္ဒီမှာ အခုထိ ချစ်သူ ထပ်မရှိသေးဘူးပေါ့နော်"

သူ့မေးခွန်းကြောင့် သူမက မထိတရိ ပြုံး၏။

"ပြီးခဲ့တဲ့ အပတ်ကအထိ မရှိပါဘူး"

ထိတ်ခနဲ မိုးဆက်ပျာသွားသည်။ သူမဟာ လူတစ်ဖက်သားကို အဲဒီလို နောက်ပြောင်တတ်သူ မဟုတ်ပေ။

"ဘယ်လို. . ."

"ဟုတ်တယ်. . . ပြီးခဲ့တဲ့အပတ်ကမှ တို့လူတစ်ယောက်ကို လက်ထပ်ဖို့ ကတိပေးခဲ့တယ်။ ပထမတော့ သူဟာ တို့အိမ်က သဘောတူတဲ့ လူပေါ့လေ။ နောက်တော့ တို့ကိုယ်တိုင် သူ့ရဲ့ စိတ်ကို သဘောကျသွားတာ၊ သူ့စိတ်ထားလေးက သိပ်ဖြူစင်တာပဲ မိုးရယ်၊ သိလား"

အကြည့်ချင်းဆုံတော့ လှိုင်းတစ်မျိုးကို သူမ မျက်လုံးတွေမှာ ခံစားရ၏။ စန္ဒီဟာ လူတစ်ယောက်ကို ဦးနှောက်ဖြင့် ရွေးချယ်ခဲ့သည်ဟု သူ မစွပ်စွဲရက်ပါ။ သူမဆီမှာ သူမသိနိုင်သော တခြား အကြောင်းအရာတွေ ရှိနိုင်သည်။ သူမဟုတ်သော ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းအတွက် မျှော်လင့်ချက် တချို့လည်း ရှိနိုင်သည်။

ဘာကိုမှ မသေချာ၊ မရေရာသော လူ့လောကကြီးတွင် စန္ဒီဆီမှ အချစ်ကို ခံစားရိပ်မိရုံဖြင့် သူ ကျေနပ် ရောင့်ရဲနိုင်လေသည်။

မိုးဆက် ခပ်ဖွဖွလေး ပြုံးမိ၏။ မေးခွန်းတစ်ခုလည်း မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"စန္ဒီ သူ့ကို ချစ်ဖို့လည်း လိုတယ် မဟုတ်လား"

"ဒီအတွက်လည်း စိတ်မပူပါနဲ့ မိုးရယ်. . . သူ့ကို စန္ဒီ ချစ်နိုင်ပါလိမ့်မယ်"

ငွေ့ငွေ့ကလေးမျှသာ ကျန်သော သံယောဇဉ် မီးခိုးမျှင်တွေက သူတို့နှစ်ယောက်ကြားမှာ လူးလွန့်နေဆဲ။

ကောင်းပြီ စန္ဒီ. . . မင်းဟာ အဲဒီလူကို ခိုင်မာစွာ ရွေးချယ်ထားခဲ့ပြီးပြီပေါ့။

အကြည့်တွေက သူတို့ကြားမှာ ခဏတော့ အားပြိုင်နေကြသေး၏။ ခံစားချက်များကို ဘာပဲဖြစ်ဖြစ် မသိချင်ယောင် ဆောင်နိုင်းထားတာ အကောင်းဆုံး ဖြစ်လိမ့်မည်။ စန္ဒီ သူ့ဆီမှ တစ်စုံတစ်ရာကို ရိပ်မိသိရှိသွားမှာ မိုးဆက် မလိုလားပါ။

အမှန်တရားဆိုတာ တစ်ခါတစ်ရံ လူတွေရဲ့ သုံးသပ်ချက်များ အောက်မှာ နေရာမရဘဲ ရှိတတ်ပါသည်။

ဘာပဲဖြစ်ဖြစ် သူ စန္ဒီရဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုရမည်။ ပြီးတော့ လေးစားစွာ လိုက်နာရမည်။

"အိုကေ. . . စန္ဒီ၊ ကျွန်တော် ကျေနပ်ပါတယ်"

သူမက သူ့ရဲ့ လူကြီးလူကောင်းဆန်သော အပြောအဆိုအတွက် အံ့သြသွားပါသည်။ မိုးဆက်ဟာ အရင်လို ဂျစ်ကန်ကန်ကောင်လေးတစ်ယောက် မဟုတ်တော့ဘဲ လူတွေနဲ့ ဆက်ဆံရေးမှာ



အောင်မြင်သူ တစ်ယောက် ဖြစ်နေခဲ့ပြီ။

ဘဝအတွက် အရေးတကြီး အချိန်တွေမှာ သူဟာ သိပ်ကို နုံးညံ့နေလွန်းသည်။ ဒီအချိန်မှာ သူမ တစ်ခုတော့ ဝမ်းနည်းမိသည်။ သူ့လို အနုပညာသမားတစ်ယောက်ကို သူမ ပါရမီဖြည့်ခွင့် မရတော့ခြင်း ဖြစ်ပါသည်။ သို့သော် ဒါကို နောင်တ မရအောင် သူမ ကြိုးစားမည်။

'အခန်းဆက်နှင်းဆီ'လို သီချင်းမျိုးကို သူ မိုးဆက်အတွက် လက်ဆောင်ပေးချင်ပါသေးသည်။ ဝေ့ခနဲတက်လာသော မျက်ရည်စများကို သူမ အမြန်သိမ်းဆည်းလိုက်၏။

"ပတ်သက်ခဲ့သမျှ အရာရာတိုင်းအတွက် မိုးကို ကျေးဇူးတင်ပါတယ်"

မိုးဆက်က ဝေရီစွာ ခေါင်းကို ညိတ်ပြ၏။ သူမက တစ်ဖက်သို့ မျက်နှာလွှဲရင်း မတ်တတ်ရပ်လိုက်ပါသည်။

"သွားတော့မလို့လား"

သူ့မေးခွန်းကြောင့် သူမက မကြည့်ဘဲ ခေါင်းညိတ်ကာ ဖြေ၏။ ပြီးတော့ သူမ ကျောခိုင်းထွက်ခွာလာခဲ့သည်။

စန္ဒီသည် သူ့ကိုထားရစ်ခဲ့ပြီ။ ရက်စက်သော ခြေသံတွေက တဖြည်းဖြည်း ဝေး၍ သွား၏။ အဖြေမရှိသော ပုစ္ဆာများအကြောင်း သူ သီချင်းရေးရဦးမည်။

ပထမတစ်ခါတုန်းကတော့ သူက ထားရစ်ခဲ့သူ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ သူက နေရစ်ခဲ့သူ။

ထိုညက သူ Mr. Guitar မှာ သီချင်းတွေ တက်ဆိုသည်။ အရက်တွေ မူးအောင် သောက်သည်။ နောက်ဆုံးတော့ ပရိသတ်ကောင်မလေးတစ်ယောက်၏ ကားဖြင့် ည (၁၂) နာရီကျော်မှ အိမ်ကို ပြန်ရောက်သည်။

မိုးဆက်သည် ထိုနည်းဖြင့် သူ့ရင်ထဲမှာ ဘာတစ်ခုမှ ရှိမနေအောင် ခါထုတ်ပစ်ခဲ့ပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၄)

တိတ်ဆိတ်လွန်းသော ပတ်ဝန်းကျင်သည် သူ့အတွေးများကို ပိုမို လွင့်ပျံ့စေလေသည်။ Studio ခြံဝင်းတစ်ဝိုက်သည် လူတွေမရှိလျှင် အေးချမ်းငြိမ်သက်ပြီး အဝေးမှ ငှက်အော်သံ လှလှပပလေးများကို ကြားရတတ်သည်။ မိုးဆက်က ဇော်ဝါဆွေးမြေ့နေသော ခံစားမှုတစ်ခုအကြောင်း စဉ်းစားနေ၏။

ခြံရှေ့မှာ ကားဟွန်းသံကြားရသဖြင့် သူ တစ်ချက် လှမ်းကြည့်လိုက်တော့ ကိုငြိမ်းချမ်း၏ ကား ဖြစ်နေတာ တွေ့ရပါသည်။ Studio မှ ကောင်လေးတစ်ယောက်က ခြံတံခါးကို ပြေးဖွင့်ပေး၏။ ကိုငြိမ်းချမ်း၏ ကားသည် ပေါ်တီကိုအောက်တွင် ရပ်သွားပြီး ကိုငြိမ်းချမ်း ဆင်းလာတာ တွေ့ရသည်။ အသံဖမ်းအင်ဂျင်နီယာ

www.burmeseclassic.com

www.burmeseclassic.com



သတိုးကျော်က ထွက်လာပြီး နှုတ်ဆက်ကာ နှစ်ယောက်သား Studio ထဲ ဝင်သွားကြသည်။

မိုးဆက် ထိုင်နေသော နေရာက သစ်ကိုင်းတချို့နှင့် ကွယ်နေသဖြင့် ရုတ်တရက်ဆို မမြင်ရ။ သူသည် ဘယ်သူနှင့်မှ စကားပြောချင်စိတ် သိပ်မရှိသဖြင့် ကိုငြိမ်းချမ်းကို ဒီမှာရှိကြောင်း အချက် မပေးဘဲ ထားလိုက်၏။

ခဏကြာတော့ သူတို့ ပြန်ထွက်လာပြီး ပေါ်တီကိုအောက်မှာ ကိုငြိမ်းချမ်းနှင့် သတိုးတို့က ဟိုဟိုသည်သည် ကြည့်ကာ မိုးဆက်ကို ရှာကြဟန် တူသည်။ နောက်တော့ ကိုငြိမ်းချမ်းက ကားပေါ် ပြန်တက်သွားပြီး အရှိန်ဖြင့် မောင်းထွက်သွား၏။ သူသည် ကိုငြိမ်းချမ်းကား၏ နောက်ပိုင်းမှ မီးခိုးငွေ့များကို ကြည့်ကာ သက်ပြင်းကို ဖွဖွချမိသည်။

ခြေသံကြား၍ လှည့်ကြည့်လိုက်တော့ သတိုးကျော်က သူ့ဆီ လာနေ၏။ အနားကို ရောက်လာတော့ မိုးဆက်က သတိုးကို မေးဆတ်ပြလိုက်ပါသည်။

"မိုးဆက်. . . ဒီနေရာမှာ ဘာထိုင်လုပ်နေတာလဲ။ ခင်ဗျား ဒီမှာရှိတယ်ဆိုလို့ ကိုငြိမ်းချမ်းက ခင်ဗျားအတွက် သူ့မင်္ဂလာဆောင် ဖိတ်စာ ပေးသွားတယ်၊ ကျွန်တော့်စားပွဲပေါ် တင်ထားတယ်"

သူ နည်းနည်းတော့ အံ့သြသွား၏။

"ကိုငြိမ်းချမ်းကလည်း မြန်လှချည်လား"



"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့တောင် ဘယ်လိုမှ ဆက်စပ်လို့ မရအောင် ဖြစ်နေတာ၊ သူက ကျိတ်လုပ်တာကိုး"

"ဟုတ်ပ၊ ကျွန်တော်တောင် သူနဲ့ ကောင်မလေးတစ်ယောက်ကို တွဲပြီး တွေ့တယ်လို့ ကြားရုံပဲ ရှိသေးတာ၊ သူက မင်္ဂလာဆောင်ဖိတ်စာတောင် ရောက်လာပြီ"

"ဟား. . ဟား. . . ဟား. . . ဟား"

သူတို့ ဘာရယ်လို့ မဟုတ်ဘဲ ရယ်လိုက်မိကြသည်။ ရယ်လို့ အားရသွားတော့ မိုးဆက်က သတိုးကို မေးလိုက်၏။

"မင်္ဂလာဆောင်က ဘယ် Church ချာ့ချ်မှာတဲ့လဲ။ ဘယ်နေ့လဲ"

"Church ချာ့ချ်မှာ မဟုတ်ဘူး။ ယုဇနဂါးဒင်းဟိုတယ်မှာ၊ ကြည့်ရတာ ကောင်မလေးဘက်က ဗုဒ္ဓဘာသာတွေ ဖြစ်မှာပေါ့။ နေ့က ရှေ့အပတ် တနင်္ဂနွေနေ့"

သူက 'ရှေ့အပတ် တနင်္ဂနွေ' ကို နှုတ်ခမ်းလှုပ်ရုံမျှ ရေရွတ်မိ၏။ ငှက်တစ်ကောင်သည် သူ့ရှေ့ရှိ သစ်ပင်ပေါ်မှ အဝေးဆီသို့ ရုတ်တရက် ပျံသန်းသွားသည်။ သူ့စိတ်ထဲက လေးလံမှုတစ်ခုသည် တငွေ့ငွေ့ ကျွမ်းလောင်နေလေ၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ညနက်လှပြီ။ မိုးဆက်က မြသန်းတင့်၏ 'မိုးလောင်မြေ' စာအုပ်ကို ဖတ်ကောင်းနေသည်။ သူ အခုတလော မြသန်းတင့်၏ ဘာသာပြန်စာအုပ်ဟောင်းတွေကို ဖတ်ရတာ အရသာ တွေ့နေ၏။ ဟိုတစ်ရက်၊ နှစ်ရက်လောက်တုန်းက 'ပါရီကျဆုံးခန်း'၊ ပြီးခဲ့တဲ့ အပတ်တုန်းက 'သုခမြို့တော်'၊ 'လေလွင့်သူ' အစရှိသဖြင့် သူ ဆက်တိုက်ဖတ်ဖြစ်ခဲ့သည်။ သူစာအုပ်ထဲမှာ စိတ်ဝင်စားနေဆဲ ဖုန်းမြည်လာ၏။

"ဟဲလို"

"မိုးဆက်လား"

"ဟုတ်ကဲ့. . . ."

"ကိုယ်ပါ၊ ငြိမ်းချမ်း"

"ဪ. . . ပြော ကိုငြိမ်းချမ်း"

"ဖိတ်စာပေးထားခဲ့တာ ရပြီလား"

"ရပြီ ကိုငြိမ်းချမ်း"

တကယ်က ဖိတ်စာကို သူ မတွေ့ရသေး။ Studio မှအပြန် သတိုးစားပွဲပေါ်မှ ယူဖို့ မေ့သွား၏။ ဒါပေမဲ့ သတိုးပြောပြသဖြင့် လာမယ့် တနင်္ဂနွေ ယုဇနဂါးဒင်းဟိုတယ်မှာ ဧည့်ခံပွဲလုပ်မယ်ဆိုတာ သူ သိပြီးသား။ ဒါကြောင့်လည်း ကိုငြိမ်းချမ်းကို ဖိတ်စာရပြီးပြီဟု အလွယ်ဖြေလိုက်မိသည်။

"မိုးဆက်. . . . အဲဒါ ကိုယ်အကူအညီတစ်ခုလောက် တောင်းချင်လို့. . ."



"ပြောလေ. . . ကူညီမှာပေါ့"

"တခြားဟုတ်ပါဘူး။ မင်္ဂလာဆောင်မှာ သီချင်းတစ်ပုဒ်လောက် ဆိုပေးဖို့ပါ"

"ဟာ. . . ဒါများကိုငြိမ်းချမ်းရာ ဆိုပေးမှာပေါ့"

"အိုကေဗျာ. . . . ကျေးဇူးပါပဲ၊ အဲဒါပြောချင်လို့ပါ"

"ရပါတယ်ဗျာ. . . အချင်းချင်းတွေပဲ။ ကျေးဇူးတွေ ဘာတွေ မလိုပါဘူး"

"အိုကေ အိုကေ. . . ဒါဆိုလည်း ဂွဒ်နိုက်ပါဗျာ"

"ဟုတ်ကဲ့. . . ကိုငြိမ်းချမ်း၊ ဂွဒ်နိုက်"

ကိုငြိမ်းချမ်းဆီမှ ဖုန်းချသွားတော့ သူ စာဆက်ဖတ် မရတော့။ ဝရန်တာဆီ သူထွက်လာခဲ့သည်။ အုန်းလက်များပေါ် ဖြာကျနေသည့် လရောင်တွေသည် ဂီတအပေါ် ရူးသွပ်ခဲ့သော လူငယ်တစ်ယောက်၏ ဘဝကို ပြန်လည် အမှတ်ရစေလေသည်။ သွယ်သည်လည်းကောင်း၊ စန္ဒီသည်လည်းကောင်း သူ့အတွက် အနက်ရှိုင်းဆုံး တောက်ပမှုတွေ ဖြစ်ခဲ့ပြီးပြီ။ အခုတော့ သူမတို့နှစ်ယောက်စလုံးသည် သူ့ကို ပုံစံတစ်မျိုးစီဖြင့် ထားရစ်ခဲ့ကြသည်။

သူသည် ဂစ်တာတစ်လုံးဖြင့် ဗိုက်ဆာနေတတ်သော အင်းလျားညတွေ၊ ကောင်မလေးအဆောင်များရှေ့မှာ တစ်ယောက်တစ်လှည့် သီချင်းဆိုရသော ညတွေကို လွမ်းနေမိသည်။

အခုချိန်ဆို သူ့လိုပဲ အနုပညာပေါ် ပြင်းထန်သော မိုက်

www.burmeseclassic.com

www.burmeseclassic.com



ကမ်း ရှုးသွပ်သော လူငယ်လေးတစ်ယောက်သည် မိုးဆက်ကိုယ်စား အင်းလျားပေါ်မှာ ဂစ်တာတီးကာ သံကုန်အော်ဟစ်နေပေလိမ့်မည်။

ထိုစဉ် ဂစ်တာသံတွေက လမ်းထိပ်ဆီမှ လွင့်ပျံ့လာ၏။ မိုးဆက်သည် ထိုဂစ်တာသံများဆီ အာရုံ စူးစိုက်ထားမိလိုက်သည်။ ချာတိတ်တွေက အုပ်စုဖွဲ့ကာ သီချင်းတွေ ဆိုနေကြသည်။ သူက ချာတိတ်တွေ၏ သီချင်းကို လိုက်ဆိုနေမိ၏။

ပန်းခရမ်းပြာ ပေဒါလေး ကမ်းစပ်နားမှာ ငြိတွယ်. . .

လမ်းတံတားဖြူနေရာလေး တေးသံလွှမ်းစေကွယ်

ငြိမ်းအေးရာ ဖွေရှာရင်း မိန်းမောငေးကာကြည့်နေ. . .

ပိန်းပိတ်အောင် မမှောင်ခင်လေး ဆည်းဆာအလှဖြာဝေ

သူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိသွားသည်။ ညသည် လရောင်နှင့် မာကျူရီမီးများသာ မရှိလျှင် ပိန်းပိတ်အောင် မှောင်နေမှာ သေချာပါသည်။ ထိုချာတိတ်တွေထဲမှ တစ်ယောက်သည် တစ်ချိန်ချိန်မှာ မိုးဆက်လို နိုင်ငံကျော် အဆိုတော်တစ်ယောက် ဖြစ်မလာဘူးဟု ဘယ်သူ ပြောနိုင်ပါမည်နည်း။

လူငယ်တစ်ယောက်၏ မျှော်လင့်ချက်နှင့် ယုံကြည်မှုသည် ကြောက်စရာကောင်းမှန်း သူ သိထားပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၅)

တနင်္ဂနွေ. . .

ဒီနေ့ တနင်္ဂနွေသည် တခြားသော ပျင်းရိဖွယ် တနင်္ဂနွေများ ကဲ့သို့ပင် တွန့်လိန်ကွေးကောက်နေ၏။ မိုးဆက်က အိပ်ရာထဲမှာ တစ်ချက် သမ်းဝေလိုက်သည်။ သူ့အာရုံတွေက လေ့ကျင့်မှုတစ်ခုလို ဒီနေ့ ဘာလုပ်စရာရှိလဲဟု စဉ်းစားမိ၏။ ရုတ်တရက် ကိုငြိမ်းချမ်း၏ မင်္ဂလာဆောင်သွားဖို့ သူ သတိရသွားသည်။ နာရီကို ကြည့်လိုက်တော့ (၁၀) နာရီထိုးတော့မည်။ သူ အမြန်ထ ရေချိုးအဝတ်လဲ၊ သူက မင်္ဂလာ အခမ်းအနားမှာ သီချင်းဆိုရမှာ။ ဖိုးခွားတို့၊ ကိုသက်အောင် တို့ တစ်ယောက်မှ မရှိကြ။ ကိုယ့်အစီအစဉ်နှင့် ကိုယ် သွားနှင့်ကြပြီ ထင်သည်။ ကိုအောင်သူကလည်း သူ့အမေ အသည်းအသန်ဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



နယ်ပြန်သွား၏။ သူ ကားကို ကိုယ်တိုင် မောင်းလာခဲ့ရသည်။

မင်္ဂလာခန်းမရှိရာ ယုဇနဂါးဒင်းဟိုတယ်ရှေ့တွင် ကားတွေ ပြွတ်သိပ်နေကြသည်။ မိုးဆက်ကားသည် ပိတ်မိနေ၏။ မင်္ဂလာ အစီအစဉ်က စတင်နေပြီ။ တစ်စုံတစ်ရာသော စိတ်ဖြင့် သူ့ရင်တွေ ခုန်နေလေသည်။ ရှေ့က ပိတ်နေသော ကားတွေကြောင့် သူ စိတ်မရှည်စွာ ဟွန်းတီးပစ်လိုက်သည်။ ဟွန်းမတီးရနေရာမှာ ဟွန်းတွေတီးနေသဖြင့် ဘေးမှ လူတွေက ဝိုင်းကြည့်ကြသည်။ သူ့ကို အဆိုတော် မိုးဆက်မှန်း မှတ်မိသွားကြသောအခါ လက်တို့ပြီး သူတို့ တီးတိုးစကား ဆိုကြသည်။

သူ ဒါတွေကို ဂရုမစိုက်အား။ နေရာလွတ်လေး နည်းနည်း ရတော့ သူ ကားကို Parking ထိုးလိုက်၏။ ပြီးတော့ မင်္ဂလာခန်းမ ဆီသို့ အပြေးတစ်ပိုင်းနှင့် သူ ထွက်လာခဲ့သည်။ ခန်းမရှေ့မှာ ဧည့်ခံကြိုဆိုသူ ကောင်မလေးများက မိုးဆက်ကို မြင်တော့ အဆိုတော် တွေအတွက် သတ်မှတ်ထားသော နေရာကို လမ်းပြကြ၏။

ရုတ်တရက် သူ့မျက်လုံးတွေက သတို့သားနာမည်နှင့် သတို့သမီးနာမည် ရေးထားသော ဘုတ်ပြားဆီ အကြည့်ရောက်၏။

**မောင်ငြိမ်းချမ်းနှင့် မစန္ဒီ**

**တို့၏**

**မင်္ဂလာဧည့်ခံပွဲ**

အိုး. . . . သူ့မျက်လုံးတွေ ပြာသွားပါသည်။ နာမည်တူ



တာပဲ ဖြစ်မှာပါဟု စဉ်းစားမိအဲ အကြည့်က စုံတွဲရိုက်ထားသော ခေတ်ပုံဘုတ်ဆီ ရောက်သွား၏။ စန္ဒီ. . .၊ ဒါကတော့ ဘယ်လိုမှ မှားနိုင်စရာ မရှိတော့။ သူမသည် ကိုငြိမ်းချမ်း၏ ရင်ခွင်ကို ကြည်နူးစွာ မှီထားသည်။

ဘုရား. . . ဘုရား၊ ဒါ တိုက်ဆိုင်မှုပဲ ဖြစ်ပါစေ။

အရာရာသည် သူ့ခေါင်းပေါ်သို့ လေးလံစွာ ပိကျလာ၏။ ကံကြမ္မာသည် ဒီလိုပဲ ဖြစ်တတ်သည့် သဘာဝရှိပါသည်။

ထိုစဉ် ကိုငြိမ်းချမ်းနှင့် စန္ဒီသည် တခြားဧည့်သည်တွေကို လိုက်လံဧည့်ခံနေရာမှ သူ့နားကို ရောက်လာ၏။ အကြည့်ချင်းဆုံတော့ စန္ဒီမျက်လုံးထောင့်စွန်းမှာ အနည်းငယ် တွန့်သွား၏။

"ဒါ ကိုယ့်အမျိုးသမီး စန္ဒီတဲ့။ စန္ဒီ ဒါက မိုးဆက်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ပါ"

ကိုငြိမ်းချမ်းက ပြောသည်။

"မိုးဆက်ရာ၊ ကိုယ့်မှာ စောစောတုန်းက မတွေ့လို့ ဘာများ ဖြစ်သလဲလို့ စိတ်ပူလိုက်ရတာ၊ ဟိုမှာ ဖိုးခွားတို့ ရှိတယ်"

"ကျွန်တော်က အိပ်ရာထ နောက်ကျတာရော၊ လမ်းတွေ ပိတ်နေတာရော နှစ်ခုပေါင်း သွားတာဗျ"

သူက အသံကို ထိန်းပြောရင်း စန္ဒီကို မကြည့်မိအောင် ကြိုးစားပါသည်။ ဒါပေမဲ့ မအောင်မြင်ဘဲ ဖျတ်ခနဲ တစ်ချက်ဆုံသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပင် သံယောဇဉ်အငွေ့အသက်တွေကို သူ ခံစားရသည်။ နောက်တစ်ခု သူမ၏ အံ့ညြရိပ်များ. . . စန္ဒီဟာ ကိုငြိမ်းချမ်းနှင့် သူ၏ ပတ်သက်မှုကို ကြိုမသိခဲ့တာ သိပ်သေချာပါသည်။

ဖိုးခွားက သူ့ကို လှမ်းတွေ့သဖြင့် ထလာတာ မြင်ရ၏။

"လာ. . မိုးဆက်၊ မင်းသီချင်းဆိုဖို့ နီးနေပြီ"

ထိုစကားကို ကြားတော့ စန္ဒီလှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ သူမက မိုးဆက်ကို စူးခနဲ စိုက်ကြည့်လိုက်ပါသည်။

"မိုး. . . ဩော် ဆောရီး၊ ကိုမိုးဆက်"

"ပြောပါ"

"သီချင်းဆိုမယ်ဆို အခန်းဆက်နှင်းဆီ ဆိုပေးပါ"

အို စန္ဒီဟာ ဒီအချိန်အထိ မိုးဆက်ဟာ သူမအပေါ် စွဲလမ်းခဲ့ဖူးတယ်တာ အမှတ်ရဆဲပါလား။ ဒါသာ သူမဆန္ဒဆို သူ လိုက်လျောပေးရမှာပေါ့။

"ဆိုပေးမှာပေါ့"

"ကျေးဇူးတင်ပါတယ်"

သူမ၏စကားသံသည် အဆုံး၌ အဖျားခတ် တုန်ခါသွားတာ သူ သတိထားမိလိုက်ပါသည်။ သို့သော် ဘာကိုမှ သတိမထားမိသူ တစ်ယောက်လို လှည့်ထွက်လာခဲ့သည်။ ဟိုရောက်တော့ ဖိုးခွား၏ ရင်ဘတ်မှာ ချိတ်ထားသော ဇီးရောင်ရောင် မျက်မှန်ကို သူ ခပ်တည်တည် ယူတပ်ထားလိုက်သည်။ သူ့မျက်ဝန်းတွေဆီမှာ ဆွေး



ရိပ်သမ်းနေသော မျက်ရည်စများကို တစ်စုံတစ်ယောက်က ရိပ်မိသွားမှာ သူ မလိုလားပါ။ သူက ဒီအခြေအနေမျိုးမှာဟန်ဆောင်ကောင်းသူ တစ်ယောက် ဖြစ်ချင်ပါသည်။ သူမ၏ သတို့သမီးဝတ်စုံပေါ်မှ နှင်းဆီအနီလေးတစ်ပွင့်က သူ့ကို သွေးဆူလာစေလေသည်။

တီးဝိုင်းက အခန်းဆက်နှင်းဆီရဲ့ Intro ကို စတီးနေပြီ။ သူ စင်မြင့်ပေါ်သို့ တက်သွားလိုက်ပါသည်။ လူတွေ အများကြီး၏ အကြည့်များကို ရင်ဆိုင်ရင်း သီချင်းဆိုဖို့ အာရုံတစ်ခုထဲသာ သူ စုစည်းထားလိုက်၏။

ရန့်တွေ လေထဲမှာ. . . တုန်ခါနေပြီ. . .
အတွေးတွေ. . . မုန်တိုင်းလို ပြင်းထန်နေ. . .
မင်းနှုတ်ခမ်းဟာ. . . အတောင်ပံတွေအဖြစ် ငှါရင်ထဲ
အခန်းဆက်နှင်းဆီ. . .
အလွမ်းရဲ့ ကျိန်စာမှာ. . .
မဝေးဘူးဆိုတဲ့ မင်းရဲ့စကားတွေ. . .
ငါ့နားထဲမှာ စိုးမိုးထားဆဲ. . .
အိပ်မက်လို နှင်းဆီရန့်တွေနဲ့. . .
တိတ်ဆိတ်စွာ အသက်ရှင်နေထိုင်ခြင်းများ
အခန်းဆက်လိုက်. . . .
အခန်းဆက်နှင်းဆီ. . . .

သူသည် ခံစားမှုများကို မေ့ထားပြီး သီချင်းကို အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ပုံစံဖြစ်အောင် ကြိုးစားဆိုပါသည်။ သို့သော် သူ မအောင်မြင်ပါ။ မိုးဆက် မျက်ရည်တွေ ဝဲလာ၏။ ဒါပေမဲ့ မျက်မှန်အောက်က မျက်လုံးတွေအကြောင်း သူမက ပါးနပ်စွာ သိရှိရိပ်မိနေနှင့်လေသည်။

မိုးဆက်. . . စိတ်ကို ထိန်းထားစမ်း။

မင်း ဒီလောက် မညံ့ရဘူးလေ။

ကိုယ့်ကိုယ်ကိုယ် အားတင်းရင်း သူ သီချင်းကို ပြီးအောင် ဆိုရသည်။ သီချင်းပြီးသွားတော့ ဒီနေရာမှာ ဆက်နေဖို့ သူ ဘယ်လိုမှ ခံနိုင်ရည် မရှိ။ မိုးဆက်သည် မင်္ဂလာခန်းမထဲမှ ဘယ်သူ့ကိုမှ နှုတ် မဆက်ဘဲ ထွက်လာခဲ့သည်။ သူ့ခြေလှမ်းများနှင့် နောက်ကျောကို လူတွေ ဝိုင်းကြည့်နေလိမ့်မည်ဆိုတာ မိုးဆက် သိပါသည်။ သူ မျက်မှန်ကို ချွတ်ပစ်လိုက်၏။

ကောင်းကင်တွင် မိုးသားတွေက ညှို့မှိုင်းနေ၏။

သူ ကားကိုပင် မယူတော့ဘဲ ဟိုတယ်ဝင်းထဲမှ ဒီအတိုင်း လမ်းလျှောက်ထွက်လာခဲ့၏။ မိုးစက်များက ခပ်ဖွဲဖွဲကျလာသည်။ သူ့မျက်ရည်တွေသည် မိုးရေများနှင့် ရောထွေးသွားသည်။ သူ အသိမဲ့စွာ ခြေဦးတည့်ရာ သွားနေမိသည်။ ခဏကြာတော့ မိုးက ပိုမိုသည်းထန်စွာ ရွာသွန်းလာ၏။ တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲစိုနေပြီး သူ့စိတ်တွေက ဖြည်းဖြည်းချင်း ပေါ့ပါးစ ပြုလာပြီ။ သူ့အတွက် ဒဏ်ရာများသည် လည်းကောင်း၊ မေမေသည် လည်းကောင်း၊ အောင်မြင်ကျော်ကြားမှုသည် လည်းကောင်း၊ ကျင်းပရစ်ခဲ့သော မင်္ဂလာပွဲသည် လည်းကောင်း. . . . သိပ်အရေးမကြီးတော့ပေ။



ဘာအကြောင်းမှ မရှိသော်လည်း သူ နှစ်ခြိုက်စွာ ပြုံးရယ်လိုက်မိသည်။ ကားပေါ်မှ လူတချို့က မိုးဆက်ကို လည်ပြန်ငေးကြည့်သွားကြသည်။ ဖိတ်စင်ခဲ့သော အခြေအနေတွေအတွက် သူ့မှာ သတ္တိရှိဖို့ လိုအပ်ပါသည်။

မိုးက ထုနှင့်ထည်နှင့် ရွာနေရာမှ အနည်းငယ် စဲသွား၏။ လမ်းလျှောက်နေသော သူ့ခြေလှမ်းများ ရပ်တန့်သွားသည်။ လေထဲတွင် မိုးနှင့်ရောထားသော နှင်းဆီရနံ့တွေက ဝေ့ပါလာကြလေသည်။ ။

လေးစားစွာဖြင့် -

ဝေမှုးသွင်

www.burmeseclassic.com